mgyoe.com

SAMPLE BOOK



# SALVATION OF A SAINT

KEIGO HIGASHINO


# ကယ်မတော်မူသော

ဖြိုးကျော်

မြန်မာပြန်

mgyoe.com

SAMPLE BOOK



# SALVATION OF A SAINT

KEIGO HIGASHINO

# ကယ်မတော်မူသော

ဖြိုးကျော်
မြန်မာပြန်



ISBN 978-99986-52-61-3
9 789998 652613 >
K0539

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - နိုဝင်ဘာလ၊ ၂၀၂၄ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၈၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်း ပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - ဦးမြင့်ခိုင်၊ ထွန်းသစ္စာ ပုံနှိပ်တိုက် (၀၀၀၃၈)
အမှတ်-၁၉ (စီ)၊ ၅၅-လမ်း(လယ်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- တင်ထွဏ်း
တန်ဖိုး - ၁၉၈၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# Salvation of A Saint

by

Keigo Higashino



# ကယ်မတော်မူသော

ဖြိုးကျော်

mgyoe.com

mgyoe.com SAMPLE BOOK

အဓိက ဇာတ်ဆောင်များ၏ အမည်များ

- မာရှိဘ ယိုရှိတာကာ - အသတ်ခံရသူ
- မာရှိဘ အာယနဲ (မီတာ အာယနဲ) - အသတ်ခံရသူ၏ ဇနီး
- ဝါကာယာမာ ဟိရောမိ - အသတ်ခံရသူ၏ ချစ်သူ

- အီကာအိ တတ်ဆုဟီကို - မာရှိဘ၏ သူငယ်ချင်း
- အီကာအိ ယူကီကို - အီကာအိ၏ ဇနီး

- မီတာ တာဇူဟီရို - အာယနဲ၏ ဖခင်
- မီတာ တိုကီကို - အာယနဲ၏ မိခင်
- မိုတိုအိုကာ ဆာကီကို - အာယနဲ၏ သူငယ်ချင်း

- ကျူကူအိ ဌွန်ကို - အသတ်ခံရသူ၏ ရည်းစားဟောင်း
- ကျူကူအိ ယိုကို - ဌွန်ကို၏ မိခင်

- ထောက် (၁) မှ ရဲအရာရှိများ
  - မာမီယာ
  - ကုစာနာဂိ
  - ကိရှိတာနိ
  - ဥကျူမိ

- ယုကာဝါ မနာဘု - ရူပဗေဒပါမောက္ခ

mgyoe.com

mgyoe.com SAMPLE BOOK

( ၁ )

ပန်းအိုးထဲမှ ပေါင်ဒါပန်းပင်တွင် အပွင့်သေးသေးကလေးများ ဝေဝေဆာဆာ ဖူးပွင့်နေကြသည်။ ခြောက်သွေ့နေသော မြေစိုင်မြေခဲတို့သည် ပွင့်ဖတ်ပွင့်ချပ်တို့၏ ရွှန်းစိုတောက်ပမှုကို မှေးမှိန်ညှိုးငယ်သွားအောင် ပြုလုပ်နိုင်စွမ်း မရှိကြပေ။ ပန်းပွင့်ကလေးများ၏ အဆင်းသဏ္ဌာန်မှာ များစွာ ကြည့်ကောင်းလှသည်တော့ မဟုတ်။ သို့သော် ရှုမြင်ရသူ၏ ဟဒယတွင် ဘဝ၏ အားမာန်ကို အပြည့်အဝ ခံစားရစေသည်။ အာယနဲသည် မှန်ပြတင်းမှ ဖြတ်၍ ဝရန်တာကို ငေးစိုက်ကြည့်ရင်း စဉ်းစားနေသည်။ ခဏနေလျှင် ပန်းပင်များကို ရေလောင်းပေးမှ ဖြစ်တော့မည်။

“နင် ငါပြောတာ ကြားကော ကြားရဲ့လား”

သူ၏ အနောက်မှ စကားသံတစ်သံ ထွက်ပေါ်လာသည်။

အာယနဲက နောက်ပြန်လှည့်ကာ စိတ်မပါ့တပါ ပြုံးပြလိုက်သည်။

“ကြားတာပေါ့၊ ဘာဖြစ်လို့ မကြားရမှာလဲ”

“ကြားတယ်လို့လဲ ပြောသေးတယ်၊ ဘာဖြစ်လို့ ငြိမ်နေတာလဲ”

ဆိုဖာထိုင်ခုံတွင် ပျင်းရိပျင်းတွဲ ထိုင်နေသော ယိုရှီတာကာသည် ခြေထောက်ကို ဘယ်ညာ ပြောင်းချိတ်လိုက်သည်။ အသားကပ်ဘောင်းဘီကို ဝတ်ရမည့်အရွယ် မဟုတ်တော့သော်လည်း သူသည် ဂျင်မ်တွင် အားကစားလုပ်သည့် အခါတိုင်း၌ သူ၏ ခါးအောက်ပိုင်းကို အထူးသတိထားကာ မလိုအပ်သည့် အဆီပိုများ မထွက်စေရန် အထူးအားပြုပြီး လေ့ကျင့်လေ့ ရှိသည်။

mgyoe.com

mgyoe.com

"စောစောက စိတ် နည်းနည်းလွင့်သွားလို့ပါ"

"စိတ်လွင့်တယ်... နင် ဘယ်တုန်းက အဲဒီလို ငိုင်နေဖူးလို့လဲ"

ယိုရှီတာကာသည် သပ်သပ်ရပ်ရပ် ဖြတ်ညှပ် သုတ်သင်ထားသော မျက်ခုံးမွေးကို ချီပင့်လိုက်သည်။

"မောင့်စကားကြောင့် ရင်ထဲ ထိတ်သွားလို့လေ"

"ဟုတ်လား၊ နင်က ငါ့ရဲ့ ဘဝခံ့ယူချက်ကို ကောင်းကောင်းကြီး နားလည်ပြီးသားပဲဟာ"

"အဲဒါလား၊ နားလည်တယ်လို့တော့ ပြောလို့ရမယ် ထင်တယ်"

"ဘာကို ဆိုလိုချင်တာလဲ"

ယိုရှီတာကာသည် ကျောကို နောက်သို့ မှီချလိုက်ကာ လက်နှစ်ဖက်ကို ဆိုဖာနောက်မှီပေါ်တွင် ဆန့်တန်းထားပြီး ဘာမျှ အရေးမကြီးသယောင် ပြုမူနေသည်။ ဤသို့ ပြုမူနေခြင်းမှာ ဟန်ဆောင်နေခြင်းလော။ သို့တည်းမဟုတ် သူ၏ စိတ်ထဲတွင် အမှန်တကယ် တည်ငြိမ်အေးဆေး နေသောကြောင့်ပေလော။ အာယနဲက မှန်းဆကြည့်နေမိသည်။

သူသည် ဝင်သက်ကို အားရပါးရ ရှူသွင်းကာ ယိုရှီတာကာ၏ ခန့်ညားသော မျက်နှာသွင်ပြင်ကို စိုက်ကြည့်လိုက်သည်။

"အဲဒါက မောင့်အတွက် ဒီလောက်တောင်ပဲ အရေးပါနေတာလား"

သူက မေးလိုက်သည်။

"ဘာကို မေးတာလဲ"

"ကလေးရဖို့ ကိစ္စပေါ့"

ယိုရှီတာကာသည် မဲ့ပြုံးပြုံးကာ အခြားတစ်နေရာသို့ ခေတ္တမျှ ငေးစိုက်ကြည့်ပြီးနောက် အကြည့်ကို အာယနဲ့ထံသို့ ရုတ်ခြည်း ပြောင်းရွှေ့လိုက်သည်။

"စောစောတုန်းက ငါပြောတာကို နင် တကယ် ကြားကော ကြားရဲ့လား"

"ကြားလို့ပဲ မောင့်ကို ပြန်မေးနေတာပေါ့"

အာယနဲက ယိုရှီတာကာကို ငေးစိုက်ကြည့်နေသည်။

ယိုရှီတာကာ၏ နှုတ်ခမ်းများပေါ်မှ အပြုံးများ လုံးဝ ပျောက်ကွယ်သွားပြီး သူ၏ ဦးခေါင်းကို ဖြည်းလေးစွာ ညိတ်ချလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"သိပ် အရေးကြီးတာပေါ့၊ တော်တော်ကြီးကို အရေးကြီးတယ်။ အဲဒါက ငါ့ဘဝအတွက် မရှိမဖြစ်တဲ့ ကိစ္စတစ်ခုပဲ။ တကယ်လို့သာ သားသမီး မရှိရင် အိမ်ထောင်ပြုခြင်းရဲ့ တကယ့်အနှစ်သာရကို ဆုံးရှုံးလိုက်ရသလို ဖြစ်သွားလိမ့်မယ်။ ယောကျ်ားနဲ့ မိန်းမအကြားမှာ ရှိတဲ့ ချစ်ခြင်းမေတ္တာ ဆိုတာကလဲ အချိန်ကာလ ကြာညောင်းလာတာနဲ့အမျှ တဖြည်းဖြည်း လွင့်ပြယ်သွားတော့မှာပဲ။ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်က အိမ်ထောင်ပြုပြီးတာနဲ့ အရင်ဆုံး လင်ရယ် မယားရယ်လို့ ဖြစ်လာကြတယ်။ အဲဒီနောက် သားသမီး ပွားစီးပြီး မိခင်၊ ဖခင်တွေ ဖြစ်လာကြတယ်။ အဲဒီအဆင့်အထိ ရောက်မှသာလျှင် တစ်ဘဝတာလုံး ပေါင်းဖော်နိုင်တဲ့ အဖော်မွန်ကောင်းလို့ သတ်မှတ်နိုင်တာ။ နင်ကော အဲဒီလို မယူဆဘူးလား"

"အိမ်ထောင်ရေး ဆိုတာ အဲဒီလောက်တင် ဘယ်ကမလဲ"

ယိုရှီတာကာက ခေါင်းကို ခါယမ်းလိုက်သည်။

"ငါကတော့ အဲဒီလို ယူဆတာပဲ။ အဲဒီလို အခိုင်အမာ ယုံကြည်ထားရုံတင် မကဘူး၊ ငါ့ရဲ့ ခံယူချက်ကို ဘယ်လိုနည်းနဲ့မှ ပြောင်းလဲ မပစ်နိုင်ဘူး။ ခံယူချက်ကို ပြောင်းမပစ်နိုင်ဘူး ဆိုမှတော့ အခုလို ဘာအသီးအပွင့်မှ မရှိတဲ့ ဘဝမျိုးကို ဆက်ပြီး သည်းခံသွားဖို့ မဖြစ်နိုင်တော့ဘူး"

အာယနဲသည် ခေါင်းကိုက်လာသောကြောင့် နားထင်ကို နှိပ်နယ်နေသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဤသို့သော စကားမျိုးကို ကြားလာရလိမ့်မည်ဟု သူ အိပ်မက်ပင် မမက်ခဲ့ဖူးပေ။

"မောင် စကားကို ဝေ့လည်ကြောင်ပတ် ပြောမနေစမ်းပါနဲ့။ ကလေး မမွေးနိုင်တဲ့ မိန်းမက ဘာသောက်သုံးကျဦးမလဲလို့ ပြောချင်တာ မဟုတ်လား။ ဒါကြောင့် ခပ်မြန်မြန် ကန်ထုတ်ပစ်လိုက်ပြီး ကလေးမွေးပေးနိုင်မယ့် နောက်မိန်းမတစ်ယောက်ကို ပြောင်းယူလိုက်မယ်။ မောင် အဲဒီလို ပြောချင်တာ မဟုတ်လား"

"နင့်စကားက နားဝင်ပီယံ မရှိလိုက်တာ"

"အဓိပ္ပာယ်ကတော့ အဲဒီလိုပဲ မဟုတ်ဘူးလား"

အာယနဲ၏ လေသံက မာထန်လာသောကြောင့် ဖြစ်မည်။ ယိုရှီတာကာသည် ခါးကို မတ်မတ်ဆန့်ထားကာ မျက်မှောင်များကို ပူးကပ်မတတ် ကျုံ့ယုံ့ထားသည်။ ထို့နောက် သောကရိပ် လွှမ်းနေသော အကြည့်ဖြင့် ခေါင်းညိတ်နေသည်။

mgyoe.com

"နင် ပြောချင်သလိုသာ ပြောပေတော့၊ ငါက ငါ့ရဲ့ ဘဝခံယူချက်ကို ဘယ်တုန်း ဘယ်အခါကမှ ပြင်တတ်တဲ့ လူစားမျိုး မဟုတ်ဘူး။ အဲဒါကို အကောင်အထည် ဖော်နိုင်ဖို့အတွက် ဘာကိုမှ ဂရုစိုက်မနေနိုင်ဘူး"

အာယနဲ၏ နှုတ်ခမ်းများ အထက်သို့ ကွေးညွတ်သွားသည်။ သူ၏ ဦးနှောက်ထဲတွင် ပြုံးချင်ရယ်ချင်စိတ် စိုးစိမ့်မျှ မရှိသည်မှာ သေချာလှသည်။

"ဘဝခံယူချက်... ဟုတ်လား၊ မောင်က အဲဒီစကားလုံးကို အတော် သုံးတာပဲနော်။ မှတ်မိပါသေးတယ်၊ ကျွန်မတို့ စခင်ခါစက မောင် ပြောခဲ့တဲ့ ပထမဆုံး စကားကလဲ အဲဒီ ဘဝခံယူချက်အကြောင်းပဲ"

"အာယနဲ၊ နင် ဘာလို့ အဲဒီလောက် ပေကတ်နေရတာလဲ။ နင် လိုချင်တာ မှန်သမျှကို အကုန်လုံး ရနေပြီပဲ မဟုတ်လား။ တကယ်လို့ နင့်မှာ တခြား တောင်းဆိုချင်တာ ရှိသေးတယ် ဆိုရင်လဲ ပြောကြည့်ပေါ့၊ ငါ တတ်နိုင်သလောက် အစွမ်းကုန် လုပ်ပေးပါ့မယ်။ ဒီတော့ ကတ်တတ်တတ် လုပ်မနေစမ်းနဲ့ဟာ။ နင် ရှေ့ဆက်လျှောက်ရမယ့် လမ်းကို စဉ်းစားဆုံးဖြတ်ဖို့ အချိန်တန်ပြီ၊ ငါတို့မှာ တခြား ရွေးချယ်စရာကော ရှိနေသေးလို့လား"

အာယနဲသည် သူနှင့် မျက်နှာချင်း မဆိုင်တော့ဘဲ အကြည့်ကို နံရံဘက်သို့ လွှဲထားလိုက်သည်။ နံရံပေါ်တွင် တစ်မီတာအကျယ် ရှိသော ပန်းထိုးပန်းချီကားတစ်ချပ် ချိတ်ဆွဲထားသည်။ ထိုပန်းချီကားတစ်ချပ် ပြီးစီးရန်အတွက် သုံးလတိတိ အချိန်ပေးခဲ့ရသည်။ ၎င်းအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများကို အင်္ဂလန်မှ တိုက်ရိုက် မှာယူတင်သွင်းခဲ့ကြောင်း ပြန်လည် အမှတ်ရနေမိသည်။

ယိုရှီတာကာ မဆိုထားဘိ။ အာယနဲ ကိုယ်၌ပင် သားသမီးကို အရူးအမူး တောင့်တခဲ့ဖူးသည်။ သူသည် အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဆုတောင်းခဲ့ဖူးသည်။ လှုပ်ကုလားထိုင်ပေါ်တွင် ထိုင်လျက် တစ်နေ့တခြား ဖောင်းပြည့်လာမည့် ဝမ်းဗိုက်ကို တယုတယ ပွတ်သပ်ကာ စပ်ထည်ကို သီချုပ်နေမည့် မိမိ၏ ပုံပန်းသဏ္ဌာန်ကို အကြိမ်ကြိမ် စိတ်ကူးယဉ်ခဲ့ဖူးသည်။

သို့သော် ကံမကောင်း အကြောင်းမလှသဖြင့် သူ၏ စိတ်ဆန္ဒမှာ လုံးဝ အကောင်အထည် ပေါ်မလာခဲ့ပေ။ နောက်ပိုင်းတွင် သူသည် မိမိ၏ ကံကြမ္မာကို တည်တည်ငြိမ်ငြိမ်ဖြင့် လက်ခံနိုင်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူ့အနေ

mgyoe.com

mgyoe.com

ဖြင့် သားသမီး မွေးမပေးနိုင်သော်လည်း ယိုရှိတာကာသည် သူ့ကို ချစ်မြဲ ချစ်ကာ ဆက်လက်၍ ပေါင်းသင်းနေထိုင်သွားလိမ့်မည်ဟု အခိုင်အမာ ယုံကြည်ထားသောကြောင့်ပင်။

“ကျွန်မ မောင့်ကို မေးခွန်းတစ်ခု မေးလို့ ရမလား။ ဒီမေးခွန်းက မောင့်အတွက်တော့ ဘာမှ အရေးပါလိမ့်မယ် မထင်ဘူး”

“ဘာလဲ”

အာယနဲသည် ကိုယ်ကို လှည့်ကာ သူနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ ထို့နောက် သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။

“ကျွန်မအပေါ်မှာ မောင် ထားခဲ့တဲ့ အချစ်တွေကကော… မောင် ကျွန်မကို ချစ်ကော ချစ်ရဲ့လား”

မထင်မှတ်ထားသော မေးခွန်းကြောင့် ယိုရှိတာကာသည် ဇက်ပုကာ ကြက်သေသေသွားသည်။ တစ်ခဏအကြာတွင်မှ သူ၏ နှုတ်ခမ်းပေါ်၌ အပြုံးများ ပြန်လည် ဝေဆာလာသည်။

“ချစ်တာပေါ့၊ ဒါတော့ ငါ ရဲရဲကြီး အာမခံနိုင်တယ်။ နင့်အပေါ်မှာ ချစ်ခဲ့တဲ့ အချစ်တွေက တစိုးတစိမှ ပြောင်းလဲမသွားဘူး”

ယိုရှိတာကာ၏ စကားသည် အာယနဲ၏ နားထဲတွင် ပြက်လုံး တစ်ခု နှယ် ရယ်စရာကောင်းနေသည်။ သို့သော် သူသည် နှုတ်ခမ်းကို တွန့်ရုံမျှ ပြုံးပြလိုက်သည်။ ထို့ထက် သူ ဘာမျှ မတတ်နိုင်။

“ဒါဆိုလဲ ပြီးရော”

“သွားစို့”

ယိုရှိတာကာသည် တစ်ဘက်သို့ လှည့်ကာ အခန်းဆီသို့ လျှောက်သွားသည်။

အာယနဲသည် သူ၏ အနောက်မှ ကပ်လိုက်လာပြီး မျက်လုံးများက မှန်တင်ခုံ ရှိရာသို့ စူးစိုက်ကြည့်နေမိသည်။ မှန်တင်ခုံ၏ ညာဘက် အောက်ဆုံး အံဆွဲထဲ၌ ဝှက်ထားခဲ့သော အဖြူရောင် ဆေးမှုန့်များကို သူ အမှတ်ရသွားသည်။ ၎င်းဆေးမှုန့်များကို ပလတ်စတစ်အိတ်ထဲတွင် လေလုံအောင် ထည့်သိမ်းထားသည်။

အဲဒီဆေးမှုန့်တွေကို အားကိုးရတော့မှာပဲ။ သူ တွေးနေမိသည်။ သူ၏ အနာဂတ် မျှော်လင့်ချက်မှာ မှေးမှိန် ဖျော့တော့နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အာယနဲ့သည် ယိုရှီတာကာ၏ ကျောပြင်ကို ငေးစိုက်ကြည့်ရင်း စိတ်ထဲမှ တိုးတိုးတိတ်တိတ် ရေရွတ်နေမိသည်။

*မောင်... ကျွန်မ မောင့်ကို ရင်ထဲ အသည်းထဲက ချစ်ခဲ့တာပါ။ စောစောက ပြောခဲ့တဲ့ မောင့်ရဲ့စကားကြောင့် အဲဒီလို ချစ်ခဲ့ဖူးတဲ့ ကျွန်မရဲ့ အသည်းနှလုံးလဲ အစချိုးကစပြီး လုံးဝကို သေသွားခဲ့ပြီ။ ဒီတော့ ဒီတစ်ခါ မောင့် အလှည့်ပဲ။*

●

mgyoe.com

mgyoe.com SAMPLE BOOK

( ၂ )

အပေါ်ထပ်မှ ဆင်းလာကြသော မာရှိဘာဇနီးမောင်နှံကို တွေ့မြင်လိုက်ရသည်နှင့် ပြဿနာ တစ်စုံတစ်ရာ ရှိနေပြီ ဖြစ်ကြောင်းကို ဝါကာယာမာ ဟိရောမိ သတိထားလိုက်မိသည်။ သူတို့ နှစ်ဦးစလုံး၏ မျက်နှာပေါ်တွင် အပြုံးပန်းများ ပန်ဆင်ထားကြသည်။ သို့သော် ထိုအပြုံးများမှာ ဟန်ဆောင်သော အပြုံး၊ တမင်လုပ်ယူထားသော အပြုံးများသာ ဖြစ်ကြောင်း သိသာလွန်းနေသည်။ အထူးသဖြင့် အာယနဲ့။ သူ၏ အပြုံးက အတင်း လုပ်ယူထားရသည့်နှယ်။ ဟိရောမိသည် ထိုအချက်ကို မသိချင်ယောင် ဆောင်နေလိုက်သည်။ လျှာမရှည်သင့်သည်ကို လျှာရှည်မိလျှင် အပျက်သဘော ဆောင်သွားတတ်ကြောင်း သူ၏ ဗီဇသိစိတ်က သူ့ကို သတိပေးနေသည်။

"စောင့်ရတာ ကြာသွားပြီ ထင်တယ်။ အီကာအိဆီက ဖုန်းဝင်လာသေးလား"

ယိုရှီတာကာ၏ အသံက အနည်းငယ် မာဆတ်နေသည်။

"စောစောလေးကတင် ကျွန်မဆီ ဖုန်းဆက်လာတယ်။ နောက်ငါးမိနစ်နေရင် ရောက်မယ်တဲ့"

"ဒါဆို ငါတို့ ရှန်ပိန်တွေ ဘာတွေ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားရအောင်"

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်မ လုပ်လိုက်မယ်"

အာယနဲက ပြောသည်။

"ဟိရောမိ၊ ဖန်ခွက်တွေကို နေရာချလိုက်ပါလား"

"ဟုတ်"

"ငါလဲ ကူလုပ်ပေးမယ်လေ"

မီးဖိုခန်းထဲသို့ ဝင်သွားသော အာယနဲကို တစ်ခဏမျှ ငေးကြည့်နေပြီးနောက် ဟိရောမိသည် နံရံတွင် တွဲမှီထားသော အရက်ခွက်ဗီရို၏ တံခါးရွက်ကို ဆွဲဖွင့်လိုက်သည်။ သူ၏ မျက်စိရှေ့တွင် တွေ့မြင်နေရသော ဤရှေးဟောင်း ပရိဘောဂပစ္စည်းသည် ယန်းသုံးသန်းခန့်မျှ တန်ဖိုးရှိကြောင်း သူ ကြားဖူးထားသည်။ ထို့အပြင် ဤဗီရိုအတွင်း၌ ထားသိုသိမ်းဆည်းထားသော ပစ္စည်းများ၏ တန်ဖိုးများမှာလည်း ငမြောက်ငခြောက်တော့ မဟုတ်။ သူသည် ဘာကာရ ရှန်ပိန်ခွက် သုံးခွက်နှင့် ဗီးနစ် ရှန်ပိန်ခွက် နှစ်ခွက်ကို ဗီရိုထဲမှ ဂရုတစိုက် ဆွဲထုတ်လိုက်သည်။ မာရှိဘဇနီးမောင်နှံသည် အထူးဧည့်သည်များကို ဧည့်ခံသည့်အခါတွင် ဗီးနစ်ဖန်ခွက်များကိုသာ အသုံးပြုလေ့ ရှိသည်။

ယိုရှီတာကာသည် ခံပန်းကန်ပြား ငါးချပ်ကို လူရှစ်ယောက် ထိုင်လောက်သော ထမင်းစား စားပွဲပေါ်တွင် နေရာတကျ ချခင်းလိုက်သည်။ သူသည် ဤသို့သော မိသားစု မိတ်ဆုံစားပွဲမျိုးနှင့် အသားကျပြီးသူ ဖြစ်သည်။ ဟိရောမိသည်လည်း ဤမိသားစု၏ လုပ်ထုံးလုပ်နည်းများကို နားလည်ထားပြီးသူ ဖြစ်သည်နှင့်အညီ အရက်ခွက်များကို ယိုရှီတာကာ ခင်းထားသော ခံပန်းကန်ပြားများပေါ်တွင် မှောက်တင်ထားလိုက်သည်။

မီးဖိုဆောင်ထဲမှ ရယ်သံများ ထွက်ပေါ်လာသည်။

"ရှင် ဆရာမကို ဘာတွေ ပြောထားတာလဲ"

ဟိရောမိက လေးသံတိုးတိုးဖြင့် မေးသည်။

"ဘာမှ မဟုတ်ပါဘူး"

ယိုရှီတာကာက သူ့ကို စောင်းငဲ့မကြည့်ဘဲ ပြန်ဖြေသည်။

"ပြောလိုက်ပြီလား"

ယိုရှီတာကာသည် ယခုမှ သူ့ကို ခေါင်းမော့ကြည့်သည်။

"ဘာကိုလဲ"

mgyoe.com

ဟိရောမိက စကားပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် တံခါးခေါင်းလောင်းသံ မြည်လာသည်။

"ဧည့်သည်တွေ ရောက်ပြီဟေ့"

ယိုရှိတာကာသည် မီးဖိုဆောင်ဘက်သို့ လှမ်းအော်ပြောလိုက်သည်။

"ကျွန်မလက်မအားသေးဘူး၊ မောင်ပဲတံခါးသွားဖွင့်ပေးလိုက်တော့"

အာယနဲက ပြန်ဖြေသည်။

ယိုရှိတာကာက ခေါင်းညိတ်ပြကာ နံရံပေါ်မှ အင်တာကွန်းဆီသို့ လျှောက်သွားလေသည်။

နောက်ဆယ်မိနစ်အကြာ၌ စားပွဲ၏ ပတ်ပတ်လည်တွင် လူအားလုံး နေရာယူထား ပြီးလေပြီ။ လူတိုင်း၏ မျက်နှာပေါ်တွင် အပြုံးပန်းများ ဝေဆာလျက်။ သို့သော် ဟိရောမိ၏အမြင်၌ ထိုအပြုံးများက အတင်း လုပ်ယူထားမှန်း သိသာလွန်းနေသည်။ ဤသို့သော အခမ်းအနားမျိုး၏ ပျော်ရွှင်မှု အငွေ့အသက်ကို မလွင့်ပြယ်စေရန်အတွက် မည်သို့သော မျက်နှာအမူအရာမျိုးကို ထားရှိသင့်ကြောင်း သူတို့အားလုံး နားလည်သဘောပေါက်ထားပြီး ဖြစ်သည်။ လူသားတို့သည် ဤသို့သော မာယာမျိုးကို မည်သို့မည်ပုံ တတ်မြောက်ခဲ့ကြသနည်းဟု ဟိရောမိက သိချင်နေသည်။ သေချာသည့် အချက်မှာ ဤကျွမ်းကျင်မှုမျိုးသည် မွေးရာပါ ပညာမျိုး မဟုတ်ပေ။ အာယနဲသည် ဤသို့သော အခင်းအကျင်းမျိုးနှင့် အသားကျရန်အတွက် တစ်နှစ်တာမျှ အချိန်ယူခဲ့ရကြောင်းကို ဟိရောမိ ကောင်းကောင်း သိထားသည်။

"အာယနဲ ချက်တဲ့ ဟင်းက အရင်လို စားကောင်းနေတုန်းပဲ။ တော်တန်ရုံလူ ဆိုရင် အခုလို အရသာမျိုးထွက်အောင် စိမ်ရည်ကို အချိုးကျ စပ်တတ်မှာ မဟုတ်ဘူး"

အီကာအိ ယူကီကိုသည် ပါးစပ်ထဲသို့ ငါးတစ်တုံး ပစ်ထည့်လိုက်ပြီး အသံတွက်ကာ ချီးကျူးနေလေတော့သည်။ ဟင်းအမည်တိုင်းကို မည်မျှ ကောင်းမွန်ကြောင်း ချီးကျူးရမည့် တာဝန်မှာ သူ၏ တာဝန် ဖြစ်သည်။

"နင်ကကျတော့ သူများ လုပ်ပြီးသားကိုပဲ ဝယ်တတ်တာ"

ဘေးနားတွင် ထိုင်နေသော ယူကီကို၏ ခင်ပွန်းဖြစ်သူ တတ်ဆုဟီကိုက ပြောသည်။

mgyoe.com

mgyobe.com  SAMPLE BOOK 

"အဲဒီလို မတရား မပြောပါနဲ့နော်။ ကျွန်မကိုယ်တိုင်လဲ တစ်ခါတလေ တော့ လုပ်တတ်ပါတယ်"

"နင်လုပ်ရင် လွန်ရောက်ကျွံရောမှ အာအိုဂျီဆော့စ်လောက်ပဲ လုပ်တတ်တာ မဟုတ်လား။ ပြီးရင် ချက်သမျှ ဟင်းတွေထဲ အဲဒီဆော့စ်တွေကို အကုန် လျှောက်ထည့်တော့တာပဲ"

"မရဘူးလား၊ စားလို့ ကောင်းနေတာပဲ ဥစ္စာ"

"ကျွန်မလဲ အဲဒီဆော့စ်ကို ကြိုက်တယ်" ဤစကားကို ပြောသူမှာ အာယနဲ ဖြစ်သည်။

"တွေ့လား၊ ပြီးတော့ ကျန်းမာရေးအတွက်လဲ အကျိုးရှိတယ်"

"အာယနဲ၊ သူ့ကို သိပ်ပြီး မြှောက်ပေးမနေနဲ့ဗျ။ တော်ကြာ တစ်နေ့ ကျရင် အမဲသားနှပ်ထဲမှာပါ အာအိုဂျီဆော့စ်တွေ ထည့်ချက်နေလိမ့်ဦးမယ်"

"အယ်... အဲဒီလို ဆိုရင်လဲ စားလို့ ကောင်းလောက်တယ်။ နောက် တစ်ခေါက်ကျမှ စမ်းကြည့်ကြည့်ရဦးမယ်"

ယူကီကို၏ စကားတစ်ခွန်းကြောင့် ထမင်းစားပွဲလည်း အတော်အတန် မြိုင်ဆိုင်သွားတော့သည်။ တတ်ဆုဟီကို တစ်ဦးတည်းသာ မျက်နှာသေဖြင့် ထိုင်မြဲ ထိုင်နေသည်။

တတ်ဆုဟီကိုသည် စီးပွားရေးလုပ်ငန်းများ၏ ဥပဒေအကြံပေး အဖြစ် အသက်မွေးနေသူ ဖြစ်သည်။ မာရှိဘ ယိုရှီတာကာ၏ ကုမ္ပဏီသည် လည်း တစ်ခုအပါအဝင် ဖြစ်သည်။ သို့သော် ယိုရှီတာကာ၏ ကုမ္ပဏီတွင်မူ သူသည် ဥပဒေအကြံပေးမျှသာ မဟုတ်ပေ။ ကုမ္ပဏီ၏ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း ပါဝင်ဆောင်ရွက်ပေးရကြောင်း ကြားဖူးထားသည်။ သူနှင့် ယိုရှီတာကာတို့သည် တက္ကသိုလ် ကျောင်းသားဘဝကတည်းက ခင်မင် ခဲ့ကြသူများ ဖြစ်သည်။

တတ်ဆုဟီကိုသည် ဝိုင်စိမ်ရေခဲဘူးထဲမှ ဝိုင်တစ်ပုလင်းကို ဆွဲထုတ် လိုက်ပြီး ဟိရောမိ၏ ဖန်ခွက်ထဲသို့ ဝိုင်ထည့်ပေးရန် ဟန်ပြင်လိုက်သည်။

"အဲ ... ကျွန်မအတွက် မလုပ်ပါနဲ့တော့"

ဟိရောမိသည် ခွက်ဝကို လက်ဖြင့် ပိတ်ကာထားသည်။

"ဘာဖြစ်လို့လဲ၊ နင် အရင်တုန်းကတော့ အရက်ကို သိပ်ကြိုက်တာပဲ မဟုတ်လား"

mgyobe.com

"ကြိုက်တော့ ကြိုက်ပါတယ်၊ ဒါပေမဲ့ အခုတော့ မသောက်တော့ဘူး။ ကျေးဇူးပါပဲရှင်"

အီကာအိသည် အူတိအူကြောင်ဖြစ်လျက် ခေါင်းကို ညိတ်ပြီး ဝိုင်ကို ယိုရှီတာကာ၏ ခွက်ထဲသို့ ထည့်ပေးလိုက်သည်။

"နေမကောင်းလို့လား" အာယနဲက မေးသည်။

"ဟင့်အင်း... ဘာမှ မဖြစ်ပါဘူး။ အခုတစ်လော သူငယ်ချင်းတွေနဲ့ အပြင်ထွက်ပြီး ခဏခဏ သောက်ဖြစ်နေတာ။ ခဏနေကျရင်လဲ သောက်ရဦးမှာ ဆိုတော့ လစ်မစ်လွန်သွားမှာ စိုးလို့ပါ"

"လူငယ်ဘဝကတော့ ပျော်စရာတွေချည်းပဲ"

အီကာအိသည် အာယနဲအတွက် အရက်ဖြည့်ပေးလိုက်ပြီးနောက် ဘေးနားတွင် ထိုင်နေသော ဇနီးသည်ကို တစ်ချက်ဝေ့ကြည့်ကာ သူ၏ ဖန်ခွက်ထဲသို့ သူ့ဘာသာ လောင်းထည့်လိုက်သည်။

"ယူကီကိုလဲ အရက်ဖြတ်ထားရတယ်လေ။ ဒါကြောင့် အခုတစ်လော တစ်ယောက်တည်းပဲ သောက်သောက်နေရတယ်"

"အရက်ဖြတ်ထားတယ် ..."

ခက်ရင်း ကိုင်ထားသော ယိုရှီတာကာ၏ လက်တစ်ဖက်သည် လမ်းတစ်ဝက်တွင် ရပ်တန့်သွားသည်။

"ဒါပေါ့၊ ဒါပေါ့။ အစားလဲ ရှောင်ရဦးမယ် ထင်တယ်"

"ဟုတ်တယ်၊ ကလေးကို မိခင်နို့ပဲ အားပြုပြီး တိုက်နေတာ ဆိုတော့လေ"

အီကာအိသည် အရက်ခွက်ကို လှုပ်ယမ်းကာ ပြောနေသည်။

"အရက်တွေ နို့ရည်ထဲ ရောက်ကုန်ရင် မကောင်းဘူး မဟုတ်လား"

"ဒါဆို နင် ဘယ်လောက်ကြာကြာ အရက်ဖြတ်ထားရမှာလဲ"

ယိုရှီတာကာက ယူကီကိုကို မေးလိုက်သည်။

"အဲ... ဆရာဝန်ပြောတာတော့ တစ်နှစ်လောက် အရက်ဖြတ်ရမယ်တဲ့"

"တစ်နှစ်ခွဲ မဟုတ်ဘူးလား"

အီကာအိက ပြောသည်။

"နှစ်နှစ်ဆိုရင်လဲ လုပ်သင့်တာပဲ။ မဟုတ်သေးပါဘူး။ နင် တစ်ခါတည်း အရက်ကို အပြီးသာ ဖြတ်လိုက်ပါတော့လား၊ ဘယ်လိုလဲ"

mgyoe.com

m.gyoe.com

"နင်ကလေ တကယ်ပဲ။ နောက်နောင်ကျရင် ကလေးကို ငါပဲ ပင်ပင်ပန်းပန်းနဲ့ ပြုစုစောင့်ရှောက်ရဦးမှာ။ တကယ်လို့သာ ငါ ကြိုက်တဲ့ အရက်ကို လုံးဝ သောက်ခွင့်မပေးတော့ဘူး ဆိုရင် ဘယ်လိုလုပ်ပြီး ခံနိုင်ရည် ရှိတော့မှာလဲ။ ဒီလိုလုပ်ပါလား။ ငါ့အစား နင် ကလေးထိန်းပေးမယ် ဆိုရင်တော့ နင့် အကြံပြုချက်ကို ငါ စဉ်းစားပေးမယ်လေ"

"တော်ပြီ၊ တော်ပြီ။ တစ်နှစ်လွန်တာနဲ့ ဘီယာပဲဖြစ်ဖြစ်၊ ဝိုင်ပဲဖြစ်ဖြစ် နင့်ဟာနင် သောက်ချင်ရာ သောက်ပေတော့။ ဒါပေမဲ့ တစ်နှစ်လောက်တော့ သည်းခံလိုက်ပါဦးဟာ"

ယူကီကိုသည် နှုတ်ခမ်းကို စူကာ "ငါ သိပါတယ်" ဟု ပြောပြီး တဒင်္ဂ အတွင်းမှာပင် နှုတ်ခမ်းမှာ ပြုံးယောင်သန်းလာသည်။ သူ၏ မျက်နှာတွင် ကြည်နူးမှု အရိပ်အယောင်များ ပြည့်လျှမ်းနေသည်။ ခင်ပွန်းသည်နှင့် စကား အချီအချ ပြောရသည်ကပင် သူ့အတွက် တုနှိုင်းမရနိုင်သော ပျော်ရွှင်မှုကို ပေးစွမ်းနေသယောင်။

ယူကီကိုသည် လွန်ခဲ့သော နှစ်လခန့်က သားတစ်ယောက်ကို အောင်မြင်စွာ ဖွားမြင်နိုင်ခဲ့သည်။ ၎င်းမှာ နှစ်ရှည်လများ စောင့်စားခဲ့ရသည့် သူတို့နှစ်ဦး၏ ပထမဆုံးသော သားဦးကလေးပင် ဖြစ်သည်။ အီကာအိ တတ်ဆုဟီကိုသည် ယခုအခါ အသက် ၄၂ နှစ် ရှိပြီ ဖြစ်ပြီး ယူကီကို၏ အသက် မှာ ၃၅ နှစ် ဖြစ်သည်။

ယနေ့ည၏ မိတ်ဆုံစားပွဲကို ယိုရှီတာကာက အဆိုတင်သွင်းခဲ့ပြီး အာယနဲမှာ လက်တွေ့ အကောင်အထည် ဖော်ရသူ ဖြစ်သည်။ အီကာအိတို့ ဇနီးမောင်နှံ၏ သားရတနာ မီးရှူးသန့်စင်ခြင်းအတွက် ဂုဏ်ပြုရန် ဟူသော ရည်ရွယ်ချက်ဖြင့် ဤညစာစားပွဲကို စီစဉ်ခဲ့ကြခြင်း ဖြစ်သည်။

"ဒီည ကလေးကို ဘယ်သူနဲ့ ထားခဲ့တာလဲ၊ မင်းအဖေ၊ အမေက ကလေး ထိန်းနိုင်ပါ့မလား"

ယိုရှီတာကာသည် အီကာအိ ဇနီးမောင်နှံကို တစ်လှည့်စီ ငေးကြည့်နေသည်။

အီကာအိက ခေါင်းညိတ်ပြသည်။

"သူတို့နှစ်ယောက်က အားမာန်အပြည့်ပဲ။ သူတို့က ကလေးကို

m.gyoe.com

ကောင်းကောင်း စောင့်ရှောက်နိုင်တယ်တဲ့လေ။ ငါတို့နှစ်ယောက်ကို ဒီည လွတ်လွတ်လပ်လပ်သာ သွားကြပေတော့တဲ့။ အခုလိုအချိန်မျိုး အနားမှာ မိဘရှိတာ အတော်ကို အဆင်ပြေတာပဲ”

“ဒါပေမဲ့ အမှန်အတိုင်း ဝန်ခံရရင် သိပ်တော့ စိတ်မချချင်သေးဘူး။ အမေက ကလေးကို မတရားနှင်း အလိုလိုက်လွန်း အားကြီးတယ်။ သူငယ်ချင်းတွေကလဲ ပြောကြတယ်။ ကလေးက တစ်ကြိမ် နှစ်ကြိမ်လောက် ငိုတာ သဘာဝကျတယ်။ အဲဒါကို ရေးကြီးခွင့်ကျယ် လုပ်နေဖို့ မလိုဘူးတဲ့လေ”

ယူကီကိုက မျက်မှောင်ကုတ်လျက် ပြောသည်။

ယူကီကို၏ ဖန်ခွက်ထဲတွင် ဘာမျှ ထည့်မထားသည်ကို သတိထားမိသွားသောအခါ ဟိရောမိသည် မတ်တတ်ထရပ်လိုက်သည်။

“ကျွန်မ ရေသွားယူလိုက်ဦးမယ်”

“ရေခဲသေတ္တာထဲမှာရေသန့်ဘူးရှိတယ်၊တစ်ဘူးယူလာခဲ့လိုက်ပါလား”

အာယနဲက ပြောသည်။

ဟိရောမိသည် မီးဖိုဆောင်ထဲသို့ ဝင်သွားပြီး ရေခဲသေတ္တာကို ဆွဲဖွင့်လိုက်သည်။ ၎င်းမှာ တံခါးနှစ်ပေါက်ပါသော ရေခဲသေတ္တာကြီး ဖြစ်သည်။ တံခါးတစ်ချပ်၏ အတွင်းဘက် အကန့်ထဲတွင် ရေသန့်ဘူးများစွာကို စီစီရီရီ တွေ့မြင်နေရသည်။ သူသည် ရေသန့်ဘူးတစ်ဘူးကို ဆွဲထုတ်ပြီး ရေခဲသေတ္တာ၏ တံခါးကို ပြန်ပိတ်လိုက်သည်။ မိမိ၏ နေရာသို့ ပြန်ရောက်ပြီး ထိုင်ခုံ၌ ထိုင်ချမည် အပြုတွင် အာယနဲနှင့် အကြည့်ချင်း ဆုံမိသည်။ အာယနဲသည် နှုတ်ခမ်းကို လှုပ်ရုံမျှ လှုပ်ကာ သူ့ကို ကျေးဇူးတင်ကြောင်း လှမ်းပြောလေသည်။

“ကလေးမွေးပြီးတဲ့ နောက်မှာ မင်းတို့ရဲ့ ဘဝလဲ အတော်အတန် ပြောင်းလဲသွားမှာပဲနော်”

ယိုရှီတာကာက မေးသည်။

“အလုပ်လုပ်နေတဲ့ အချိန်ကလွဲလို့ ကျန်တဲ့ အချိန်တွေ အားလုံးမှာ ဒီကလေးတစ်ယောက်နဲ့ပဲ ပတ်ချာလည် ယမ်းနေတော့တာ”

အီကာအိက ပြောသည်။

“ဒါလဲ မတတ်နိုင်ဘူးလေ။ နောက်ပြီး အလုပ်လုပ်ရတာလဲ မတူတော့ဘူး မဟုတ်လား။ ကလေးတစ်ယောက် ရလာတော့ မိဘတွေမှာ ဝတ္တရားတစ်ခု

m.gyobook.com

ပိုတိုးလာတယ်လေ။ ဒီတော့ အလုပ်လုပ်ရတာ အရင်ကထက် ခွန်အားတစ်ခု ပိုတိုးလာတာပေါ့"

"အဲဒါတော့ ဟုတ်တယ်"

အာယနဲသည် ဟိရောမိ၏ လက်အတွင်းမှ ရေသန့်ဘူးကို လှမ်းယူလိုက်ပြီး လွတ်နေသော ဖန်ခွက်ထဲသို့ လောင်းသွန်ထည့်နေသည်။ သူ၏ နှုတ်ခမ်းစွန်းသည်လည်း အပြုံးကြောင့် ကွေးညွတ်နေသည်။

"ဒါနဲ့... မင်းတို့ကော ဘယ်လိုလဲ၊ ကလေးယူဖို့ အချိန်တန်ပြီလေကွာ"

အီကာအိသည် ယိုရှီတာကာကို လှမ်းကြည့်ပြီးနောက် အကြည့်ကို အာယနဲထံသို့ ရွှေ့လိုက်ပြန်သည်။

"မင်းတို့ နှစ်ယောက်လဲ မင်္ဂလာဆောင်တာ တစ်နှစ်လောက် ရှိပြီ။ နှစ်ယောက်တစ်ကမ္ဘာ နေရတဲ့ ဘဝကိုလဲ ငြီးငွေ့လောက်ရောပေါ့"

"ဒီမယ်"

ယူကီကိုသည် သူ့ခင်ပွန်း၏ လက်မောင်းကို အသာအယာ လှမ်းပုတ်လိုက်သည်။

"ရှင်က နေရာတကာ ဝင်ပါချင်တာပဲ"

"အေးပေါ့ကွာ၊ လူတိုင်းမှာ ကိုယ့်အစီအစဉ်နဲ့ ကိုယ် ရှိကြတာပဲ မဟုတ်လား"

အီကာအိသည် သွားဖြဲပြကာ ဖန်ခွက်ထဲမှ ဝိုင်များကို တစ်ကျိုက်တည်းဖြင့် ကုန်အောင် မော့သောက်ပစ်လိုက်သည်။ ထို့နောက် ဟိရောမိဘက်သို့ လှည့်ပြီး...

"ဟိရောမိ၊ နင်ကော ဘယ်လိုလဲ။ အဲ .., အထင်တော့ မလွဲလိုက်နဲ့ဦး။ ငါက နင့်ရဲ့ သင်တန်းကိစ္စကို မေးတာ။ အဆင်ပြေရဲ့ မဟုတ်လား"

"ဟုတ်၊ အဆင်ပြေပါတယ်။ ဒါပေမဲ့ နားမလည်တာတွေတော့ အများကြီး ရှိသေးတာပေါ့"

"နင်က အခု သင်တန်းကိစ္စတွေအားလုံး ဟိရောမိကို လွှဲထားလိုက်ပြီလား"

ယူကီကိုက အာယနဲကို မေးသည်။

အာယနဲက ခေါင်းညိတ်ပြသည်။

"အခုဆိုရင် ဟိရောမိကို သင်ပေးစရာ ဘာမှ မကျန်တော့ဘူး"

mgyoe.com

mgyoe.com

"တယ်ဟုတ်ပါလား" -

ယူကီကိုက ချီးကျူးလေးစားသော အကြည့်ဖြင့် ဟိရောမိကို ငေးကြည့်နေသည်။

ဟိရောမိသည် နှုတ်ခမ်းကို လျှာဖြင့် သပ်ပြီး ခေါင်းကို ငုံ့ထားလိုက်သည်။ အမှန်ဆိုလျှင် အီကာအိ ဇနီးမောင်နှံသည် ဟိရောမိ၏ အလုပ်ကိစ္စကို များစွာ စိတ်ဝင်စားလှသည် မဟုတ်ပေ။ မိသားစုနှစ်စု၏ အလယ်တွင် ကြားညပ်နေသော ကောင်မလေးတစ်ယောက်ကို နေရထိုင်ရ မခက်စေရန် စကားဦး လှည့်ပေးရုံမျှသာ ဖြစ်ကောင်း ဖြစ်ပေမည်။

"ဒါနဲ့ ငါ နင်တို့ကို ပစ္စည်းတစ်ခု ပေးစရာ ရှိတယ်"

ထိုသို့ ပြော၍ အာယနဲသည် နေရာမှ ထကာ ဆိုဖာထိုင်ခုံ အနောက်မှ စက္ကူအိတ်တစ်လုံးကို လှမ်းယူလိုက်သည်။

"ရော့"

အိတ်ထဲမှ ပစ္စည်းကို မြင်ရသည့်အခါတွင် ယူကီကိုသည် လက်နှစ်ဖက်နှင့် သူ၏ ပါးစပ်ကို အုပ်ကာ အင်မတိ အင်မတန် အံ့သြသွားသည့် အမူအရာမျိုးဖြင့် အားခနဲ ထအော်လိုက်သည်။ ၎င်းမှာ အဝတ်စပိုင်းကလေးများဖြင့် အနုစိတ် စပ်ချုပ်ထားသော အိပ်ရာခင်း ဖြစ်သည်။ တစ်ခုပဲ ရှိသည်။ ပုံမှန်အိပ်ရာခင်းထက် အများကြီး ပိုသေးနေသည်။

"နင်တို့ကလေးရဲ့ ပုခက်အတွက် အိပ်ရာခင်း လုပ်ရအောင်လေ"

အာယနဲက ပြောသည်။

"ပုခက်နဲ့ မအိပ်တော့တဲ့ အချိန်ကျရင် ပန်းချီကားအဖြစ်နဲ့ နံရံမှာ ချိတ်ထားလို့ ရတယ်"

"အရမ်းလှတာပဲ၊ ကျေးဇူးပဲ အာယနဲ"

ယူကီကိုသည် လွန်စွာမှ ကျေးဇူးတင်ရှိသော ဟန်ပန်ဖြင့် စပ်ထည် အိပ်ရာခင်းကို ရင်ခွင်ထဲ၌ အားရပါးရ ပွေ့ပိုက်ထားလေသည်။

"နင့်လက်ဆောင်ကို သားလေးလဲ သဘောကျလောက်တယ်။ ကျေးဇူးပဲဟာ"

"တကယ့်ကို လက်ရာမြောက်တာပဲ၊ ဒါတစ်ခု ပြီးဖို့ အချိန် ဘယ်လောက်တောင် ပေးလိုက်ရတာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

အီကာအိ၏ အကြည့်သည် ဟိရောမိထံသို့ ရောက်ရှိသွားသည်။ သူ့ထံမှ အဖြေတစ်ခုခု တောင်းခံနေသယောင်။

"နှစ်ဝက်လောက်တော့ ကြာမယ် ထင်တယ်"

ဤကဲ့သို့သော စပ်ထည်မျိုး ပြုလုပ်ရာတွင် လိုအပ်သည့် လုပ်ငန်းအဆင့်ဆင့်ကို ဟိရောမိသည် များစွာ ရင်းနှီးကျွမ်းဝင်ခြင်း မရှိသေးပေ။ ထို့ကြောင့် သူသည် အတည်ပြုချက် တောင်းခံသည့် အနေဖြင့် အာယနဲကို လှမ်းကြည့်လိုက်သည်။

"ငါလဲ အတိအကျတော့ မမှတ်မိတော့ဘူး"

အာယနဲသည် ခေါင်းကို ငဲ့စောင်းကာ စဉ်းစားနေသည်။

"နင်တို့ သဘောကျရင် ပြီးတာပဲ မဟုတ်လား"

"ငါတို့ကတော့ အဟုတ် သဘောကျတာပေါ့။ ဒါပေမဲ့ အားနာစရာကြီးဟာ။ ယောကျ်ား ... နင် သိလား။ ဒီပစ္စည်းကို အပြင်မှာ ရောင်းရင် ပိုက်ဆံဘယ်လောက် ရနိုင်သလဲ ဆိုတာ။ မီတာအာယနဲရဲ့ လက်ရာစစ်စစ်သာ ဆိုရင် ဂင်ဇာက ပြခန်းတွေမှာ ယန်းတစ်သန်းနဲ့ ရောင်းလို့ရတယ်"

အီကာအိ၏ မျက်လုံးများ ပြူးကျယ်သွားကာ ထူးဆန်းအံ့သြနေသည်။ အဝတ်ဖြတ်စ ကလေးများဖြင့် ချုပ်စပ် ပြုလုပ်ထားသော ဤပစ္စည်းသည် ထင်မှတ်မထားလောက်အောင် တန်ကြေးရှိနေပါတကား ဟူသော အတွေးက သူ၏ မျက်နှာပေါ်၌ အထင်းသား ပေါ်လွင်နေသည်။

"အာယနဲက အဲဒီအတွက် တော်တော်လေး အပင်ပန်းခံထားတာနော်"

ယိုရှိတာကာက ပြောသည်။

"ငါ အိမ်မှာ အနားယူနေတဲ့ အချိန်တိုင်း သူက ဟောဟိုက ဆိုဖာပေါ်မှာ ထိုင်ပြီး တစ်နေကုန် တစ်နေခန်း အပ်တစ်ချောင်းနဲ့ ချုပ်ပြီးရင်း ချုပ်နေတော့တာ။ မမှောင်မချင်း ထိုင်ရာက မထတော့ဘူး။ တကယ် လက်လန်တယ်"

ပြောပြီး ဧည့်ခန်းထဲမှ ဆိုဖာခုံရှိရာသို့ မေးငေါ့ပြလေသည်။

"ပျော်သေးတယ်၊ အချိန်မီ ပြီးပေလို့"

အာယနဲက မျက်နှာ ပြုံးစိစိဖြင့် ခပ်တိုးတိုး ဝင်ပြောသည်။

ထမင်းစားပြီးသည့် အခါ၌ ယောကျ်ားနှစ်ယောက်သည် ဆိုဖာခုံပေါ်တွင် ထိုင်ပြီး ဝီစကီထပ်မော့ရန် ကြံစည်နေကြသည်။ ယူကီကိုက ကော်ဖီ

mgyoe.com

mgyoe.com SAMPLE BOOK


သောက်ချင်သည်ဟု ဆိုလာသောကြောင့် ဟိရောမိသည် နေရာမှ ထရပ်ကာ မီးဖိုဆောင်ထဲသို့ ဝင်သွားလေသည်။

"ကော်ဖီကို ငါပဲ ဖျော်လိုက်မယ်။ ဟိရောမိ... ရေခဲသေတ္တာထဲမှာ ရေခဲတုံးတွေ ရှိတယ်။ အရက်ထဲ ထည့်သောက်ရအောင် နင် သူတို့ကို ယူပေးလိုက်ပါလား"

အာယနဲက ဤသို့ ပြောပြီး ရေပိုက်ခေါင်းကို ဖွင့်ကာ ရေနွေးကရားအိုးထဲသို့ ရေများ ဖြည့်နေလေသည်။

ရေခဲတုံးများကို ဖန်းထဲ ထည့်ကာ ဧည့်ခန်းထဲသို့ ပြန်ရောက်သွား သည့်အခါတွင် သူတို့၏ စကားဝိုင်းသည် ပန်းပင်များအကြောင်းကို ပြောဆိုနေကြသည်။ မာရိုဘတို့၏ ပန်းဥယျာဉ်ထဲရှိ သစ်ပင်ပန်းမန်များကို မြောက်မြားလှစွာသော စလိုက်မီးလုံးကလေးများဖြင့် နေရာစုံ ထောင့်စုံမှ အလင်းပေးထားသောကြောင့် ညအချိန်မှာပင် အရောင်အသွေး စုံလင်သော ပန်းပင်များ၏ အလှတရားကို ရှုမြင်ခံစားနိုင်သည်။

"ဒီလောက် ပန်းပင်တွေ အများကြီးကို ထိန်းသိမ်းစောင့်ရှောက်ရတာ အတော်တော့ ပင်ပန်းမှာပဲ" အီကာအိက ပြောသည်။

"ငါလဲ မသိဘူး၊ ဒါတွေအားလုံးကို အာယနဲကပဲ လုပ်နေတာ။ အပေါ်ထပ် ဝရန်တာမှာလဲ ပန်းပင်တွေ စိုက်ထားသေးတယ်။ သူတစ်ယောက်တည်း ဒုက္ခခံပြီး နေ့တိုင်းနေ့တိုင်း ပန်းပင် ရေလောင်းနေတာတော့ တွေ့တာပဲ။ အတော်တော့ ပင်ပန်းမယ် ပုံပဲ။ ဒါပေမဲ့ သူကတော့ အဲဒီလို လုပ်နေရတာကိုပဲ ပျော်နေပုံ ရတယ်။ အခုလို ဖြူနီပြာဝါ အရောင်ပေါင်းစုံ မြင်နေရတာကိုပဲ အူထဲအသည်းထဲက သဘောကျနေတာ ဖြစ်မယ် ထင်တယ်"

ကြည့်ရသည်မှာ ယိုရှီတာကာသည် ဤသို့သော စကားခေါင်းစဉ်မျိုးကို များစွာ စိတ်ဝင်စားလှခြင်း မရှိပေ။ ဟိရောမိ သိထားသော ယိုရှီတာကာသည် သဘာဝလောကကြီးနှင့် သစ်ပင်ပန်းမန်များကို လုံးဝ လုံးဝ စိတ်ပါဝင်စားသူတစ်ယောက် မဟုတ်။

ကော်ဖီခွက်သုံးခွက် သယ်ဆောင်လာသော အာယနဲကို မြင်လိုက်ရသည့် အခါတွင်မှ ဟိရောမိလည်း သတိပြန်ဝင်လာကာ အရက်ထဲသို့ အလျှင်အမြန် ရေရောပေးလိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ည ၁၁ နာရီ လွန်သွားသည်နှင့် အီကာအိတို့ ဇနီးမောင်နှံလည်း အိမ်ပြန်ရန် ဟန်ပြင်ကြတော့သည်။

"အခုလို အစားကောင်း အသောက်ကောင်းနဲ့ ပြုစုဧည့်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်ပြီး ဒီလောက်တောင် လက်ရာမြောက်တဲ့ ပစ္စည်းကိုလဲ ငါတို့ကို လက်ဆောင်ပေးလိုက်သေးတယ်။ အတော်တော့ အားနာစရာကောင်းနေပြီ"

အီကာအိက မတ်တတ်ရပ်ကာ စကားဆိုသည်။

"နောက်တစ်ခါကျရင်တော့ ငါ့အလှည့်ပေါ့ကွာ။ ပြောသာ ပြောရတယ်။ တစ်နေကုန် ကလေးထိန်းနေရတာနဲ့ တစ်အိမ်လုံးလဲ ရှုပ်ပွခတ်နေပြီ"

"နောက်နေ့ကျရင် ငါ အိမ်ရှင်းထားလိုက်မယ်"

ယူကီကိုသည် သူ့ခင်ပွန်း၏ ခါးကို လှမ်းတို့လိုက်ပြီး အာယနဲကို ပြုံးပြလိုက်သည်။

"ငါတို့ရဲ့ မင်းသားလေးကို ကြည့်ရအောင် အိမ်ကိုလဲ လာလည်ကြဦးလေ။ သူ့မျက်နှာက မုန့်ပျားသလက်လို ဝိုင်းစက်နေတာပဲ"

"လာရမှာပေါ့"

အာယနဲက ပြန်ဖြေသည်။

ဟိရောမိလည်း အိမ်ပြန်ရန် ဟန်ပြင်လိုက်သည်။ သူသည် အိမ်ထဲမှ အီကာအိလင်မယားနှင့် အတူထွက်ရန် ဆုံးဖြတ်ထားသည်။ အီကာအိသည် တက္ကစီတစ်စီး ငှားမည်ဖြစ်ပြီး သူ့ကိုလည်း အိမ်အရောက် ပို့ပေးမည် ဖြစ်သည်။

"ဟိရောမိ... မနက်ဖြန်ကျရင် ငါ နှစ်ရက်၊ သုံးရက်လောက် ခရီးထွက်ဦးမယ်"

အိမ်ပေါက်ဝတွင် ဖိနပ်စီးနေစဉ် ဟိရောမိ၏ နားထဲသို့ အာယနဲ၏ စကားသံက စီးဝင်လာသည်။

"မနက်ဖြန်ကစပြီး သုံးရက်ဆက်တိုက် ရုံးပိတ်တာဆိုတော့ နင် ဟိုဒီလျှောက်လည်မလို့လား"

ယူကီကိုက မေးသည်။

"မဟုတ်ဘူး၊ အလုပ်ကိစ္စရှိလို့ အမေ့အိမ် ခဏပြန်မလို့"

mgyoe.com

"အမေ့အိမ်… ဆပ်ပိုရိုကိုလား"

အာယနဲက ပြုံးလျက် ခေါင်းညိတ်ပြသည်။

"အဖေက အခုတစ်လော ကျန်းမာရေး သိပ်မကောင်းဘူး။ အဲဒါ သွားကြည့်ချင်လို့။ ဒါပေမဲ့ ဆိုးဆိုးဝါးဝါးကြီးတော့ မဟုတ်ပါဘူး"

"အသက်ကြီးပြီ ဆိုတော့လဲ စိုးရိမ်စရာပေါ့။ အဲဒီလို ဖြစ်နေတာတောင် အာယနဲက ဒုက္ခခံပြီး ငါတို့ကို ဂုဏ်ပြုနေသေးတယ်။ တကယ့်ကို အားနာစရာကြီး"

အီကာအိက ခေါင်းကို ပွတ်သပ်ရင်း ပြောနေသည်။

အာယနဲက ခေါင်းကို ခါယမ်းလိုက်သည်။

"စိတ်ထဲ မထားပါနဲ့။ ဘာမှ အပန်းကြီးတာမှ မဟုတ်တာ။ ဟိရောမိ… အကြောင်းကိစ္စ ရှိရင် ငါ့လက်ကိုင်ဖုန်းကို ဆက်လိုက်နော်"

"ဆရာမက ဘယ်တော့လောက် ပြန်ရောက်မှာလဲ"

"အခုတော့ မပြောနိုင်သေးဘူး"

အာယနဲသည် ခေါင်းကို စဉ်းငယ် ငဲ့စောင်းလိုက်သည်။

"ပြန်ဖို့ ရက်သတ်ပြီးရင် နင့်ဆီ ဖုန်းဆက်လိုက်မယ်"

"ဟုတ်"

ဟိရောမိက ယိုရှီတာကာကို ဝေ့ကြည့်လိုက်သည်။ သို့သော် သူသည် တခြားတစ်နေရာသို့ ငေးစိုက်ကြည့်နေလေသည်။

မာရှိဘအိမ်မှ ထွက်လာကြပြီးနောက် လမ်းမပေါ်သို့ ရောက်သည့်အခါတွင် အီကာအိသည် တက္ကစီတစ်စီးကို လှမ်းခေါ်လိုက်သည်။ ကားပေါ်မှ အရင်ဆုံး ဆင်းရမည့် ဟိရောမိသည် ကားထဲသို့ နောက်ဆုံးမှ ဝင်လိုက်သည်။

"ငါတို့ ကလေးကိစ္စကို ပြောတာ နည်းနည်းများ များသွားသလား မသိဘူး" ထက္ကစီက အဝေးသို့ မရောက်သေးခင်မှာပင် ယူကီကို၏ မေးခွန်းက ထွက်ပေါ်လာသည်။

"ဘာဖြစ်လို့လဲ၊ ကိစ္စမရှိပါဘူးကွာ။ ဒီတစ်ခေါက် ငါတို့ကို တကူးတက ညစာ ခေါ်ကျွေးတဲ့ ကိစ္စကလဲ သားလေးမွေးတာကို ဂုဏ်ပြုချင်လို့ပဲ ဥစ္စာ"

ကားရှေ့ခန်းတွင် ထိုင်နေသော အီကာအိက ပြောသည်။

"အဲဒီလို မဟုတ်ဘူးလေ၊ ငါ စိုးရိမ်တာက ငါတို့ရဲ့ အပြုအမူ၊ အပြော

mgyoe.com

mgyoe.com  SAMPLE BOOK 

အဆိုက သူတို့ကို စော်ကားသလို ဖြစ်နေမလားလို့၊ သူတို့ကလဲပဲ ကလေးကို အရမ်း လိုချင်နေကြတာ မဟုတ်လား"

"ယိုရှီတာကာ ပြောတာတော့ ကြားဖူးတယ်"

"မွေးမျှား မမွေးနိုင်တော့လို့လား မသိဘူးနော်။ ဟိရောမိ... နင်ကော ဘာကြားသေးလဲ"

"ဟင့်အင်း... ကျွန်မ ဘာမှ ပြောသံ မကြားမိဘူး"

"ဟုတ်လား ..."

ယူကီကို၏ လေသံက အားလျော့စိတ်ပျက်သွားသည့် အသံမျိုး။ ဟိရောမိက တွေးကြည့်နေမိသည်။ သည်လင်မယားနှစ်ယောက်သည် သူ့ထံမှ စကား အစ်အောက်လို၍သာလျှင် သူ့ကို အိမ်ပြန်လိုက်ပို့ပေးမည်ဟု သဘော ကောင်းချင်ယောင် ဆောင်နေကြခြင်းသာ ဖြစ်ပေလိမ့်မည်။

\+

နောက်တစ်နေ့တွင် ဟိရောမိသည် ထုံးစံအတိုင်း နံနက် ကိုးနာရီအချိန်၌ အိမ်မှ ထွက်ပြီး ဒိုင်ကန်ယာမရှိ အန်နဲဂေဟာသို့ ဦးတည်လာခဲ့သည်။ သူတို့သည် ကန်ထရိုက်တိုက် တစ်လုံးပေါ်ရှိ အခန်းတစ်ခုကို ပြန်လည်ပြုပြင်၍ စပ်ထည် သင်တန်းကျောင်းအဖြစ် ဖွင့်လှစ်ထားသည်။ ထိုကျောင်း၊ ထိုအန်နဲဂေဟာကို စတင် တည်ထောင်ခဲ့သူမှာ အာယနဲ ဖြစ်သည်။ ယခုအခါတွင် သင်တန်းသား ပေါင်း နှစ်ဆယ်ကျော် ရှိပြီး သူတို့အားလုံးသည်လည်း မိတာအာယနဲထံမှ ပညာရည် သောက်စို့လိုကြသောကြောင့်သာ ဤနေရာသို့ ရောက်ရှိလာကြခြင်း ဖြစ်သည်။

တိုက်ခန်း၏ ဓာတ်လှေကားထဲမှ ထွက်လိုက်သည့် အခါတွင် စာသင်ခန်း ၏ တံခါးပေါက်ဝ၌ ရပ်နေသော အာယနဲနှင့် သူ၏ နံဘေးမှ ခရီးဆောင်အိတ် တို့ကို တွေ့မြင်လိုက်ရသည်။ အာယနဲသည် ဟိရောမိကို မြင်လိုက်သည်နှင့် ပြုံး၍ ဆီးကြိုနှုတ်ဆက်သည်။

"ဆရာမ ဘယ်လိုလုပ် ဒီရောက်လာတာလဲ"

"ဘာရယ် မဟုတ်ပါဘူး၊ ဒါလေး နင့်ဆီမှာ ခဏ ထားခဲ့ချင်လို့"

mgyoe.com

mgyoe.com SAMPLE BOOK

ပြောပြီး အာယနဲသည် အိတ်ကပ်ထဲမှ သော့တစ်ချောင်းကို ထုတ်၍ ဟိရောမိကို လှမ်းပေးလိုက်သည်။

"ဒါက ..."

"ငါ့အိမ်သော့လေ။ မနေ့က နင့်ကို ပြောခဲ့သလိုပေါ့၊ ဘယ်အချိန်မှ ငါ ပြန်ရောက်နိုင်မလဲ မပြောတတ်သေးဘူး။ ဒီတော့ အိမ်ရဲ့ လုံခြုံရေးကို နည်းနည်း စိတ်ပူမိတယ်။ ဒါကြောင့် လိုရမည်ရ ဒီသော့ကို နင့်ဆီမှာပဲ အပ်ထားခဲ့လိုက်မယ်"

"ဪ... ဒီလိုလား"

"ယူမထားချင်လို့လား"

"ဟင့်အင်း... ယူမထားချင်လို့ မဟုတ်ပါဘူး။ ဆရာမ... ဆရာမဆီမှာ ကော သော့အပို ရှိသေးတာလား"

"ငါ့ကို စိတ်မပူပါနဲ့။ ငါ အိမ်ပြန်လာတော့မယ် ဆိုရင် နင့်ကို ကြိုပြီး ဆက်သွယ်လိုက်မှာပေါ့။ တကယ်လို့ အဲဒီအချိန်မှာ နင် အဆင်မပြေဘူး ဆိုရင် တောင် ညရောက်ရင် ငါ့ယောကျ်ားလဲ အိမ်ပြန်ရောက်ရောပေါ့"

"ဒီလိုဆိုလဲ ကျွန်မပဲ ကူသိမ်းထားပေးလိုက်ပါ့မယ်"

"အင်း... ကူညီပါဦး"

အာယနဲသည် ဟိရောမိ၏ လက်တစ်ဖက်ကို ဆွဲမ,ကာ လက်ဖဝါးထဲသို့ သော့ကို ထည့်ပေးလိုက်သည်။ ထို့နောက် လက်သီးဆုပ် ဖြစ်သွားစေရန် ကျန်လက်တစ်ဖက်ဖြင့် ဟိရောမိ၏ လက်ချောင်းများကို ကွေးညွှတ်သွားအောင် ဖိချကာ လက်နှစ်ဖက်ဖြင့် ၎င်းလက်သီးဆုပ်ကို တင်းတင်းကျပ်ကျပ် ဖိကိုင်ထားလေသည်။ ထို့နောက်တွင် "ဘိုင်" ဟု ဆိုကာ ခရီးဆောင်အိတ်ကို ဆွဲ၍ ထွက်ခွာသွားလေတော့သည်။

ဟိရောမိသည် အာယနဲ၏ ကျောပြင်ကို ငေးကြည့်နေရင်း "ဆရာမ" ဟု လွှတ်ခနဲ လှမ်းခေါ်လိုက်မိသည်။

အာယနဲ၏ ခြေလှမ်းများ တုံ့ရပ်သွားသည်။

"ဘာပြောစရာ ရှိလို့လဲ"

"ဘာမှ မဟုတ်ပါဘူး၊ လမ်းမှာ ဂရုစိုက်ဦးလို့ ပြောမလို့"

"ကျေးဇူးပဲ"

mgyoe.com

mgyoe.com

အာယနဲသည် လွတ်နေသော လက်တစ်ဖက်ဖြင့် တဲ့တာပြကာ ခြေလှမ်းများကို နောက်တစ်ဖန် လှမ်းလိုက်လေတော့သည်။

+

သင်တန်းများအားလုံးသည် ညမှောင်ခါမှ ပြီးဆုံးသွားသည်။ ထိုနေ့ တစ်နေကုန် လုံးတွင် သင်တန်းသားများ တစ်သုတ်ပြီးတစ်သုတ် ဝင်လာလိုက်၊ ပြန်ထွက် သွားလိုက်ဖြင့်အလုပ်ရှုပ်လိုက်သည်မှာ ဟိရောမိအတွက် အသက်ဝဝရှူချိန်ပင် မရနိုင်အောင် ဖြစ်ခဲ့ရသည်။ နောက်ဆုံးအသုတ် ကျောင်းသားများ ပြန်သွားချိန် ရောက်မှ သူ၏ ကျောနှင့် ပခုံးတွင် မခံမရပ်နိုင်အောင် နာကျင်နေကြောင်း သတိ ထားမိတော့သည်။

သိမ်းဆည်းစရာ ရှိသည်များကို သိမ်းဆည်းပြီး၍ စာသင်ခန်းထဲမှ ထွက်ခွာတော့မည်အပြုတွင် ဟိရောမိ၏ လက်ကိုင်ဖုန်းမှ အသံမြည်လာသည်။ ဖုန်းမျက်နှာပြင်ကို တစ်ချက် လှမ်းကြည့်ပြီး တံတွေးမျိုချလိုက်မိသည်။ ဖုန်းခေါ် လာသူက ယိုရှီတာကာ။

"ဒီနေ့ သင်ရမယ့် အတန်းတွေအားလုံး ပြီးသွားပြီ မဟုတ်လား"

ဖုန်းကိုင်လျှင် ကိုင်ချင်း ယိုရှီတာကာ၏အသံ ထွက်ပေါ်လာသည်။

"အခုလေးတင် ပြီးတယ်"

"အင်း... ငါ အခု ဧည့်သည်တချို့နဲ့ ညစာစားနေတယ်။ စားပြီးတာနဲ့ အိမ်ပြန်မှာ။ နင် ငါ့အိမ်ကို အရင် သွားနှင့်ပါလား"

သူ၏ စကားသံက ဘာမျှ အရေးမပါသည့် ဟန်ဖြင့် ပေါ့ပါးလွတ်လပ် လွန်းနေသည်။ ဟိရောမိပင် မည်သို့ တုံ့ပြန်ရမှန်း မသိအောင် အူကြောင်ကြောင် ဖြစ်သွားရသည်။

"ဘာလဲ၊ မအားဘူးလား"

"အလုပ်တော့ မရှိပါဘူး၊ ဒါပေမဲ့... အဲဒီလို လုပ်လို့ ကောင်းပါ့မလား"

"ဘာ မကောင်းစရာ အကြောင်းရှိလဲ။ နင်လဲ သိပြီးသားပဲဥစ္စာ။ သူ ဒီရက်ပိုင်းအတွင်း အိမ်ကို ပြန်လာနိုင်ဦးမှာ မဟုတ်ဘူး"

ဟိရောမိသည် နံဘေးရှိ လက်ကိုင်အိတ်ကို စူးစူးနစ်နစ် ငေးစိုက်

m.gyee.com SAMPLE BOOK


ကြည့်နေမိသည်။ ထိုအိတ်ထဲတွင် သည်မနက်ကမှ လောလောလတ်လတ် လက်ခံရရှိထားသော အိမ်သော့တစ်ချောင်း ရှိနေသည်။

"နောက်ပြီး ငါ နင့်ကို ပြောစရာစကားလဲ ရှိနေသေးတယ်"

သူက ပြောသည်။

"ဘာပြောမလို့လဲ"

"တွေ့မှ ပြောကြတာပေါ့၊ ငါ ကိုးနာရီလောက် အိမ်ပြန်ရောက်မယ်။ နင် မလာခင် ငါ့ဆီ ဖုန်းအရင် ဆက်ခဲ့လိုက်"

ပြောပြီးသည်နှင့် ချက်ချင်း သူ ဖုန်းချသွားသည်။

+

အီတာလျံခေါက်ဆွဲဆိုင် တစ်ဆိုင်တွင် ညစာစားပြီးသည့်နောက်၌ ဟိရောမိသည် ယိုရှီတာကာထံသို့ ဖုန်းဆက်လိုက်သည်။ ယိုရှီတာကာသည် အိမ်ပြန်ရောက်နေပြီ ဖြစ်၍ သူ့ကို မြန်မြန်လာရန် လောဆော်နေသည်။ သူ၏ လေသံကို နားထောင်ရသည်မှာ အတော်အတန် စိတ်ရွှင်လန်းနေပုံ ရသည်။

မာရှိဘာအိမ်သို့ သွားစဉ် တက္ကစီပေါ်၌ ဟိရောမိသည် သူ့ကိုယ်သူ ရှုံ့မုန်းလာမိသည်။ တစ်ဖက်မှကြည့်လျှင် ယိုရှီတာကာ၏ ပေါ့ပြက်သော စိတ်သဘောထားကို သူ စဉ်းယိမ်မျှ သဘောမကျပေ။ သို့သော် အခြားတစ်ဖက်တွင်လည်း သူသည် ရင်တလှပ်လှပ်ဖြစ်ကာ ပျော်ရွှင်'ကျေနပ်နေမိသည်ကို ဝန်ခံရပေမည်။

ယိုရှီတာကာသည် ဟိရောမိကို ဝမ်းပန်းတသာ ကြိုဆိုလေသည်။ သူ၏ အမူအရာက ခိုးကြောင်ခိုးဝှက် လုပ်နေရသည့် ဟန်ပန်မျိုး တစ်ချက်ကလေးမျှ မပေါက်ပေ။ ကြောင့်ကြ ပူပန်စိတ်မျိုး စိုးစဉ်းမျှ ရှိဟန် မတူ။

ဧည့်ခန်းသို့ ရောက်သည့်အခါ၌ ဧည့်ခန်းထဲတွင် ဝေ့ဝဲပျံ့နှံ့နေသော ကော်ဖီအနံ့ကို ဟိရောမိ ရလိုက်သည်။

"ကိုယ်တိုင် ကော်ဖီမဖျော်ရတာတောင် အတော်ကြာသွားပြီ။ အရသာကော အိုကေပါ့မလား မပြောတတ်ဘူး"

ယိုရှီတာကာသည် မီးဖိုဆောင်ထဲသို့ ဝင်သွားသည်။ ထို့နောက် လက်

mgyee.com

တစ်ဖက်စီတွင် ကော်ဖီခွက် တစ်ခွက်စီ ကိုင်လျက် ဧည့်ခန်းဘက်သို့ ပြန်ရောက်လာသည်။ ခွက်ခံပန်းကန်ပြားများ ပါမလာခဲ့။

"ရှင် မီးဖိုဆောင်ထဲ ဝင်တာကို ကျွန်မဖြင့် အရင်က တစ်ခါမှ မမြင်ဖူးဘူး"

"ဟုတ်လား၊ ဟုတ်မှာပါပဲ။ သူနဲ့ အိမ်ထောင်ကျပြီးကတည်းက အိမ်မှုကိစ္စကို ဘာတစ်ခုမှ လုပ်စရာ မလိုတော့ဘူး"

"ဆရာမက အိမ်ထောင်မှု နိုင်နင်းတာကြောင့် နေမှာ"

ဟိရောမိသည် ပြောပြီး ကော်ဖီတစ်ငုံ စုပ်သောက်လိုက်သည်။ ကော်ဖီက ခါးတူးနေသည်။

ယိုရှိတာကာ၏ မျက်နှာလည်း ရှုံ့မဲ့နေသည်။

"ကော်ဖီမှုန့်ထည့်တာ လက်လွန်သွားပြီ"

"ကျွန်မ အသစ်ထပ်ဖျော်လိုက်မယ်"

"နေပါ၊ နောက်မှပေါ့။ အဲဒါ ခဏထားလိုက်ဦး"

သူသည် ကော်ဖီခွက်ကို စကျင်ကျောက်ပြား စားပွဲပေါ် တင်လိုက်သည်။

"ငါ သူ့ကို မနေ့က ပြောပြလိုက်ပြီ"

"ထင်သားပဲ"

"ဒါပေမဲ့ တစ်ဖက်လူက နင် ဆိုတာကိုတော့ ငါ မပြောလိုက်ဘူး။ သူနဲ့ မသိတဲ့ မိန်းမတစ်ယောက်လို့ပဲ ငါ ပြောထားတာ။ သူ ယုံ၊ မယုံတော့ ငါလဲ မပြောတတ်ဘူး"

ဟိရောမိသည် ယနေ့နံနက်က အခြေအနေကို ပြန်လည် မြင်ယောင်ကြည့်မိသည်။ အာယနဲက သူ့ကို သော့ပေးစဉ် အာယနဲ၏ မျက်နှာထားကို ပြန်လည် ပုံဖော်ကြည့်သည်။ ပြုံးချိုနေသော မျက်နှာဟန်ပန်၏ နောက်ကွယ်တွင် မည်သို့သော အကောက်ကြံမှုမျိုးကို ဖုံးဖိ ကွယ်ဝှက်ထားသနည်း။ သူ အဓိပ္ပာယ် မဖွင့်တတ်ပေ။

"ဆရာမက ဘယ်လို ပြန်ပြောလဲ"

"သူက သဘောတူတယ်တဲ့လေ"

"တကယ်ကြီးလား"

"တကယ်ပေါ့၊ ငါ နင့်ကို အစောကြီးကတည်းက ပြောခဲ့ဖူးသားပဲ။ သူ ကန့်ကွက်မှာ မဟုတ်ဘူးလို့"

mgyoe.com

mgyoe.com SAMPLE BOOK

ဟိရောမိက ခေါင်းကို ခါယမ်းလိုက်သည်။

"ဒီလိုစကားမျိုးကို ကျွန်မအနေနဲ့ မပြောသင့်ဘူး ဆိုပေမယ့် ပြောစရာ ရှိတာတော့ ပြောရမှာပဲ။ သူ အခုလို လွယ်လွယ်နဲ့ လက်ခံလိုက်တာကတော့ ကျွန်မဖြင့် နားမလည်နိုင်အောင်ပဲ"

"ဒါက ကစားပွဲစည်းကမ်းပဲလေ။ ဒါပေမဲ့ အဲဒီစည်းကမ်းကို ငါက သတ်မှတ်ခဲ့တယ်ပဲ ဆိုပါတော့။ ဘာပဲဖြစ်ဖြစ်ပါလေ အခုဆိုရင် ဘာမှ စိတ်ပူစရာ၊ ခေါင်းရှုပ်စရာ မလိုတော့ဘူး၊ ပြဿနာအားလုံး ပြေလည်သွားပြီ"

"ဒါဆို ကျွန်မလဲ စိတ်ချလက်ချ နေလို့ရပြီပေါ့"

"ဒါပေါ့"

ပြောပြီး ယိုရှီတာကာသည် လက်ကို ဆန့်တန်းကာ ဟိရောမိ၏ ပခုံးကို လှမ်းဖက်ပြီး သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။ ဟိရောမိသည် သူ၏ ရင်ခွင်ကို မှီလျက် ယိုရှီတာကာ၏ နှုတ်ခမ်းတစ်စုံက သူ့နားနားသို့ ရွေ့လျား လာသည်ကို ခံစားသိနေရသည်။

"ဒီည မပြန်နဲ့တော့နော်"

"ရှင်တို့ရဲ့ လင်မယားအိပ်ခန်းထဲမှာ အိပ်ရမှာလား"

ယိုရှီတာကာသည် နှုတ်ခမ်းကို ကွေးညွတ်သွားအောင် ပြုံးလိုက်သည်။

"ဧည့်သည်ဆောင်မှာ အိပ်ကြမယ်လေ၊ အဲဒီအခန်းထဲမှာလဲ နှစ်ယောက်အိပ်ခုတင် ရှိတယ်"

ဟိရောမိက အသာအယာ ခေါင်းညိတ်လိုက်သည်။ ရင်ထဲတွင်မူ စိတ်ရှုပ်ထွေးမှုများ၊ ပေါ့ပါးလွတ်လပ်မှု အနည်းအကျဉ်းနှင့် ခါတွက်၍ မရနိုင်သေးသော စိုးရိမ်သောကများ ရောပြွမ်းယှက်တင်နေသည်။

နောက်တစ်နေ့ နံနက်ခင်းတွင် ဟိရောမိသည် မီးဖိုဆောင်အတွင်း၌ ကော်ဖီဖျော်ရန် ပြင်ဆင်နေသည်။ ထိုစဉ် အနားသို့ ယိုရှီတာကာ ရောက်ရှိလာပြီး ကော်ဖီဖျော်နည်းကို သူ့အား ပြန်ပြပေးရန် တောင်းဆိုလာသည်။

"ကျွန်မလဲ ဆရာမဆီက သင်ထားတာ"

"ကိစ္စ မရှိဘူး၊ ငါ့ကို ဖျော်ပြစမ်းပါ"

ယိုရှီတာကာသည် လက်ပိုက်လျက် အနားတွင် ရပ်နေသည်။

ဟိရောမိသည် ကော်ဖီစစ်ခွက်တွင် စက္ကူရေစစ်ကို တပ်ဆင်ပြီးနောက်

mgyoe.com

mgyoe.com SAMPLE BOOK

ကော်ဖီမှုန့်များကို စစ်ခွက်ထဲသို့ ချိန်ခွန်းဖြင့် ခပ်ထည့်လိုက်သည်။ ယိုရှီတာကာသည် အနားသို့ တိုးကပ်လာပြီး ကော်ဖီပမာဏကို မှတ်သားနေသည်။

"ပထမဆုံးအနေနဲ့ ရေပူနည်းနည်း ထည့်ရမယ်၊ နည်းနည်းပဲနော်။ နောက်ပြီး အမှုန့်တွေ ပွတက်လာတဲ့အထိ ခဏစောင့်ရမယ်"

ဟိရောမိသည် ရေနွေးကရားအိုးကို မ,ကာ စစ်ခွက်ထဲသို့ ရေနွေးပူအနည်းငယ် လောင်းထည့်လိုက်သည်။ စက္ကန့်နှစ်ဆယ်ခန့် ကြာသည့်အခါမှ ရေနွေးပူများ ထပ်မံ လောင်းထည့်ပြန်သည်။

"အခုလို ရေနွေးပူကို အဝိုင်းပတ်ပတ်ပြီး လောင်းထည့်ပေးရင် ကော်ဖီတွေ အထက်ကို လျှံတက်လာလိမ့်မယ်။ ဒါကြောင့် လောင်းထည့်တဲ့ အချိန်မှာ နည်းနည်း သတိထားရမယ်။ နောက်ပြီး ကော်ဖီကရားအိုးထဲက ရေချိန်မှတ်ကိုလဲ ကြည့်ဖို့ မမေ့နဲ့ဦး။ နှစ်ယောက်စာ လုံလောက်ပြီ ဆိုတာနဲ့ ကော်ဖီစစ်ခွက်ကို ဖယ်လိုက်တော့။ မဟုတ်ရင် အရသာက ပေါ့သွားလိမ့်မယ်"

"အတော်တော့ ရှုပ်ထွေးတာပဲ"

"အရင်က ကိုယ့်ဘာသာကိုယ် ဖျော်သောက်ခဲ့ဖူးတယ် မဟုတ်လား"

"ကော်ဖီဖျော်စက်နဲ့ပဲ လုပ်ခဲ့ဖူးတာလေ။ အိမ်ထောင်ကျပြီးတော့ အာယနဲက အဲဒီစက်ကို လွှင့်ပစ်လိုက်တယ်။ ကိုယ့်ဟာကိုယ် လက်နဲ့ဖျော်တဲ့ ကော်ဖီကမှ ပိုပြီး သောက်ကောင်းတယ် ဆိုပဲ"

"ဆရာမက ရှင် ကော်ဖီကြိုက်တတ်မှန်း သိလို့ ပိုပြီး မွှေး၊ ပိုပြီး သောက်ကောင်းတဲ့ ကော်ဖီကို သူ့လက်နဲ့ တယုတယ ဖျော်တိုက်ချင်လို့ နေမှာပေါ့"

ယိုရှီတာကာသည် မချိပြုံး ပြုံးကာ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းနေသည်။ သူ့အတွက်နှင့် အာယနဲ၏ အနစ်နာခံ ပေးဆပ်ခဲ့မှုများအကြောင်းကို ဟိရောမိက ပြောလိုက်သည့် အခါတိုင်းတွင် သူသည် ဤသို့သော ဟန်ပန်မျိုးကို ပြုလုပ်ပြတတ်လေ့ ရှိသည်။

ဟိရောမိ ဖျော်ပေးထားသော ကော်ဖီကို သောက်ပြီးသည့် အခါတွင် ယိုရှီတာကာသည် ကော်ဖီကို အားပါးတရ ချီးကျူးနေတော့သည်။

အန်နဲဂေဟာရှိ သင်တန်းများကို တနင်္ဂနွေနေ့များတွင် ပိတ်ထားလေ့ ရှိသည်။ သို့သော် ဟိရောမိသည် အိကဲဘုကုရိုတွင် ဖွင့်လှစ်ထားသော

mgyoe.com

mgyoe.com

အနုပညာသင် ကျောင်းတစ်ကျောင်း၌ အချိန်ပိုင်းဆရာအဖြစ် သင်ကြားပေးနေသေးသည်။ ဤအလုပ်သည်လည်း အာယနဲထံမှ လက်လွှဲယူထားသော အလုပ်တစ်ခု ဖြစ်သည်။

ယိုရှီတာကာသည် ဟိရောမိအား အလုပ်ပြီးပြီးချင်း ဖုန်းဆက်ရန်မှာထားသည်။ သူနှင့် ညစာအတူစားရန် ကြံစည်ထားဟန် တူသည်။ ဟိရောမိအနေဖြင့်လည်း ငြင်းဆန်ရန် အကြောင်း မရှိပေ။

ခုနစ်နာရီကျော်တွင် အနုပညာသင်ကျောင်း၏ အလုပ်များ ပြီးပြတ်သွားသည်။ ဟိရောမိသည် သိမ်းဆည်းစရာ ရှိသည်များကို သိမ်းဆည်းနေရင်း ယိုရှီတာကာထံသို့ ဖုန်းဆက်လိုက်သည်။ ဖုန်းဝင်သွားသော်လည်း ဖုန်းကိုင်မည့်သူ မရှိပေ။ သို့ဖြင့် သူသည် မာရှိဘအိမ်ရှိ အထိုင်ဖုန်းဆီသို့ ဆက်ကြည့်ပြန်သည်။ ထိုနည်းလည်းကောင်း ဖုန်းကိုင်မည့်သူ မရှိပေ။

အိမ်အပြင်သို့ ထွက်သွားခြင်းပေလော။ သို့သော် လက်ကိုင်ဖုန်းကိုမူ ယူမသွားဘဲ အိမ်တွင် ပစ်ထားခဲ့လိမ့်မည် မဟုတ်။

နောက်ဆုံး ဟိရောမိသည် ကြံရာမရဘဲ မာရှိဘအိမ်သို့ သွားကြည့်ရန် ဆုံးဖြတ်လိုက်သည်။ လမ်းတစ်လျှောက်တွင် သူသည် အကြိမ်ကြိမ် ဖုန်းဆက်ကြည့်သေးသည်။ ယခင်ကအတိုင်း ကိုင်မည့်သူ မရှိပေ။

သူသည် ယိုရှီတာကာ၏ အိမ်အရှေ့သို့ ရောက်ရှိလာသည်။ အိမ်အပြင်ဘက်မှ ကြည့်လျှင် ဧည့်ခန်းရှိ အခန်းမီးများက လင်းနေသည်။ သို့သော်လည်း ဖုန်းကိုင်မည့်သူ မရှိ။

ဟိရောမိသည် စိတ်ကို တည်ငြိမ်အောင် ကြိုးစားပြီး အိတ်ထဲမှ သော့ကို ထုတ်ယူလိုက်သည်။ ၎င်းမှာ အာယနဲက သူ့ထံတွင် အပ်နှံထားခဲ့သော သော့ ဖြစ်သည်။

အိမ်ခန်းတံခါးမကြီးကို အတွင်းဘက်မှ လော့ချထားသည်။ သူသည် တံခါးသော့ကို လှည့်ဖွင့်ကာ တံခါးရွက်ကို တွန်းဖွင့်လိုက်သည်။ ဝင်ပေါက် မျက်နှာကြက်ပေါ်ရှိ မီးလုံးကလည်း လင်းထိန်နေသည်။

ဟိရောမိသည် ဖိနပ်ကို ချွတ်၍ လျှောက်လမ်းအတိုင်း အိမ်အတွင်းသို့ လျှောက်ဝင်လာခဲ့သည်။ အခန်းတွင်း၌ ကော်ဖီရနံ့က ထုံသင်းလျက်။ နံနက်ခင်း

mgyoe.com

mgyoe.com SAMPLE BOOK

က ဖျော်ခဲ့သော ကော်ဖီ၏ ရနံ့သည် ယခုချိန်အထိ သင်းပျံ့နေစရာ အကြောင်း မရှိပေ။ ယိုရှီတာကာကိုယ်တိုင် နောက်တစ်ကြိမ် ထပ်ဖျော်ထားခြင်းသာ ဖြစ်ရပေမည်။

ဧည့်ခန်းတံခါးကို တွန်းဖွင့်လိုက်ပြီးသည့် အခိုက်အတန့်တွင် ဟီရောမိသည် ကြက်သေသေသွားသည်။ ယိုရှီတာကာသည် ကြမ်းပြင်တွင် လဲနေပြီး နံဘေးတွင် ကော်ဖီခွက်တစ်ခွက် မှောက်လျက် ရှိနေသည်။ အနက်ရောင် ကော်ဖီရည်များသည် ပါကေးကြမ်းပြင်ပေါ်တွင် ပြန့်ကျဲ ဖိတ်စဉ်နေကြသည်။

လူနာတင်ယာဉ်ကို လှမ်းခေါ်ရမည်။ ဖုန်းဆက်ခေါ်ရမည်။

ဖုန်းနံပါတ်… ဖုန်းနံပါတ်… ဖုန်းနံပါတ်က ဘယ်လောက်လဲ။

ဟီရောမိသည် တုန်ယင်နေသော လက်ဖြင့် လက်ကိုင်ဖုန်းကို အိတ်ထဲမှ ဆွဲထုတ်လိုက်သည်။ သို့သော် မည်သည့်နံပါတ်ကို ခေါ်ဆိုရမည်နည်း။ သူမည်သို့မျှ စဉ်းစားမရတော့ပြီ။

●

mgyoe.com

mgyoe.com SAMPLE BOOK

( ၃ )

လမ်း၏ ဆင်ခြေလျှောတစ်လျှောက်တွင် ကြီးကျယ်ခမ်းနားသော အိမ်ကြီး အိမ်ကောင်းများ အစီအရီ တည်ရှိနေကြသည်။ အိမ်တစ်လုံးချင်းစီ၏ အသွင်အပြင်များသည် မည်မျှ ကြီးကျယ်ခမ်းနားကြောင်းကို မှိန်ဖျော့ဖျော့သာ လင်းလက်နေကြသော လမ်းမီးရောင်ဖြင့်ပင်လျှင် တွေ့မြင်နိုင်သည်။ ဤရပ်ကွက်အတွင်း၌ နေထိုင်သူများသည် ဤသို့သော အိမ်ကြီးအိမ်ကောင်း တစ်လုံးကို ငွေလက်ငင်း ပေးချေဝယ်ယူရန်အတွက် တကူးတက ငွေစုနေရမည့် သူများ မဟုတ်ပေ။

ရဲကား အမြောက်အမြားသည် လမ်းတစ်လျှောက်တွင် ရှေ့နောက် ဆင့်ကာ ရပ်တန့်ထားကြသည်။ ကုစာနာဂိသည် တက္ကစီမောင်းသမား၏ ပခုံးကို ပုတ်လိုက်သည်။

"ဒီနားမှာပဲ ရပ်လိုက်တော့"

ကားပေါ်မှ ဆင်းပြီးနောက် ကုစာနာဂိသည် လမ်းလျှောက်ရင်း လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။ ည ၁၀ နာရီ ကျော်ပြီ။ 'ဒီနေ့လဲ မကြည့်ရပြန်တော့ဘူး' သူ တွေးနေမိသည်။ ဤရုပ်ရှင်ကားကို ရုပ်ရှင်ရုံတွင် ရုံတင်ခဲ့စဉ်ကပင် သွားကြည့်ရန် သူ အခွင့်မကြုံခဲ့။ ထို့နောက် ရုပ်မြင်သံကြားမှ ထုတ်လွှင့်မည်ဟု သတင်းကြားရသောကြောင့် အခွေဆိုင်တွင် ဒီဗီဒီ သွားမဝယ်သေးဘဲ အောင့်အည်း

mgyoe.com

စောင့်မျှော်နေခဲ့သည်။ ဒီည ကြည့်ခွင့်ရပေတော့မည်ဟု ကြုံးဝါးနေခါမှ ရုတ်တရက် အလုပ်ဝင်လာပြန်သည်။ အိမ်ထဲမှ ဒရောသောပါး ထွက်လာခဲ့ရသောကြောင့် ရုပ်ရှင်ကားကို အချိန်မှတ်ပြီး ရက်ကော့ (record) လုပ်ရန် မေ့လျော့သွားခဲ့သည်။

ညဥ့်နက်နေသောကြောင့် ဖြစ်မည်။ အနီးအနားတွင် လာရောက် စပ်စုကြသော လူများကို မတွေ့ရပေ။ သတင်းဌာနမှ လူများလည်း ရောက်ရှိသေးဟန် မတူ။ ကုစာနာဂီ၏ ရင်ထဲတွင် တိတ်တဆိတ် မျှော်လင့်နေမိသည်။ တစ်နေ့ကူးသည်နှင့် အမှုလည်း ပြီးပြတ်သွားပါစေ ဟူ၍။

ပတ်ဝန်းကျင် လုံခြုံရေးကို တာဝန်ယူရသော ရဲသားသည် မျက်နှာထား ခပ်တင်းတင်းဖြင့် အခင်းဖြစ်သော လုံးချင်းတိုက်အိမ်၏ အပေါက်ဝတွင် ရပ်စောင့်နေသည်။ ကုစာနာဂီ ထုတ်ပြသော ရဲသက်သေခံ စာအုပ်ကို ကြည့်ပြီးသည့်အခါတွင် သူ့ကို ခေါင်းဆတ်ကာ ဝင်နိုင်ပြီ ဖြစ်ကြောင်း အချက်ပြလိုက်သည်။

ကုစာနာဂီသည် ခြံတံခါးမကြီးမှ အတွင်းသို့ ဝင်လိုက်ပြီးသည်နှင့် အခြေအနေကို ဝေ့ဝိုက်၍ အကဲခတ်ကြည့်နေသည်။ အိမ်တွင်းရှိ လျှပ်စစ်မီးများ အားလုံး ဖွင့်ထားဟန် တူသည်။ အတွင်းမှ လူများ၏ စကားပြောသံများကိုလည်း တိုးတိုးလျလျ ကြားနေရသည်။

သူသည် အရှေ့မျက်နှာစာရှိ မြက်ခင်းပြင်ကို ကျော်၍ ကြည့်လိုက်သည့်အခါ၌ ခြံစည်းရိုးအနားတွင် လူတစ်ယောက် ရပ်နေကြောင်း တွေ့လိုက်ရသည်။ မှောင်မိုက်လွန်းနေသောကြောင့် မည်သူမည်ဝါ ဖြစ်ကြောင်း သဲသဲကွဲကွဲ မမြင်ရပေ။ သို့သော် ထိုသူ၏ ခန္ဓာကိုယ် အချိုးအစားနှင့် ဆံပင် အတိုအရှည်ကို ကြည့်ခြင်းအားဖြင့် ကုစာနာဂီသည် ထိုသူကို ချက်ချင်း မှတ်မိသွားသည်။ ထိုသူ့ထံသို့ သူ လျှောက်သွားလိုက်သည်။

"နင် ဒီမှာ ဘာလုပ်နေတာလဲ"

ဥကျုမိ ကာအိုရုသည် သူ့ဘက်သို့ အသာအယာ လှည့်လာသည်။ သူ့ကို တွေ့မြင်ရသည့်အတွက် စိုးစိမ့ျ အံ့သြပုံ မရ။

"မင်္ဂလာ ညခင်းပါ ဆရာ"

လေသံကလည်း စဉ်းငယ်မျှ တုန်ယင်ခြင်း မရှိ။

mgyoe.com

mgyoe.com SAMPLE BOOK

"နင်က အိမ်ထဲမဝင်ဘဲ ဒီနေရာမှာ ဘာလာလုပ်နေတာလဲ"

"ဘာရယ် မဟုတ်ပါဘူး"

ဥက္ကာျမိသည် မျက်နှာသေဖြင့် ခေါင်းခါပြသည်။

"ခြံစည်းရိုးနဲ့ ပန်းခြံထဲမှာ ရှိတဲ့ ပန်းပင်တွေကို လာကြည့်နေတာ။ နောက်ပြီး လသာဆောင်ပေါ်က ပန်းပင်တွေကိုရော"

"လသာဆောင် ..."

"ဟောဟိုမှာလေ"

သူက အထက်ဘက်သို့ လက်ညှိုးထိုးပြသည်။

ကုစာနာဂိသည် အထက်သို့ ခေါင်းမော့ကြည့်လိုက်ရာ အပေါ်ထပ်တွင် လသာဆောင်တစ်ခု အမှန်တကယ် တည်ရှိနေသည်။ ၎င်းပေါ်မှ သစ်ပင်ပန်းမန်များ၏ အကိုင်းအခက်တို့သည် လက်ရန်း၏ အပြင်သို့ ကိုင်းညွှတ်ထိုးထွက်နေကြသည်။ သို့သော် ယင်းမြင်ကွင်းသည်လည်း ထူးဆန်းကြီးကျယ်လှသော မြင်ကွင်းမျိုး မဟုတ်ပေ။

"နေစမ်းပါဦး၊ နင်က ဘာဖြစ်လို့ အထဲကို မဝင်တာလဲ"

"အထဲမှာ လူတွေအများကြီးပဲ၊ မျက်စိတောင် နောက်တယ်"

"နင်က လူကျပ်တဲ့ နေရာမျိုး မကြိုက်ဘူးလား"

"လူအပြုံလိုက်ကြီးက နေရာတစ်ခုတည်းကို ဝိုင်းအုံပြီး လှေ့လာနေရင် ဘာအဓိပ္ပာယ်မှ မရှိဘူးလို့ ကျွန်မကတော့ အဲဒီလို ယူဆတာပဲ။ နောက်ပြီး ထ.ရ.ဖ (အထောက်အထား ရှာဖွေရေးအဖွဲ့) ရဲ့ အလုပ်ကိုလဲ အနှောင့်အယှက်ပေးသလို ဖြစ်သွားနိုင်တယ်။ ဒါကြောင့် ပန်းခြံထဲ တစ်ပတ်လောက် ပတ်ကြည့်ဦးမယ်လို့ ဆုံးဖြတ်ထားတာ"

"နင့်ဟာက စုံစမ်းစစ်ဆေးနေတာနဲ့ တူမှ မတူဘဲ၊ ပန်းပင်တွေ အလှကြည့်နေတာကို"

"စောစောကတင် တစ်ပတ် ပတ်ကြည့်ပြီးသွားပြီ"

"ထားပါတော့၊ အခင်းဖြစ်တဲ့ နေရာကိုကော ကြည့်ပြီးပြီလား"

"ခုနက ပြောပြီးပြီလေ၊ အထဲ မရောက်သေးဘူးလို့။ ကျွန်မ အိမ်ပေါက်ဝ ရောက်ရောက်ချင်းမှာပဲ အပြင်ကို လှည့်ထွက်လာခဲ့တာ"

ဥက္ကာျမိ၏ အေးစက်စက် လေသံကြောင့် ကုစာနာဂိသည် သူ့မျက်နှာ

mgyoe.com

mgyoe.com SAMPLE BOOK

ကို နားမလည်နိုင်သော မျက်နှာထားဖြင့် ငေးကြည့်နေမိသည်။ အခင်းဖြစ်ပွားရာနေရာသို့ တခြား မည်သူတစ်ဦးတစ်ယောက်ထက်မဆို ဆောလျင်စွာ ရောက်ရှိနိုင်ရန် မျှော်လင့်တောင့်တနေခြင်းသည် မှုခင်းရဲတစ်ယောက်၏ ဗီဇစိတ် ဖြစ်သည်ဟု ကုစာနာဂိက အစဉ်အမြဲ မှတ်ယူထားခဲ့သည်။ သို့သော် ဤအယူအဆသည် ငယ်ရွယ်နုပျိုသော ဤမှုခင်းရဲမေနှင့် ချိန်ထိုးကြည့်လျှင် မည်သို့မျှ စပ်ဟပ်၍ မရနိုင်အောင် ဖြစ်နေခဲ့သည်။

"နင့်အမြင်ကို ငြင်းမနေချင်ဘူး၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် နင် ငါနဲ့ ခဏ လိုက်ခဲ့ဦး။ ဘယ်အရာကိုမဆို ကိုယ်တိုင် မျက်မြင်ဒိဋ္ဌ မြင်အောင် ကြည့်ထားသင့်တယ်"

ကုစာနာဂိသည် အိမ်တံခါးဝဆီသို့ မျက်နှာမူကာ လျှောက်လှမ်းသွားလေသည်။ ဥကျူမိသည် သူ့အနောက်မှ တိတ်တဆိတ် လိုက်ပါလာသည်။

အမှန်တကယ်ပင် အိမ်ထဲ၌ ရဲများဖြင့် ပြည့်နှက်နေသည်။ ၎င်းတို့အထဲတွင် နယ်မြေခံ ရဲစခန်းမှ မှုခင်းရဲများလည်း ပါဝင်သည်။ ကုစာနာဂိ၏ လုပ်ဖော်ကိုင်ဖက်များလည်း ရောက်ရှိနေကြသည်။

အငယ်တန်း ရဲဝန်ထမ်းတစ်ဦး ဖြစ်သူ ကိရှိတာနိက ကုစာနာဂိကို မြင်သည့်အခါတွင် သွားဖြဲပြကာ သူ့ကို စကားဆိုလေသည်။

"ဒီလောက် အစောကြီး ဆရာ့ကို အလုပ်ထဲ ခေါ်ရတာ စိတ်မကောင်းပါဘူး"

"အဲဒါတွေ ပြောမနေပါနဲ့တော့ကွာ၊ ဒါနဲ့ ဒါက တကယ့်ကို လူသတ်မှုပဲလား"

"မျက်မြင်အရတော့ မပြောနိုင်သေးဘူး ဆရာ။ ဒါပေမဲ့ ဖြစ်နိုင်ခြေတော်တော်များတယ်"

"ဘာဖြစ်လို့လဲ၊ ငါ့ကို အတိုချုံးပြီး ပြောပြစမ်းပါဦး"

"အတိုချုံးပြောရရင် ဒီအိမ်ရဲ့ အိမ်ရှင်အမျိုးသားက ရုတ်တရက် ဆုံးသွားတယ်။ ဧည့်ခန်းထဲမှာ သေသွားတာ။ အိမ်မှာလဲ တစ်ယောက်တည်းပဲ ရှိတယ်"

"တစ်ယောက်တည်း ..."

"ဆရာ ဒီဘက်ကို ကြွ"

mgyoe.com

mgyoe.com SAMPLE BOOK


ကိရှိတာနိသည် ကုစာနာဂိတို့ကို ညှော်ခန်းထဲသို့ ခေါ်ဆောင်သွားသည်။ ၎င်းမှာ မြက်ဖျာ အချပ် ၃၀ စာခန့် (မြက်ဖျာတစ်ချပ်လျှင် ဧရိယာ ၁.၆၂ စတုရန်းမီတာ ရှိသည်) ကျယ်သော အခန်းတစ်ခန်း ဖြစ်သည်။ အခန်းထဲတွင် အစိမ်းရောင်သားရေအစစ်ဖြင့် ချုပ်လုပ်ထားသော ဆိုဖာဝမ်းဆက်တစ်စုံ ရှိသည်။ အလယ်ကောင်တွင် စကျင်ကျောက်ပြားဖြင့် ပြုလုပ်ထားသော စားပွဲကြီး တစ်လုံးကို ချထားသည်။ ၎င်းစားပွဲ၏ ဘေးဘက် ကြမ်းပြင်ပေါ်တွင် လဲကျနေသော လူတစ်ယောက်၏ ပုံသဏ္ဌာန်ကို အဖြူရောင်တိပ်ဖြင့် ပုံဖော်ထားသည်။

ကိရှိတာနိသည် ကုစာနာဂိဘက်သို့ လှည့်လိုက်သည်။

"သေဆုံးသူရဲ့ နာမည်က မာရှိဘ ယိုရှီတာကာပါ၊ ဒီအိမ်ရဲ့ အိမ်ရှင်ပဲ"

"ဒါတော့ ငါ သိတယ်လေ၊ ဒီမရောက်ခင်ကတည်းက ကြားပြီးနှင့်ပြီ။ သူ့ကုမ္ပဏီက ဘာလုပ်တာလဲ"

"အိုင်တီကုမ္ပဏီ ထင်တယ်၊ ဒီနေ့က တနင်္ဂနွေနေ့ ဆိုတော့ သူ အလုပ်မသွားဘူး။ နေ့ခင်းပိုင်းမှာ အပြင်ထွက်ခဲ့သေးသလား ဆိုတာကိုတော့ လတ်တလော မသိရသေးဘူး"

"ကြမ်းပြင်က စိုနေတာပဲကော"

ပါကေး ကြမ်းပြင်ပေါ်တွင် အရည်တစ်မျိုးမျိုး ဖိတ်ကျထားသောကြောင့် ရေကွက်များ အထင်းသား မြင်တွေ့နေရသည်။

"ကော်ဖီပါ ဆရာ"

ကိရှိတာနိက ပြောသည်။

"အလောင်းကို တွေ့တဲ့အချိန်တုန်းက ကြမ်းပြင်ပေါ်မှာ ကော်ဖီတွေ ဖိတ်ကျထားတယ်။ ထ.ရ.ဖ က စုပ်ပြွန်နဲ့ နမူနာယူထားပြီးပြီ။ အဲဒီတုန်းက ကြမ်းပြင်ပေါ်မှာ ကော်ဖီခွက် တစ်ခွက်လဲ ရှိနေသေးတယ်"

"ဘယ်သူက အလောင်းကို စတွေ့တာလဲ"

"အဲ..."

ကိရှိတာနိသည် မှတ်စုစာအုပ်ကို ဖွင့်၍ ဝါကာယာမာ ဟိရောမိ၏ နာမည်ကို ရွတ်ဆိုပြသည်။

"သူက သေဆုံးသူရဲ့ ဇနီးရဲ့ တပည့်မလို့ ပြောတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"တပည့် ..."

"သေဆုံးသူရဲ့ ဇနီးက နာမည်ကျော် စပ်ထည်ပညာရှင် တစ်ယောက်ပါ"

"စပ်ထည်... အဲဒီလိုဟာမျိုး လုပ်တာတောင် နာမည်ကျော်နိုင်သေးတာလား"

"အဲဒီလို ပြောတာပဲ ဆရာ၊ ကျွန်တော်လဲ အရင်က ကြားတောင် မကြားဖူးဘူး"

ပြောပြီးနောက် ကိရိုတာနိသည် အကြည့်ကို ဥက္ကျူမိထံသို့ ပြောင်းရွှေ့လိုက်သည်။

"မိန်းကလေးတွေကတော့ သိမလား မပြောတတ်ဘူး၊ နာမည်က မိတာအာယနဲ တဲ့"

ကိရိုတာနိက နာမည်ကို မှတ်စုစာအုပ်တွင် ရေးပြလိုက်သည်။

"မသိဘူး"

ဥက္ကျူမိက အားမနာတမ်း ငြင်းဆိုလိုက်သည်။

"မိန်းကလေး ဆိုတာနဲ့ပဲ သိရရောလား"

"အဲ ... မဟုတ်ပါဘူး၊ ကျွန်တော် ရမ်းပြောကြည့်တာ"

ကိရိုတာနိက ခေါင်းကုတ်နေသည်။

ဤသို့ နှုတ်လုံထိုးနေကြသော သူတို့နှစ်ယောက်ကို ကြည့်၍ ကုစာနာဂိသည် အသံထွက်အောင် ရယ်လိုက်မိသည်။ အတွေ့အကြုံ နည်းပါးသေးသော ကိရိုတာနိသည် အမှုကြီး မှုပြီးကာမှ ရောက်ရှိလာသော အငယ်တန်း ရဲဝန်ထမ်းကို ဆရာကြီးအထာ လုပ်ပြရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။ သို့သော် ဤရဲမေကိုမူ ဤသို့ အနိုင်ယူချင်၍ မဖြစ်။

"အလောင်းတွေ့တဲ့ ဖြစ်စဉ်ကို ပြောစမ်းပါဦး"

ကုစာနာဂိက ကိရိုတာနိကို မေးလိုက်သည်။

"တကယ်တော့ ဒီအိမ်ရဲ့ အိမ်ရှင်မက မနေ့ကပဲ သူ့အမေအိမ်ကို ပြန်သွားတယ်။ မပြန်ခင် သူ့အိမ်က သော့ကို မစ္စဝါကာယာမာဆီ အပ်ထားခဲ့တာ။ ဘယ်နေ့မှ အိမ်ပြန်လာနိုင်မလဲ ဆိုတာ မသေချာလို့ အရေးပေါ်လာခဲ့သည် ရှိသော် ဆိုပြီး အခုလို သော့အပ်ခဲ့တာလို့ ပြောတယ်။ ညရောက်တော့ မစ္စဝါကာယာမာက မစ္စတာမာရှိဘမျှား အကူအညီ တစ်ခုခု လိုအပ်လေမလား ဆိုပြီး

mgyoe.com

m gyoe.com  SAMPLE BOOK 

စိတ်ပူတာနဲ့ ဖုန်းဆက်ကြည့်တာ။ လက်ကိုင်ဖုန်းရော၊ အထိုင်ဖုန်းပါ ကိုင်မယ့် သူ မရှိဘူးတဲ့။ ဒါနဲ့ သူလဲ စိတ်မချတာနဲ့ ဒီကို ပြေးလာကြည့်တယ်။ သူ့စကား အရဆိုရင် ပထမဆုံးအကြိမ် ဖုန်းဆက်တာ ညနေ ခုနစ်နာရီ ကျော်ကျော်လောက် က။ ဒီအိမ်ကို ရောက်တော့ ရှစ်နာရီ ထိုးခါနီးပြီ"

"အိမ်ထဲ ဝင်ဝင်ချင်း အလောင်းကို တွေ့တယ် ဆိုပါတော့၊ ဟုတ်လား"

"ဟုတ်တယ်၊ အလောင်းကို တွေ့တွေ့ချင်းမှာပဲ သူက လက်ကိုင်ဖုန်း နဲ့ အရေးပေါ်ဖုန်းနံပါတ် ၁၁၉ ကို ဆက်လိုက်တယ်။ အရေးပေါ်ဌာနက လူတွေ ဒီကို ရောက်လာတော့ မာရီဘ ယိုရှီတာကာက အသက်မရှိတော့ဘူး။ ဒါနဲ့ သူတို့က အနီးဝန်းကျင်မှာ ရှိတဲ့ ဆရာဝန်ကို ခေါ်ပြီး အလောင်းကို စစ်ဆေးခိုင်း ခဲ့တယ်။ ဒါနဲ့ စစ်ဆေးကြည့်တဲ့ အခါမှာ သေရတဲ့ အကြောင်းအရင်းက မသင်္ကာ စရာ ကောင်းနေလို့ အရေးပေါ်ဝန်ထမ်းတွေက နယ်မြေရဲစခန်းကို အကြောင်း ကြားလိုက်တယ်။ ဖြစ်စဉ်အကျဉ်းကတော့ အဲဒါပဲ ဆရာ"

ကုစာနာဂိသည် ပါးစပ်မှ အင်း ထူးရင်း ခေါင်းကို ညိတ်ကာ ဥကျူမိ ကို မျက်စောင်းထိုးကြည့်လိုက်သည်။ မည်သည့်အချိန်က အနားမှ သူ ထွက်ခွာ သည် မသိ။ သူသည် အရက်ခွက်ဗီရိုအနားတွင် ရပ်နေလေသည်။

"အလောင်းကို တွေ့တဲ့သူက အခု ဘယ်မှာလဲ"

"မစ္စဝါကာယာမာက အခု ကင်းလှည့်ကားထဲမှာ အနားယူနေတယ်။ ခွဲမှူးလဲ သူ့အနားမှာ ရှိနေတယ်"

"ဘိုးတော်တောင် ရောက်နေပြီလား။ ကင်းလှည့်ကားထဲမှာ ထိုင်နေ မှန်း ငါ သတိတောင် မထားမိခဲ့ဘူး"

ကုစာနာဂိက မျက်မှောင်ကြုတ်နေသည်။

"ဘာကြောင့် သေရတယ် ဆိုတာကိုကော စုံစမ်းလို့ ရပြီးပြီလား"

"အဆိပ်မိတယ်လို့ သံသယရှိနေကြတယ်။ ကိုယ့်ဟာကိုယ် သေ ကြောင်းကြံတဲ့ ဖြစ်နိုင်ခြေကလဲ ရှိနိုင်သေးတာပဲ။ ဒါပေမဲ့ သူများ သတ်တာလဲ ဖြစ်နိုင်တယ်။ ဒါကြောင့်လဲ ကျွန်တော်တို့ကိုပါ ခေါ်ထားတာပေါ့"

"အင်း"

ကုစာနာဂိသည် ဥကျူမိကို ကြည့်ရင်း မီးဖိုဆောင်ထဲသို့ ဝင်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"အလောင်းကို တွေ့တဲ့ အမျိုးသမီးနာမည်က ဝါကာယာမာ ဟိရောမိ မဟုတ်လား။ သူ ဒီအိမ်ထဲကို ဝင်တုန်းက အိမ်တံခါးကို လော့ချထားသေးလား"

"ချထားတယ် ပြောတယ်"

"ဒါဆို ပြတင်းပေါက်နဲ့ မှန်တံခါးတွေကကော... အကုန်လုံး လော့ချထားတာပဲလား"

"နယ်မြေရဲစခန်းက ရဲတွေ ရောက်လာတော့ အပေါ်ထပ်က အိမ်သာရဲ့ ပြတင်းပေါက် ပွင့်နေတာက လွဲလို့ ရှိသမျှ ပြတင်းတံခါး အကုန်လုံး လော့ချထားတယ်လို့ ပြောတယ်"

"အပေါ်ထပ်မှာလဲ အိမ်သာ ရှိသေးတာလား။ အဲဒီပြတင်းပေါက်က လူတစ်ကိုယ်စာ ဝင်ထွက်လို့ ရနိုင်လား"

"စမ်းတော့ မကြည့်မိဘူး၊ ဒါပေမဲ့ ဝင်ထွက်လို့ မရနိုင်လောက်ဘူး ထင်တယ်"

"အဲဒီလို ဆိုမှတော့ ကိုယ့်ဟာကိုယ် သေကြောင်းကြံတာပဲ ဖြစ်တော့မှာပေါ့"

ကုစာနာဂိသည် ဆိုဖာပေါ် ထိုင်ချကာ ခြေထောက်ကို ချိတ်တင်လိုက်သည်။

"ကော်ဖီထဲမှာ တစ်ယောက်ယောက်က အဆိပ်ခတ်ထားပါတယ်လို့ သူတို့က ဘာကြောင့် ထင်ရတာလဲ။ အဲဒီတရားခံကကော ဒီအိမ်ထဲကနေ ဘယ်လိုလုပ်ပြီး ထွက်ပြေးသွားခဲ့တာလဲ။ အတော်လေး ထူးဆန်းမနေဘူးလား။ နယ်မြေရဲစခန်းက ဘာကြောင့် လူသတ်မှုလို့ ယူဆရတာတဲ့လဲ"

"ဟုတ်လဲ ဟုတ်ပါတယ်၊ ဒီလောက် အထောက်အထားနဲ့ ဆိုရင်တော့ လူသတ်မှုလို့ သတ်မှတ်ရတာ တော်တော်ခက်လိမ့်မယ်"

"ဒါ့အပြင် ဘာအထောက်အထားတွေကော ရထားလို့လဲ"

"နယ်မြေရဲစခန်းက ရဲတွေ အခင်းဖြစ်တဲ့ နေရာကို လေ့လာနေကြတဲ့ အချိန်မှာ မစ္စတာမာရှိဘာရဲ့ လက်ကိုင်ဖုန်းကို ဖုန်းဝင်လာတယ်။ သူတို့ ဖုန်းကို ကိုင်ကြည့်လိုက်တော့ အေဘိစုမှာ ရှိတဲ့ စားသောက်ဆိုင် တစ်ဆိုင်က ဖုန်းဆက်လာတာ ဖြစ်နေတယ်။ မစ္စတာမာရှိဘာက အဲဒီစားသောက်ဆိုင်မှာ ညရှစ်နာရီအတွက် ထိုင်ခုံ နှစ်ခုံစာ ဘွတ်ကင်ယူထားတယ်။ လူနှစ်ယောက် ညစာ

mgyoe.com

လာစားမယ်လို့ ပြောတယ်။ ဒါပေမဲ့ ညှော်သည်တွေက အချိန်မီ ရောက်မလာလို့ ဆိုင်ကနေ အကျိုးအကြောင်း သိရအောင် ဖုန်းဆက်မေးတယ်လို့ ပြောတယ်။ ဆိုင်ရဲ့ ပြောစကားအရ ဆိုရင် ညနေ ခြောက်နာရီခွဲလောက်မှာ ဘွတ်ကင်တင်တယ်တဲ့။ ဒါပေမဲ့ စောစောက ပြောခဲ့သလိုပဲ။ မစ္စဝါကာယာမာက မစ္စတာ မာရှိဘာဆီ ခုနစ်နာရီကျော်ကျော်လောက် ဖုန်းဆက်တော့ ဖုန်းကိုင်မယ့်သူ မရှိတော့ဘူး။ ခြောက်နာရီခွဲကမှ ဘွတ်ကင် လုပ်ထားခဲ့တာကို ခုနစ်နာရီထိုး ကျော်တဲ့အချိန်မှာ ဆူဆိုက်လုပ်သွားတယ် ဆိုတော့ နားလည်ရ အတော်လေး ခက်မနေဘူးလား။ ကျွန်တော့် အမြင်အရတော့ နယ်မြေခံရဲတွေရဲ့ အယူအဆက အံမိပွာယ် ရှိတယ်လို့ ထင်တာပဲ"

ကိရှိတာနီ၏ စကားကို ကြားရသည့်အခါတွင် ကုစာနာဂိသည် မျက်မှောင်ကို ကြုတ်လိုက်မိသည်။ ထို့နောက် လက်ညှိုးဖြင့် သူ၏ မျက်ခုံးမွေးကို ကုတ်နေတော့သည်။

"အဲဒီလိုဆိုရင်လဲ အစကတည်းက ပြောရောပေါ့ကွာ"

"ဆောရီးပဲ ဆရာ၊ ဆရာရဲ့ မေးခွန်းတွေက များလွန်းအားကြီးတော့ အဲဒီကို တော်တော်နဲ့ မရောက်နိုင်ဘူး ဖြစ်သွားတယ်"

"ထားပါတော့ကွာ"

ကုစာနာဂိသည် သူ၏ ဒူးကို တစ်ချက်ပုတ်ကာ မတ်တတ်ထရပ်လိုက်သည်။ ထိုအခိုက်တွင် ဥကျုမိသည် မီးဖိုဆောင်ထဲမှ ထွက်လာပြီး အရက်ခွက်ဗီရိုအရှေ့သို့ ပြန်ရောက်နေပြန်သည်။ ကုစာနာဂိသည် သူ့အနားသို့ လျှောက်သွားပြီး သူ့အား မေးခွန်းထုတ်လိုက်လေသည်။

"ကိရှိတာနိက စေတနာနဲ့ ငါတို့ကို အမှုအကြောင်း ရှင်းပြနေတဲ့ဥစ္စာ၊ နင်က ဘာဖြစ်လို့ ဝင်လိုက် ထွက်လိုက် လုပ်နေရတာလဲ"

"ကျွန်မ နားထောင်နေတယ်လေ၊ ကျေးဇူးပဲ ဆရာကိရှိတာနိ"

"အမ်... ရပါတယ်"

ကိရှိတာနိက ပခုံးကို စုံမြှောက်လိုက်သည်။

"ဗီရိုက ဘာထူးခြားနေလို့လဲ"

"ဆရာ ဒီမှာ ကြည့်ကြည့်"

ဥကျုမိက ဗီရိုအတွင်းသို့ လက်ညှိုးထိုးပြသည်။

mgyae.com

"ဒီစင်ပေါ်မှာက တခြားနေရာတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် တစ်ခုခု လိုနေသလိုပဲ"

မှန်၏။ ယင်းနေရာတွင် ဟာတာတာ ဖြစ်နေသည်မှာ သိပ်တော့ သဘာဝ မကျလှ။ ယခင်က ပန်းကန်ခွက်ယောက် တစ်ခုခု ထားဖူးရလိမ့်မည်ဟု ယူဆနိုင်သည်။

"ဟုတ်တယ်"

"စောစောက ကျွန်မ မီးဖိုဆောင်ထဲမှာ ကြည့်ကြည့်တော့ ဆေးကြောထားတဲ့ ရှန်ပိန်ခွက် ငါးခွက်ကို တွေ့တယ်"

"ဒါဆို အဲဒီခွက်တွေကို မူလက ဒီနေရာမှာ ထားထားတာ ဖြစ်မယ်"

"ဟုတ်လောက်တယ်"

"ဒီတော့ ... နင်က ဘာတွေးမိလို့လဲ"

ကုစာနာဂိ၏ အမေးစကားကြောင့် ဥကျူမိသည် သူ့ကို ခေါင်းမော့ကြည့်လိုက်သည်။ နှုတ်ခမ်းကို လှုပ်ရန် ဟန်ပြင်ပြီးနောက် ခေါင်းကို ယမ်းလိုက်ပြန်သည်။ ပြောရန် ရည်ရွယ်ပြီးကာမှ စိတ်ပြောင်းသွားသည့်နှယ်။

"အရေးတော့ မကြီးပါဘူး၊ ကျွန်မ တွေးနေမိတာက မကြာသေးခင်က ဒီအိမ်မှာ မိတ်ဆုံစားပွဲ လုပ်ခဲ့လိမ့်မယ် ထင်တယ်လို့၊ ရှန်ပိန်ခွက် ဆိုတာက အဲဒီလို မိတ်ဆုံစားပွဲမျိုးတွေမှာမှ သုံးတတ်ကြလို့လေ"

"အင်း... ဖြစ်နိုင်ပါတယ်၊ သူတို့လို ပိုက်ဆံရှိကြတဲ့ လူတွေအတွက်တော့ မိတ်ဆုံစားပွဲတွေက ထမင်းစား ရေသောက်လို ဖြစ်နေကြတာ။ ဒါပေမဲ့ စကားကို ပြန်ကောက်ရရင် ဒီအနီးနားဝန်းကျင်မှာ မိတ်ဆုံစားပွဲ လုပ်ခဲ့တယ်ဆိုရင်ကော... သေဆုံးသူရဲ့ ရင်ထဲမှာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံချင်တဲ့ သောကမျိုး မရှိနိုင်ပါဘူးလို့ အာမခံနိုင်တာမှ မဟုတ်ဘဲ"

ကုစာနာဂိက ကိရှိတာနိကို လည်ပြန်ငဲ့ကြည့်ကာ စကားကို ဆက်ပြောလေသည်။

"လူဆိုတဲ့ အမျိုးက ရှုပ်ထွေးပြီး နားလည်ရခက်တဲ့အပြင် ဝိရောဓိတွေနဲ့ ပြည့်နှက်နေတဲ့ သတ္တဝါပဲ။ ပြီးခဲ့တဲ့ တစ်မိနစ်လောက်က လူတွေနဲ့ ပျော်လိုက်ပါးလိုက် လုပ်နေပေမယ့်၊ ပြီးခဲ့တဲ့ တစ်စက္ကန့်လောက်က စားသောက်ဆိုင်မှာ ဘွတ်ကင်တင်နေပေမယ့် သေချင်လာပြီ ဆိုရင်တော့ အချိန်မရွေး သေသွားနိုင်တာပဲ"

mgyoe.com

ကိရိုတာနိသည် နှုတ်မှ "ဟုတ်" ဟုသာ တုံ့ပြန်ပြီး ခေါင်းကို ညိတ်နေရသော်လည်း သူ၏ မျက်နှာထားမှာ နားဝေတိမ်တောင် ဖြစ်နေသည့် ဟန်မျိုး။

"သူ့ဇနီးကကော"

ကုစာနာဂိက မေးသည်။

"ဗျာ"

"အသတ်ခံရ… အဲ… သေဆုံးသူရဲ့ ဇနီးကို မေးတာ။ သူ့ကိုကော အကြောင်းကြားထားပြီးပြီလား"

"ဆက်သွယ်လို့ မရသေးဘူး၊ မစ္စဝါကာယာမာရဲ့ စကားအရဆိုရင် သူ့ဇနီးရဲ့ အမေ့အိမ်က ဆပ်ပိုရိုမှာ ရှိတာ။ မြို့တွင်းရေိယာနဲ့ တော်တော်လေး လှမ်းတယ်။ ဆက်သွယ်လို့ ရပြီ ဆိုရင်တောင် ဒီညတော့ ဘယ်လိုနည်းနဲ့မှ ပြန်မရောက်နိုင်ဘူး"

"ဟော့ကိုင်းဒိုးမှာ ဆိုရင်တော့ ညတွင်းချင်းကို ဘယ်နည်းနဲ့မှ မရောက်နိုင်ဘူး"

ကုစာနာဂိသည် ရင်ထဲမှ ကျိတ်ပျော်နေမိသည်။ အကယ်၍သာ သေဆုံးသူ၏ ဇနီးသည် ညတွင်းချင်း ပြန်ရောက်လာနိုင်မည် ဆိုလျှင် သူ မရောက်မချင်း တစ်ဦးတစ်ယောက်က ထိုင်စောင့်နေရတော့မည်။ ယခုလို အခြေအနေမျိုးတွင် ခွဲမှုူးမာမီယာသည် ၎င်းတာဝန်ကို ကုစာနာဂိအားသာ ပေးလိမ့်မည်မှာ မြေကြီးလက်ခတ် မလွဲပေ။

ယခုအချိန်တွင် အခါလင့်နေပြီ ဖြစ်သောကြောင့် ပတ်ဝန်းကျင် အိမ်နီးနားချင်းများထံမှ သတင်းများကို မနက်ဖြန်မှသာ စတင် စုဆောင်းကြပေလိမ့်မည်။ ကုစာနာဂိက သည်ညတွင် ဤမျှနှင့် အလုပ်သိမ်းရန် မျှော်လင့် တောင့်တနေသည့်အခိုက် တံခါးပွင့်လာသည်။ မာမီယာ၏ လေးထောင့်စပ်စပ် မျက်နှာက သူ၏ မြင်ကွင်းထဲသို့ တိုးဝင်လာတော့သည်။

"ကုစာနာဂိ၊ မင်း ရောက်နေပြီကိုး။ အတော်ကို နှေးတဲ့ ကောင်ပဲ"

"ရောက်နေတာ ကြာပါပြီ ဆရာ၊ ဖြစ်စဉ်အကျဉ်းချုပ်ကို ကိရိုတာနိဆီကနေ နားထောင်ပြီးသွားပါပြီ"

မာမီယာက ခေါင်းညိတ်ကာ နောက်လှည့်ပြောလိုက်သည်။

"အထဲကို ကြွပါ"

mgyoe.com

mgyoe.com SAMPLE BOOK

ညှော်ခန်းထဲသို့ လျှောက်ဝင်လာသူမှာ အသက် ၂၄-၅ နှစ်အရွယ် ကိုယ်ခန္ဓာ သေးသွယ်သော အမျိုးသမီးတစ်ဦး ဖြစ်သည်။ သူ၏ ပခုံးထက်တွင် ဝဲပျံနေသော ဆံပင်များသည် ယခုခေတ် မိန်းကလေး အများစုတွင် မြင်ရခဲလှစွာသော သဘာဝ နက်မှောင်သည့် အမည်းရောင်။ ဤသို့သော ဆံနွယ်များကြောင့် သူ၏ အသားအရေမှာ ပို၍ ဖြူဆွတ်သွားသယောင်။ လက်ရှိ အခြေအနေတွင် သူ၏ မျက်နှာသည် ဖြူဆွတ်နေသည်ဟု ပြောမည့်အစား ဖြူဖပ်ဖြူရော် ဖြစ်နေသည်ဟု သုံးနှုန်းမှသာ ပို၍ သင့်လျော်ပေလိမ့်မည်။ သို့သော် မည်သို့ပင်ရှိစေ၊ သူသည် မိန်းမလှတစ်ဦး ဖြစ်ကြောင်းကိုမူ မည်သို့မျှ ငြင်းကွယ်၍ မရနိုင်ပေ။ ထို့အပြင် ဝတ်ဆင် ခြယ်သထားပုံမှာလည်း သပ်ရပ်ကြော့ရှင်းနေသည်။

ထိုသူမှာ ဝါကာယာမာ ဟိရောမိ ဖြစ်ကြောင်း ကုစာနာဂိက ချက်ချင်း ရိပ်စားမိလိုက်သည်။

"ခင်ဗျား ဒီအိမ်ထဲကို ဝင်ဝင်ချင်းမှာပဲ အိမ်ရှင်ရဲ့ အလောင်းကို တွေ့လိုက်ရတယ်လို့ ပြောသံ ကြားတယ်။ အဲဒါ အမှန်ပဲလား။ ခင်ဗျားက အခု ရပ်နေတဲ့ နေရာကနေ အလောင်းကို မြင်လိုက်ရတာလား"

မာမီယာ၏ အမေးစကားကို ကြားသည့်အခါတွင် ဟိရောမိသည် ခေါင်းကို ငုံ့ထားလျက် ဆိုဖာခုံဘက်သို့ ဝေ့ကြည့်လိုက်သည်။ အလောင်းကို တွေ့မြင်ခဲ့စဉ်က ပုံရိပ်များကို ပြန်လည် မြင်ယောင်ကြည့်နေသည့်နှယ်။

"ဟုတ်ကဲ့၊ ဒီနားလောက်မှာပဲ ဖြစ်ပါလိမ့်မယ်"

သူ၏ ကိုယ်ခန္ဓာအချိုးအစားမှာ သွယ်လျပြီး မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေသောကြောင့်လား မဆိုနိုင်။ ကုစာနာဂိ၏ အမြင်တွင် သူသည် မတ်မတ် ရပ်နိုင်ဖို့ပင် ခက်ခက်ခဲခဲ ကြိုးစားယူနေရဟန် ရှိသည်။ အလောင်းကို တွေ့မြင်ခဲ့စဉ်က ဖြစ်ပေါ်ခဲ့သော ထိတ်လန့်တုန်လှုပ်မှုသည် ယခုအချိန်အထိ ပြယ်လွင့်ပျောက်ပျက်သေးခြင်း မရှိသေးကြောင်း အထင်းသား ပေါ်လွင်နေသည်။

"တစ်မြန်မနေ့ညကလဲ ဒီအိမ်ကို ရောက်သေးတယ် ဆိုတော့ အဲဒါက အခင်းမဖြစ်ခင် ဒီအိမ်ကို နောက်ဆုံးအကြိမ် ရောက်ခဲ့တာလား"

မာမီယာက သူ့ကို မေးလိုက်သည်။

ဟိရောမိက ခေါင်းညိတ်ကာ ဟုတ်မှန်ကြောင်း ပြန်ဖြေသည်။

mgyoe.com

mgyoe.com

"အခုလက်ရှိ အခန်းတွင်း အခြေအနေနဲ့ အဲဒီတုန်းက အခြေအနေ၊ ဘာတွေများ ကွာခြားနေတာ ရှိလဲ။ ဘယ်လောက် သေးမွှားတဲ့ အပြောင်းအလဲမျိုး ဖြစ်နေပါစေ၊ ကျွန်တော်တို့ကို ပြောပြပေးပါ"

ဟိရောမိသည် အခန်းတွင်းသို့ ဘေးဘီဝဲယာ လှျောက်ကြည့်ပြီး ခေါင်းကို ခါယမ်းလိုက်သည်။

"ကျွန်မ မပြောတတ်ဘူး၊ တစ်မြန်မနေ့က ဒီအိမ်မှာ လူတွေ အများကြီး ရှိတယ်။ အတူတူ ညစာစားခဲ့ကြတာ ..."

သူ၏ အသံက တုန်ယင်နေသည်။

မာမီယာက မျက်မှောင်ကြုတ်လျက် ခေါင်းညိတ်နေသည်။ မျက်နှာပေါ်မှ သူ၏ အမူအရာက "ဘာတတ်နိုင်မှာလဲ" ဟု ပြောနေသယောင်။

"ဒီနေ့ တစ်နေကုန်လုံး အလုပ်ပင်ပန်းနေတာတောင် ခင်ဗျားကို ထပ်ပြီး ဒုက္ခပေးသလို ဖြစ်နေပြီ။ ကျွန်တော် တောင်းပန်ပါတယ်။ ဒီညတော့ ကောင်းကောင်းလေး အနားယူလိုက်ပါဦး။ ဒါပေမဲ့ မနက်ဖြန်ကျရင် ကျွန်တော်တို့ ခင်ဗျားဆီကနေ သက်ဆိုင်တဲ့ သတင်းတချို့ ယူစရာ ရှိနေပါသေးတယ်။ အဆင်ပြေမယ် မဟုတ်လား"

"ကိစ္စ မရှိပါဘူး၊ ဒါပေမဲ့ ရှင်တို့ကို ထပ်ပြောပြစရာလဲ ဘာမှ မရှိတော့ဘူး ထင်တာပဲ"

"ခင်ဗျား ပြောတာ မှန်ကောင်း မှန်ပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်တို့ အနေနဲ့က ဖြစ်နိုင်ရင် စုံနိုင်သမျှ စုံအောင် အဖြစ်အပျက် အသေးစိတ်ကို သိချင်တာပါ။ ကျေးဇူးပြုပြီး တတ်နိုင်သလောက် ကျွန်တော်တို့ကို ကူညီပါဦးလို့ တောင်းပန်ပါရစေ"

ဟိရောမိက ခေါင်းငုံ့မြဲ ငုံ့နေဆဲ။ "ဟုတ်" ဟုသာ တိုတိုပြတ်ပြတ် ပြန်ပြောလိုက်သည်။

"ရဲဘော်တစ်ယောက်က ခင်ဗျားကို အိမ်ပြန်ပို့ပေးပါလိမ့်မယ်"

ပြောပြီး မာမီယာက ကုစာနာဂိကို လှမ်းကြည့်သည်။

"မင်း ဒီနေ့ ဘာနဲ့ လာတာလဲ၊ ကားပါလား"

"ကျွန်တော် တက္ကစီငှားလာတာ"

"ဘာတုံးကွာ၊ ဒီနေ့ကျမှ မင်းက ..."

"အခုတစ်လော ကျွန်တော် ကား သိပ်မမောင်းဖြစ်ဘူး"

mgyoe.com SAMPLE BOOK

မာမီယာသည် စိတ်ပျက်လက်ပျက်ဖြင့် ပါးစပ်မှ ကျွတ်ခနဲ အသံပြု လိုက်စဉ် ဥက္ကျူမိထံမှ စကားသံ ထွက်ပေါ်လာသည်။

"ကျွန်မမှာ ကားပါတယ်"

ကုစာနာဂိက တအံ့တသြဖြင့် ခေါင်းလှည့်ကြည့်လိုက်မိသည်။

"နင် ကားမောင်းလာတယ် ... ပိုက်ဆံ အတော်ပေါနေပါလား"

"ကားမောင်းရင်း ညစာ သွားစားဖို့ စီစဉ်နေတုန်း ဆရာတို့ဆီက ဖုန်းဝင်လာတာနဲ့ ဒီကို တန်းလာခဲ့တာပါ၊ ဆောရီးပဲ"

"တောင်းပန်စရာ မလိုပါဘူး၊ အဲဒီလိုဆိုရင် မစ္စဝါကာယာမာကို နင့်ကားနဲ့ အိမ်လိုက်ပို့ပေးလို့ ရမလား"

မာမီယာက မေးသည်။

"ဟုတ်၊ ရပါတယ်၊ ဒါပေမဲ့ မသွားခင် မစ္စဝါကာယာမာကို မေးခွန်း တစ်ခု မေးလို့ ရမလား"

ဥက္ကျူမိ၏ စကားကြောင့် မာမီယာ၏ မျက်နှာမှ အံ့အားသင့်သော အရိပ်အယောင် ထွက်ပေါ်လာသည်။ ဟိရောမိလည်း အနည်းငယ် တုန်လှုပ် သွားပုံ ရသည်။

"ဘာမေးမလို့လဲ"

မာမီယာက မေးသည်။

ဥက္ကျူမိသည် ရှေ့တစ်လှမ်းတိုးကာ သူ၏ မျက်လုံးအစုံဖြင့် ဟိရောမိ ၏ မျက်နှာကို ပေါက်ထွက်လုမတတ် စိုက်ကြည့်နေသည်။

"မစ္စတာမာရှိဘက ကော်ဖီသောက်နေတုန်းမှာပဲ ရုတ်တရက် လဲကျ သေဆုံးသွားတာ ဖြစ်ဖို့ များတယ်။ သူက ကော်ဖီသောက်ရင် ခွက်ခံ ပန်းကန် ပြားကို သုံးလေ့ မရှိဘူးလား"

ဟိရောမိသည် ပြူးတူးပျာတာ ဖြစ်ကာ အကြည့်များကို ရှောင်လွှဲနေ လေသည်။

"အဲ ဟိုဟာ... သူတစ်ယောက်တည်း သောက်တဲ့ အချိန်မှာ ဆိုရင် တော့ မသုံးဘူး ထင်တယ်"

"ဆိုတော့ကာ မနေ့က၊ ဒါမှမဟုတ် ဒီနေ့ ဧည့်သည်လာသွားတဲ့ သဘော ပေါ့။ အဲဒါကို ရှင် သိလား"

mgyoe.com

SAMPLE BOOK

ဥက္ကာမိသည် အဘယ်ကြောင့် ဤသို့ အပိုင် ပြောနိုင်ရသနည်း။ ကုစာနာဂိသည် နားမလည်နိုင်သော မျက်နှာပေးဖြင့် တစ်စောင်းရပ်နေသော ဥက္ကာမိကို လှမ်းကြည့်လိုက်သည်။

"ညော့်သည် လာခဲ့ဖူးတယ်လို့ နင်က ဘယ်လိုလုပ် သိတာလဲ"

"မီးဖိုဆောင်ထဲက လက်ဆေးကန်ထဲမှာ မဆေးရသေးတဲ့ ကော်ဖီခွက် တစ်ခွက်နဲ့ ခံပန်းကန်ပြား နှစ်ချပ် ရှိတယ်။ တကယ်လို့သာ မစ္စတာမာရှီဘ တစ်ယောက်တည်း သောက်တယ် ဆိုရင် ခံပန်းကန်ပြား ရှိနေမှာမဟုတ်ဘူး"

ကိရှိတာနိက မီးဖိုဆောင်ထဲသို့ ဝင်သွားပြီး ချက်ချင်း ပြန်ထွက်လာသည်။ သူက အတည်ပြုပေးလိုက်သည်။

"ဥက္ကာမိ ပြောတာ အမှန်ပဲ၊ လက်ဆေးကန်ထဲမှာ ကော်ဖီခွက် တစ်ခွက်နဲ့ ခံပန်းကန်ပြား နှစ်ချပ် ရှိတယ်"

ကုစာနာဂိနှင့် မာမီယာတို့သည် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက်ပြီးနောက် ချက်ချင်းဆိုသကဲ့သို့ သူတို့၏ အကြည့်များကို ဟိရောမိ၏ ကိုယ်ပေါ်သို့ ပြောင်းရွှေ့လိုက်ကြသည်။

"အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျား ဘာများ စဉ်းစားမိလဲ"

ဟိရောမိသည် မျက်နှာပျက်ကာ ခေါင်းကို ကမန်းကတန်း ခါယမ်းလိုက်သည်။

"ကျွန်မ ... ကျွန်မ မသိဘူး၊ တစ်မြန်မနေ့ည ဒီအိမ်က ထွက်လာပြီးကတည်းက ကျွန်မ ဒီကို ထပ်မလာဖြစ်တော့ဘူး။ ဘယ်သူတွေ လာသေးသလဲဆိုတာကိုလဲ ကျွန်မ မသိဘူး"

ကုစာနာဂိသည် မာမီယာကို နောက်တစ်ကြိမ် လှမ်းကြည့်လိုက်ပြန်သည်။ မာမီယာသည် တစ်စုံတစ်ရာကို တွေးတောနေဟန်ဖြင့် ခေါင်းညိတ်နေသည်။ ထို့နောက်...

"ကျွန်တော် နားလည်ပါပြီ၊ အခုလို ညဉ့်နက်တဲ့အထိ ကျွန်တော်တို့ကို ပူးပေါင်း ကူညီပေးတဲ့အတွက် အထူး ကျေးဇူးတင်ပါတယ်။ ဥက္ကာမိ၊ သူ့ကို အိမ်ပြန်ပို့ပေးလိုက်ပါဦး။ ကုစာနာဂိ၊ မင်းလဲ အတူလိုက်သွားလိုက်"

"ဟုတ်"

mgyoe.com

mgyoe.com SAMPLE BOOK

ကုစာနာဂိသည် မာမီယာ၏ ရည်ရွယ်ချက်ကို သဘောပေါက်သည်။ ဟိုရောမိသည် အကြောင်းအချက်တချို့ကို ရည်ရွယ်ချက်ရှိရှိ ဖုံးကွယ်ထားမှန်း သိသာနေသည်။ မာမီယာက သူ့အား ထိုအရာများကို အစ်အောက်ကြည့်စေလိုသည်။

သုံးယောက်သား အိမ်ထဲမှ ထွက်လာပြီးသည့်အခါတွင် ဥကျူမိက ပြောသည်။

"ဒီမှာ ခဏ ရပ်စောင့်ပေးပါလား၊ ဒီကို ကျွန်မ ကားမောင်းလာခဲ့မယ်"

သူသည် သာမန် အရပ်သုံးကားကို မောင်းလာခဲ့သောကြောင့် အခပေး ယာဉ်ရပ်နားကွင်း၌ ကားကို ရပ်ထားခဲ့ရသည်။

ကားအလာကို စောင့်နေကြစဉ် ကုစာနာဂိသည် ဟိုရောမိ၏ အခြေအနေကို တိတ်တဆိတ် အကဲခတ်ကြည့်သည်။ သူ့ကို ကြည့်ရသည်မှာ လုံးလုံးလျားလျား စိတ်ဓာတ်ကျနေသည့်ပုံ ပေါက်နေသည်။ လူသေအလောင်းကို တွေ့မြင်လိုက်ရသောကြောင့် ထိတ်လန့် တုန်လှုပ်နေသည့် အခြေအနေမျိုးထက် ပိုကဲသာလွန်နေသည်။

"ခင်ဗျား မချမ်းဘူးလား"

ကုစာနာဂိက မေးသည်။

"ရပါတယ်"

"မူလအစီအစဉ်အတိုင်း ဆိုရင် ခင်ဗျား ဒီည အပြင်ထွက်ဖို့ ရှိလား"

"ဘယ် ... ဘယ်လိုလုပ် ရှိနိုင်မလဲ"

"ဟုတ်လား၊ ကျွန်တော် စောစောက စဉ်းစားကြည့်နေတာ။ ခင်ဗျား ဒီည သူများနဲ့ ချိန်းထားသေးသလားလို့"

ကုစာနာဂိ၏ စကားကို ကြားလိုက်ရသည့်အခါတွင် ဟိုရောမိသည် တံတွေးကို နှစ်ကြိမ် သုံးကြိမ်မျှ မျိုချလိုက်သည်။ သူ၏ မျက်နှာက အနည်းနှင့်အများ ဟန်ပျက်နေသည်။

"ဒီမေးခွန်းကို သူတို့တွေ အကြိမ်ကြိမ် မေးခဲ့ပြီးလောက်ပြီ ထင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် နောက်ထပ်တစ်ခေါက် ထပ်မေးလို့ ရမလား"

"ဘာများလဲ"

"ဒီညမှာ မစ္စတာမာရှိဘာဆီ ဖုန်းဆက်ဖို့ ခင်ဗျား ဘာကြောင့် စိတ်ကူးမိခဲ့တာလဲ"

mgyoe.com

"ကျွန်မ ပြောခဲ့ပြီးပြီပဲ၊ ဆရာမက အိမ်သော့ကို ကျွန်မဆီမှာ အပ်ထားခဲ့တယ်လေ။ ဒီတော့ ကျွန်မအနေနဲ့ သူ့အိမ်ကို ပုံမှန် ဆက်သွယ်ဖို့ တာဝန်ရှိတယ်လို့ ယူဆမိတယ်။ တကယ်လို့သာ မစ္စတာမာရှိဘမှာ အကူအညီ လိုအပ်နေမယ် ဆိုရင် ကျွန်မ သူ့ကို ကူညီပေးရမယ်လေ"

"ဖုန်းဆက်တာ မကိုင်လို့ ခင်ဗျားက သူ့အိမ်ကို ရောက်သွားတယ် ဆိုပါတော့၊ အဲဒီလိုလား"

သူက ခေါင်းကို အသာအယာ ညိတ်ပြီး "ဟုတ်တယ်" ဟု ပြောလိုက်သည်။

ကုစာနာဂိက နားမရှင်းသည့်ဟန်ဖြင့် ဆက်မေးလေသည်။

"လက်ကိုင်ဖုန်းကို မကိုင်ဘူး ဆိုတဲ့ အခြေအနေမျိုးက ပုံမှန် ဖြစ်တတ်တဲ့ သဘာဝပဲလေ။ အထိုင်ဖုန်းလဲ အတူတူပဲ။ အဲဒီအချိန်တုန်းက မစ္စတာ မာရှိဘ အပြင်ထွက်သွားတာ ဖြစ်နိုင်တယ်လို့ ခင်ဗျား မတွေးကြည့်မိဘူးလား။ နောက်ပြီး ဖုန်းမကိုင်နိုင်တဲ့ အခြေအနေမျိုးနဲ့ ကြုံတွေ့နေရတာမျိုးလဲ ဖြစ်နိုင်တာပဲ"

ဟိရောမိသည် တစ်ခဏမျှ တိတ်ဆိတ်နေပြီးနောက် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ကျွန်မ မစဉ်းစားမိဘူး"

"ဘာဖြစ်လို့လဲ၊ ခင်ဗျားက ဘာကို စိတ်ပူနေတာလဲ"

"ကျွန်မ ဘာကိုမှ စိတ်မပူပါဘူး၊ အဲဒီတုန်းက စိတ်ထဲ တစ်မျိုးဖြစ်နေလို့"

"ဘယ်လို... စိတ်ထဲ တစ်မျိုးဖြစ်နေတယ် ..."

"ဟုတ်တယ်လေ၊ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတာကြောင့် ဒီအိမ်ကို ကျွန်မ လာကြည့်ကြည့်တာပေါ့၊ မရဘူးလား"

"ရပါတယ်၊ ကျွန်တော် တွေးကြည့်တာပါ။ တကယ်လို့သာ တခြားလူတစ်ယောက်က ခင်ဗျားဆီမှာ သော့အပ်ထားရုံ သက်သက်နဲ့တင် ခင်ဗျားက ဒီလောက်တောင် ဂရုတစိုက် စောင့်ရှောက် ကြည့်ရှုပေးနေတယ် ဆိုတော့ ကျွန်တော့်အတွက် အထူးအဆန်း ဖြစ်နေလို့ပါ။ အဲဒီလိုလူမျိုးက အတော်ကို ရှာမှရှား ဖြစ်သွားပြီလေဗျာ။ နောက်ပြီး လက်တွေ့မှာလဲ ခင်ဗျား စိတ်ထင့်နေတဲ့ အတိုင်း မကောင်းတာကြီးက တကယ်ဖြစ်လာခဲ့တာ ဆိုတော့ ခင်ဗျားရဲ့ လုပ်ရပ်က ချီးကျူးဂုဏ်ပြုချင်စရာ ဖြစ်နေတာပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

ဟိရောမိသည် မျက်နှာကို တစ်ဖက်သို့ လွှဲပစ်လိုက်သည်။ ကုစာနာဂိ၏ ပြောစကားသည် စိတ်ရင်းအတိုင်း ပြောဆိုနေခြင်း မဟုတ်ကြောင်း နားလည်နေသည့်နှယ်။

အိမ်ပေါက်ဝသို့ နီညိုရောင် ပါဂျယ်ရိုတစ်စီး ရောက်ရှိလာသည်။ ကားတံခါးပွင့်ကာ အထဲမှ ဥကျူမိ ထွက်လာသည်။

"ဖိုးပိုးပါလား"

ကုစာနာဂိ၏ မျက်လုံးများ ပြူးကျယ်သွားသည်။

"မောင်းရတာတော့ အတော် ညက်တယ်။ မစ္စဝါကာယာမာ၊ သွားကြရအောင်"

ဟိရောမိသည် နောက်ခုံတွင် ဝင်ထိုင်ပြီး ကုစာနာဂိလည်း သူ့ နံဘေးတွင် ဝင်ထိုင်လိုက်သည်။

ဥကျူမိသည် ယာဉ်မောင်းထိုင်ခုံတွင် ထိုင်ပြီးသည်နှင့် သွားရမည့် ခရီးစဉ်ကို လမ်းညွှန် app တွင် ဆက်တင် ထည့်နေလေသည်။ ဟိရောမိသည် ဂါကုဂဲအိ-ဒါအိဂကု ဘူတာရုံအနီးတွင် နေထိုင်ကြောင်း ကြိုတင် စုံစမ်းထားပြီးဖြစ်ဟန်တူသည်။

ကားထွက်ပြီး များမကြာခင်မှာပင် ဟိရောမိထံမှ စကားသံ ထွက်ပေါ်လာသည်။

"မစ္စတာမာရှိဘာက မတော်တဆ၊ ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လို့ သေသွားတာ မဟုတ်ဘူးလား"

ကုစာနာဂိက ယာဉ်မောင်းထိုင်ခုံဘက်သို့ လှမ်းကြည့်လိုက်သည်။ နောက်ကြည့်မှန်မှ လှမ်းကြည့်လိုက်သော ဥကျူမိနှင့် အကြည့်ချင်း ဆုံမိကြသည်။

"ရင်ခွဲစစ်ဆေးတဲ့ အဖြေမရမချင်း ကျွန်တော်တို့ ဘာကိုမှ အတိအကျ ပြောနိုင်ဦးမှာ မဟုတ်ဘူး"

"ဒါပေမဲ့ ရှင်တို့ အားလုံးက လူသတ်မှုကို တာဝန်ယူရတဲ့ မှုခင်းရဲတွေ မဟုတ်လား"

"ကျွန်တော်တို့က မှုခင်းရဲတွေပါ။ ဒါပေမဲ့ လက်ရှိအခြေအနေအရ လူသတ်မှု ဖြစ်နိုင်တယ် ဆိုတဲ့ မှန်းဆချက်မှာပဲ ရပ်တန့်နေပါသေးတယ်။ အဲဒီ

mgyoe.com

mgyoe.com SAMPLE BOOK

ထက်တော့ ကျွန်တော်တို့လဲ ဘာမှ မပြောနိုင်သေးဘူး။ ပြောရရင် ကျွန်တော်တို့ ကိုယ်တိုင်လဲ ဘာမှ ဟုတ်တိပတ်တိ သိရသေးတာ မဟုတ်ဘူး"

"အဲဒီလိုလား"

ဟိရောမိက တိုးညင်းစွာ ရေရွတ်လိုက်သည်။

"မစ္စဝါကာယာမာ၊ ကျွန်တော့်ကို မေးခွန်းတစ်ခု မေးခွင့်ပြုပါ။ တကယ်လို့သာ ဒီအမှုက လူသတ်မှု ဖြစ်နေခဲ့မယ် ဆိုရင် လူသတ်တရားခံက ဘယ်သူ ဖြစ်နိုင်တယ် ဆိုတဲ့အပေါ် ခင်ဗျား စဉ်းစားမိတာမျိုး ရှိလား"

ဟိရောမိထံမှ စကားသံ ထွက်ပေါ်မလာဘဲ ပင့်သက်ရှိုက်သံကိုသာ ဦးစွာ ကြားလိုက်ရသည်။ ကုစာနာဂိသည် သူ၏ နှုတ်ခမ်းကို စိုက်ကြည့်နေသည်။

"ကျွန်မ မပြောတတ်ဘူး... မစ္စတာမာရှိဘာနဲ့ ပတ်သက်ပြီးတော့ ပြောရမယ် ဆိုရင်လဲ သူက ဆရာမရဲ့ အမျိုးသား ဆိုတာလောက်ပဲ သိတယ်။ တခြားဟာတွေကိုတော့ ကျွန်မ ဘာမှ မသိဘူး"

သူက နုံးချည့်နေသော လေသံဖြင့် ပြန်ဖြေသည်။

"ဟုတ်လား၊ ချက်ချင်း မဖြေနိုင်ရင်လဲ ကိစ္စမရှိပါဘူး။ တကယ်လို့ နောက်နောင် စဉ်းစားမိလာခဲ့ရင် ကျွန်တော့်ကို အသိပေးပါဦးလို့ တောင်းဆိုပါရစေ"

သို့သော် ဟိရောမိက ခွန်းတုံ့ပြန်ခြင်း မရှိ၊ ခေါင်းကလေးပင် ညိတ်ဖော်မရပေ။

ဟိရောမိသည် သူ နေသည့် တိုက်ခန်းအရောက်တွင် ကားပေါ်မှ ဆင်းသွားသည်။ ကုစာနာဂိသည် ယာဉ်မောင်း ဘေးခုံတွင် ပြောင်းထိုင်လိုက်သည်။

"ဘယ်လို သဘောရလဲ"

သူက ရှေ့တည့်တည့်သို့ ကြည့်ရင်း မေးလိုက်သည်။

"သူက အတော်ကို စိတ်ခိုင်တဲ့ လူပဲ"

ဥကျူမိသည် ကားစက်နှိုးရင်း ပြန်ဖြေသည်။

"စိတ်ခိုင်တယ် ..."

"သူ ဒီတစ်လျှောက်လုံး မျက်ရည်မကျအောင် အောင့်ထားနိုင်ခဲ့တယ် မဟုတ်လား။ ကျွန်မတို့ရဲ့ အရှေ့မှာ သူ မျက်ရည် တစ်စက်ကလေးတောင် မကျခဲ့ဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

"သူ့အတွက် အဲဒီလောက် ကြေကွဲစရာ မကောင်းလို့လဲ ဖြစ်ချင် ဖြစ်မှာပေါ့"

"ဟင့်အင်း... ကျွန်မအထင်တော့ သူ ငိုတော့ ငိုခဲ့ဖူးမှာပဲ။ လူနာတင်ယာဉ်ကို စောင့်နေတဲ့ အတောအတွင်းမှာ တစ်ချိန်လုံး သူ ငိုနေလောက်တယ်"

"ဘာကြောင့် အဲဒီလို ပြောနိုင်ရတာလဲ"

"သူ့မျက်လုံးထောင့်မှာ ရှိတဲ့ မိတ်ကပ်ကို ကြည့်ကြည့်ပေါ့။ မိတ်ကပ်တွေ ပျက်သွားပြီးကာမှ ပြန်ဖာထားတဲ့ အရိပ်အယောင်တွေ တွေ့နေရတယ်"

ကုစာနာဂိသည် အငယ်တန်းရဲမေ၏ မျက်နှာတစ်ခြမ်းကို စူးစိုက်ကြည့်နေမိသည်။

"ဟုတ်လား"

"မှားစရာ မရှိပါဘူး"

"မိန်းမတွေရဲ့ အမြင်က တော်တော်ကို စူးရှတာပဲ။ ငါ နင့်ကို ချီးကျူးနေတာနော်"

"ကျွန်မ သိပါတယ်"

သူက ပြုံးလျက် ပြန်ဖြေသည်။

"ဆရာ... ဆရာရဲ့ အမြင်ကကော"

"တစ်ခွန်းတည်း ပြောရရင် အတော်တော့ မသင်္ကာစရာ ကောင်းတယ်။ သူများအိမ်က သော့ကို ခဏ သိမ်းထားပေးရတယ်ပဲ ထားဦး၊ ဘယ်မိန်းမပျိုကမှ ယောကျာ်းတစ်ယောက်တည်း ရှိနေတဲ့အိမ်ကို အခုလို အလွယ်တကူ ဝင်ထွက်နေမှာ မဟုတ်ဘူး"

"ကျွန်မလဲ အဲဒီလိုပဲ သဘောရတယ်။ ကျွန်မသာဆိုရင် သေတောင် မသွားဘူး"

"တကယ်လို့သာ သူက သေဆုံးသူနဲ့ ထူးခြားတဲ့ ဆက်ဆံရေးမျိုး ရှိနေမယ် ဆိုရင်ကော။ ဒီစကားက စိတ်ကူးယဉ်လွန်းရာ ရောက်နေမလား"

ဥကျူမိသည် ထွက်သက်ကို မှုတ်ထုတ်လိုက်သည်။

"စိတ်ကူးယဉ် မဆန်ပါဘူး။ တကယ့်လက်တွေ့မှာလဲ အဲဒီလို ဖြစ်ချင် ဖြစ်နေမှာ။ နောက်ပြီး သူတို့နှစ်ယောက်က ဒီညမှာ ညစာအတူတူ စားဖို့ ချိန်းထားကြသေးတာပဲ မဟုတ်လား"

ကုစာနာဂိက ပေါင်ကို ပုတ်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


"နင်က ဟို အေဘီစုက စားသောက်ဆိုင်ကို ပြောတာလား"

"အချိန်ရောက်တာတောင်မှ ဧည့်သည်တွေက ရောက်မလာကြဘူး။ ဒါကြောင့်ပဲ ဆိုင်ဝန်ထမ်းက ဖုန်းဆက်ပြီး အကျိုးအကြောင်း မေးကြည့်တာလေ။ သူတို့ရဲ့ အပြောအရ နှစ်ယောက်စာ ဘွတ်ကင်လုပ်ထားတယ်။ အဲဒါ ဘာကို ဆိုလိုချင်သလဲ ဆိုတော့ ဘွတ်ကင်တင်ထားတဲ့ မစ္စတာမာရှိဘ တစ်ယောက် တည်းတင် ပေါ်မလာတာ မဟုတ်ဘဲ သူ့ရဲ့ အဖော်လဲ ပေါ်မလာဘူး"

"တကယ်လို့သာ သူ့ရဲ့ အဖော်က ဝါကာယာမာ ဟိရောမိသာ ဆိုရင် တော့ အားလုံးက လိပ်ပတ်လည်သွားပြီ"

ကုစာနာဂိက တစ်ဆက်တည်း အတည်ပြုလိုက်ပြန်သည်။

"ဟုတ်တယ်၊ မှားစရာ မရှိဘူး"

"တကယ်လို့သာ သူတို့နှစ်ယောက်မှာ ထူးခြားတဲ့ ဆက်ဆံရေးမျိုး ရှိနေခဲ့မယ် ဆိုရင် ကျွန်မအထင်တော့ မကြာခင် အထောက်အထား ရလာ လောက်တယ်"

"ဘာဖြစ်လို့"

"ကော်ဖီခွက်။ လက်ဆေးကန်ထဲမှာ ရှိတဲ့ ကော်ဖီခွက်က သူတို့ နှစ်ယောက် သုံးခဲ့တဲ့ဟာတွေ ဖြစ်မယ်။ တကယ်လို့ ကျွန်မတို့ရဲ့ အယူအဆ မှန်မယ်ဆိုရင် အဲဒီအထဲက တစ်ခုခုပေါ်မှာ သူ့ရဲ့ လက်ဗွေရာ ရှိကို ရှိရမယ်"

"အဲဒီလိုလား... သူတို့နှစ်ယောက်က လူမမြင်ကွယ်ရာမှာ ခြေရှုပ်နေ တာ မှန်ပါတယ် ဆိုရင်တောင် အဲဒါကို အခြေခံပြီး မစ္စဝါကာယာမာကို သံသယ တရားခံအဖြစ် သတ်မှတ်လို့ မရနိုင်သေးဘူး"

"ဒါတော့ ကျွန်မလဲ သိတာပေါ့"

ပြောပြီး သူသည် ကားကို လမ်းဘေးတွင် ထိုးရပ်လိုက်သည်။

"ကျွန်မ ဖုန်းတစ်ကော ခေါ်လို့ ရမလား၊ အတည်ပြုစရာလေး ရှိနေလို့"

"ရပါတယ်၊ ဘယ်သူ့ဆီ ဆက်မလို့လဲ"

"မစ္စဝါကာယာမာဆီပေါ့"

ဥက္ကျူမိသည် တအံ့တသြ ဖြစ်နေသော ကုစာနာဂိ၏ အမူအရာကို ဂရုစိုက်မနေဘဲ လက်ကိုင်ဖုန်းကို ဆွဲထုတ်ပြီး ဖုန်းခေါ်နေတော့သည်။ မကြာခင် ဖုန်းဝင်သွားသည်။

mgyoe.com

mgyoe.com


"မစ္စဝါကာယာမာလား မသိဘူး၊ ကျွန်မက မူခင်းဌာနက ဥက္ကာ့မိပါ။ စောစောက ရှင့်ကို ဒုက္ခပေးသလို ဖြစ်သွားတယ်။ … … ဟင့်အင်း။ အရေးကြီးတယ်ရယ်လို့လဲ မဟုတ်ပါဘူး။ ကျွန်မ မေးဖို့ မေ့သွားလို့ပါ။ မနက်ဖြန်မှာ ဘာအစီအစဉ်တွေ ရှိလဲ မသိဘူး။ … … ဟုတ်လား၊ ကျွန်မ နားလည်ပါပြီ။ အခုလို အချိန်မတော် ဖုန်းဆက်မိတဲ့အတွက် တောင်းပန်ပါတယ်၊ မင်္ဂလာညချမ်းပါ"

ပြောပြီး ဥက္ကာ့မိက ဖုန်းကို ချပစ်လိုက်သည်။

"သူက မနက်ဖြန် ဘာအစီအစဉ် ရှိတာတဲ့လဲ"

ကုစာနာဂိက မေးသည်။

"လောလောဆယ်တော့ ယတိပြတ် မဆုံးဖြတ်ရသေးဘူး။ အိမ်မှာပဲ ရှိနေဖို့ များတယ်တဲ့။ နောက်ပြီး ပြောသေးတယ်။ သင်တန်းကျောင်းကိုလဲ ယာယီ နားထားလိုက်ဦးမယ်တဲ့"

"ဩော်"

"ဒါပေမဲ့ ဖုန်းခေါ်ရတဲ့ ကျွန်မရဲ့ ရည်ရွယ်ချက်က သူ့ရဲ့ မနက်ဖြန် အစီအစဉ်ကို သိချင်ရုံသက်သက် မဟုတ်ဘူး"

"နင် ဆိုလိုချင်တာက …"

"သူ့ရဲ့ အသံက သိသိသာသာကို ငိုသံပါနေတယ်။ သူက ကြိုးစားပြီး ဖုံးကွယ်ထားပေမယ့် တော်တော်ကြီးကို သိသာနေသေးတယ်။ ကြည့်ရတာ အိမ်ပြန်ရောက်လို့ တစ်ယောက်တည်း နေခွင့်ရတာနဲ့ တစ်ပြိုင်နက် အရင်က ဖုံးထား၊ ဖိထားရတဲ့ ခံစားချက်တွေက အကုန်လုံး ပေါက်ကွဲထွက်လာကြတာပဲ ဖြစ်မယ်"

ကုစာနာဂိသည် ကားထိုင်ခုံ နောက်မှီကို မှီထားရင်း ခါးကို မတ်မတ် ဆန့်ထားလိုက်သည်။

"နင်က အဲဒီအချက်ကို အတည်ပြုချင်လို့ သူ့ဆီ ဖုန်းခေါ်လိုက်တာကိုး"

"ကိုယ်နဲ့ သိပ်ပြီး မရင်းနှီးဘူး ဆိုရင်တောင် လူတွေ သေဆုံးတာကို မျက်မြင်ကိုယ်တွေ့ ကြုံရတဲ့အခါမှာ ကျွန်မတို့တစ်တွေက စိတ်မထိန်းနိုင်ဘဲ သူ့အလိုလို ငိုမိတတ်ကြတာပဲ။ ဒါပေမဲ့ အချိန်ကာလတစ်ခု လွန်သွားပြီးတာတောင်မှ ဆက်ငိုနေသေးတယ် ဆိုရင် …"

"ဆိုလိုတာက သေဆုံးသူအပေါ်မှာ သူမတူအောင် တစ်မူထူးခြားတဲ့ စိတ်ခံစားချက် ရှိနေတယ်။ အဲဒီလို မဟုတ်လား"

mgyoe.com

ကုစာနာဂိသည် ပြုံးလျက် ဂျူနီယာရဲမေကို ငေးကြည့်နေသည်။

"ဘယ်ဆိုးလို့လဲ"

"ကျေးဇူးတင်ပါတယ်ရှင်"

ဥက္ကျူမိသည် ပြုံးလျက် ဘရိတ်နင်းထားသော ခြေထောက်ကို ဖယ်ရှား ပစ်လိုက်သည်။

+

နောက်ဗာစ်နေ့ နံနက် ခုနစ်နာရီ အရောက်တွင် တယ်လီဖုန်းသံက ကုစာနာဂိကို လှုပ်နှိုးလိုက်သည်။ မာမီယာထံမှ။

ကုစာနာဂိက ခနဲ့တဲ့တဲ့ လေသံဖြင့် ဖုန်းကို ပြန်ထူးလိုက်သည်။

"ဆရာက ဒီလောက်အစောကြီးလဲ ဖုန်းဆက်တာပဲနော်"

"အိမ်ပြန်ပြီး အိပ်ခွင့်ရတာကိုပဲ ကျေးဇူးတင်ဦး။ ဒီမနက် မဲဂူရိုရဲစခန်း မှာ အစည်းအဝေးရှိတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ဖြစ်လိမ့်မယ် ထင်တယ်။ ဒီနေ့ညကစပြီး ငါ အဲဒီဘက်မှာ သွားနေရလောက်တယ်"

"ဆရာက အဲဒီကိစ္စကို ပြောပြဖို့အတွက် တကူးတက ဖုန်းဆက်လာ တာလား"

"ဟုတ်မလားကွာ၊ မင်း အခုချက်ချင်း ဟာနဲဒါကို သွားပေတော့"

"ဟာနဲဒါ ... ဟာနဲဒါမှာ ဘာရှိလို့လဲ"

"ဟာနဲဒါကို သွားခိုင်းတယ် ဆိုမှတော့ လေယာဉ်ကွင်းမှာ လူတစ်ယောက် သွားကြိုခိုင်းချင်လို့ပေါ့ကွ။ မစ္စတာမာရှိဘရဲ့ အမျိုးသမီးက ဆပ်ပိုရိုကနေ ပြန်လာ ပြီ။ မင်း သူ့ကို သွားကြိုရမယ်။ တစ်ခါတည်း မဲဂူရိုရဲစခန်းကို ခေါ်လာခဲ့"

"ကာယကံရှင်ရဲ့ ခွင့်ပြုချက်ကိုကော ယူပြီးပြီလား ဆရာ"

"ပြောပြီးပြီပေါ့ကွာ၊ မင်း ဥက္ကျူမိကိုလဲ ဖုန်းဆက်လိုက်။ သူ ကား မောင်းပြီး ထွက်လာလိမ့်မယ်။ လေယာဉ်က ရှစ်နာရီ ဆိုက်မယ်"

"ရှစ်နာရီ"

ကုစာနာဂိသည် ခုတင်ပေါ်မှ ချက်ချင်း ခုန်ထွက်လိုက်သည်။

ကိုယ်လက် မျက်နှာများကို အလျင်အမြန် သုတ်သင်နေစဉ် ကုစာနာဂိ

mgyee.com

mgyoe.com

၏ ဖုန်းက နောက်တစ်ကြိမ် မြည်လာပြန်သည်။ ယခုတစ်ကြိမ်မှာ ဥက္ကာ့မိထံမှ ဖြစ်သည်။ သူသည် ကုစာနာဂါနေရာ တိုက်၏ အရှေ့သို့ပင် ရောက်နေချေပြီ။

ယမန်နေ့ညက စီးခဲ့ရသော ပါဂျယ်ရိုသည် ယခုအခါ လူနှစ်ယောက်ကို တင်လျက် ဟာနဲဒါလေဆိပ်သို့ ဦးတည် ရွေ့လျားနေသည်။

"ဒီလိုအလုပ်မျိုး လုပ်ရတာ အတော် ကံဆိုးတာပဲ။ နောက်ထပ် ဘယ်နှကြိမ်ပဲ ကြုံရကြုံရ အခုလို သေဆုံးသူရဲ့ မိသားစုဝင်တွေနဲ့ မျက်နှာချင်း ဆိုင်ရမယ့် အလုပ်မျိုးနဲ့တော့ ဘယ်တော့မှ အသားကျနိုင်မယ် မထင်ဘူး"

"ဒါပေမဲ့ ခွဲမှူးပြောတာကတော့ သေဆုံးသူရဲ့ မိသားစုကို တွေ့ဆုံတဲ့ နေရာမှာ အပိုင်နိုင်ဆုံးလူက ဆရာ ကုစာနာဂါ တဲ့လေ"

"အမ်… ဘိုးတော်က အဲဒီလို ချီးကျူးတတ်သေးတာလား"

"နောက်ပြီး ပြောသေးတယ်၊ လူတွေကို စိတ်ချလက်ချ ဖြစ်သွားအောင် ဆရာရဲ့ မျက်နှာက စွမ်းဆောင်ပေးနိုင်တယ် တဲ့"

"အဲဒါက ဘာစကားလဲ။ ငါ့ကို ပေါတောတော မျက်နှာမျိုး ရှိတယ်လို့ ပြောလိုက်သလိုပဲ"

ကုစာနာဂါက တောက်ခနဲ မြည်အောင် တက်ခေါက်လိုက်သည်။

၇ နာရီ ၅၅ မိနစ်တွင် နှစ်ယောက်သား လေယာဉ်ကွင်းသို့ ရောက်ရှိခဲ့ကြသည်။ ဧည့်ကြိုခန်းမသို့ ရောက်သည့်အခါတွင် ခေတ္တမျှ စောင့်လိုက်ကြရသေးသည်။ ခရီးသည်များက ဥဒဟို သွားလာလျက်။ သူတို့နှစ်ဦးသည် များပြားလှစွာသော လူအုပ်ကြီးအတွင်းမှ မာရီဘာ အာယနဲကို အသည်းအသန် ရှာဖွေနေကြသည်။ အပြာရောင် ခရီးဆောင်အိတ်ကို ဆွဲလာမည့် သနပ်ခါးရောင် ကုတ်အင်္ကျီနှင့် အမျိုးသမီးကို စူးစိုက် ရှာဖွေနေကြသည်။

"ဟိုတစ်ယောက်လား မသိဘူး"

ဥက္ကာ့မိ၏ အကြည့်များက တစ်နေရာသို့ စူးစိုက်ကြည့်နေသည်။

ကုစာနာဂါသည် ဥက္ကာ့မိ ကြည့်ရာအရပ်သို့ လှမ်းကြည့်လိုက်သည့် အခါ ပေးထားချက်များနှင့် လုံးဝကိုက်ညီသော အမျိုးသမီးတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။ ပူဆွေးနေသော မျက်လုံးများသည် မျက်လွှာကို ချလျက် သူ၏ အထက်အောက် တစ်ကိုယ်လုံးတွင် တည်ငြိမ်လေးနက်မှုဟု ခေါ်ဆိုနိုင်သော အငွေ့အသက်များ ခြုံလွှမ်းထားလေသည်။

mgyoe.com

SAMPLE BOOK

"သူပဲ ဖြစ်လိမ့်မယ် ထင်တယ်"

ကုစာနာဂါ၏ အသံက အနည်းငယ် ကွဲအက်နေသည်။ သူ၏ စိတ်တွင် ယောက်ယက်ခတ်နေကာ အကြည့်ကို ထိုအမျိုးသမီးထံမှ ခွာမရအောင် ဖြစ်နေတော့သည်။ သူကိုယ်တိုင်ပင် နားမလည်နိုင်အောင် ဖြစ်နေရသည့် အချက်မှာ အဘယ်ကြောင့် ထိန်းမနိုင် သိမ်းမရအောင် တုန်ယင်နေရသနည်း ဟူသည့် အချက်ပင်။

●

mgyoe.com

mgyoe.com SAMPLE BOOK

( ၄ )

ကုစာနာဂိတို့၏ မိတ်ဆက်စကားကို နားထောင်ပြီးလျှင် ပြီးချင်း မာရှိဘ အာယနဲ သည် ယိုရှီတာကာ၏ ရုပ်အလောင်းကို မည်သည့်နေရာတွင် ထားရှိကြောင်း မေးမြန်းလေတော့သည်။

"ရုပ်အလောင်းကို ရင်ခွဲရုံ ပို့ထားပါတယ်။ အခု လောလောဆယ်တော့ အခြေအနေကို အတိအကျ မသိရသေးဘူး။ ကျွန်တော်တို့ စုံစမ်းပြီး အကြောင်း ပြန်ပေးပါ့မယ်"

ကုစာနာဂိက ပြန်ဖြေသည်။

"ဟုတ်လား ... ဒါဆို ကျွန်မ သူ့ကို အခု တွေ့လို့ မရသေးဘူးပေါ့။ အဲဒီ လိုလား"

သူသည် ကြေကွဲဝမ်းနည်းနေသည့် မျက်နှာဖြင့် မျက်တောင်ကို တဖျပ်ဖျပ် ခတ်နေသည်။ မျက်ရည်များ လျှံထွက်မကျစေရန် အံကြိတ်၍ ထိန်း သိမ်းနေရသည့်နှယ်။ အသားအရေကလည်း ခြောက်သွေ့နေသည်။ ၎င်းမှာ သူ၏ ပုံမှန်အခြေအနေမျိုးတော့ မဟုတ်တန်ရာ။ ယမန်နေ့ည တစ်ညလုံး အိပ်ရေးများ ပျက်ထားလေရော့သလား။

"ရင်ခွဲစစ်ဆေးပြီး အဖြေထွက်တာနဲ့ တစ်ပြိုင်နက် ရုပ်အလောင်းကို ကျွန်တော်တို့ အမြန်ဆုံးနည်းနဲ့ ခင်ဗျားဆီ ပြန်ပို့နိုင်ဖို့ စီစဉ်ပေးပါ့မယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ကုစာနာဂါ၏ လေသံမှာ သူ၏ နားထဲ၌ပင် ထူးဆန်းစွာ ဖင့်တွဲ့လေးကန်နေသည်။ သေဆုံးသူ၏ မိသားစုဝင်များနှင့် တွေ့ရသည့်အခါတိုင်း အနည်းအများဆိုသကဲ့သို့ စိတ်လှုပ်ရှားမှုများ ရှိသည်မှန်သော်လည်း ယခုမျက်မှောက်အချိန်တွင် ဖြစ်ပေါ်နေသော သူ၏ ခံစားချက်များသည် ယခင်ကကဲ့သို့ မဟုတ်ဘဲ နားလည်ရ ခက်စွာ တစ်မျိုးတစ်မည် ထူးခြား ဆန်းကြွယ်နေသည်။

"ကျေးဇူးတင်ပါတယ်ရှင်"

အာယနဲ၏ အသံမှာ သာမန်မိန်းကလေး တစ်ယောက်၏ အသံနှင့် မတူဘဲ အနည်းငယ် အောနေသည်။ ထို့ကြောင့် ထိုစကားသံက ကုစာနာဂါအား ညှို့ယူထားလေတော့သည်။

"ကျေးဇူးပြုပြီး ကျွန်တော်တို့နဲ့အတူ မဲဂူရိုရဲစခန်းကို လိုက်ခဲ့ပေးလို့ ရမလား။ ကျွန်တော်တို့ မေးစရာတချို့ ရှိနေလို့ပါ။ အဆင်ပြေနိုင်မယ် ဆိုရင်ပေါ့"

"ဟုတ်ကဲ့၊ အဆင်ပြေပါတယ်။ ကျွန်မဆီ အဦးဆုံး ဆက်သွယ်လာတဲ့ လူကလဲ ကျွန်မကို ပြောထားပြီးပါပြီ"

"အားတော့ နာပါတယ်ဗျာ၊ ကားကိုလဲ ကျွန်တော်တို့ အဆင်သင့် ပြင်ထားပြီးပါပြီ"

ကုစာနာဂါသည် မာရှိဘ အာယနဲကို ပါဂျယ်ရို၏ နောက်ခုံတွင် ထိုင်စေပြီးနောက် သူသည် အရှေ့ခန်းရှိ ယာဉ်မောင်း၏ ဘေးထိုင်ခုံမှာ ဝင်ထိုင်လေသည်။ ထို့နောက် ခေါင်းလှည့်ကာ...

"မနေ့ညက ဖုန်းလက်ခံရတဲ့ အချိန်မှာ ခင်ဗျား ဘယ်နေရာမှာ ရှိနေခဲ့တာလဲ"

"ကျွန်မတို့ မြို့နားက ရေပူစမ်းမှာပါ။ ကျွန်မက ငယ်သူငယ်ချင်း တစ်ယောက်နဲ့ အတူ ရှိနေခဲ့တာ။ ဖုန်းကိုလဲ ပိတ်ထားတာ ဆိုတော့ ရှင်တို့ရဲ့ ဖုန်းကောတွေကို လုံးဝ သတိမထားမိခဲ့ဘူး။ အိပ်ခါနီးကျမှ အသံမက်ဆေ့တွေကို ပြန်နားထောင်ကြည့်ဖြစ်တယ်"

အာယနဲသည် လေပူများကို ခပ်ရှည်ရှည် မှုတ်ထုတ်လိုက်သည်။

"အစကတော့ ကျွန်မကို နောက်နေတယ် ထင်တာ၊ ရဲဌာနကနေ ဖုန်းလက်ခံရလိမ့်မယ်လို့ ဘယ်တုန်း ဘယ်ခါကမှ မတွေးခဲ့ဖူးဘူးလေ"

mgyoe.com

"ဟုတ်မှာပါပဲ"

ကုစာနာဂိက အလိုက်အထိုက် ပြန်ဖြေသည်။

"ဒါနဲ့... ကျွန်မ တစ်ခုလောက် မေးလို့ရမလား။ ဘာတွေ ဘယ်လို ဖြစ်ကုန်တာလဲ။ ကျွန်မ အခုထိ အူလည်လည် ဖြစ်နေတုန်းပဲ"

အထစ်ထစ် အငေါ့ငေါ့ဖြင့် မေးခွန်းထုတ်လာသော အာယနဲ၏ အသံကို ကြားလိုက်ရသည့်အခါတွင် ကုစာနာဂိ၏ ရင်ထဲ ဆစ်ခနဲ ခံစားလိုက်ရသည်။ သူတို့ စတွေ့ကြစဉ်ကတည်းက ဤမေးခွန်းကို သူ မေးချင်ခဲ့ဟန် တူသည်။ သို့သော် မေးရမည်ကိုလည်း မဝံ့မရဲ ဖြစ်နေခဲ့ပေမည်။

"သူတို့က ခင်ဗျားကို ဖုန်းထဲမှာ ရှင်းမပြခဲ့ဘူးလား"

"ကျွန်မရဲ့ အမျိုးသား ဆုံးသွားတယ် ဆိုတာရယ်၊ သေဆုံးရတဲ့ အကြောင်းရင်းက မသင်္ကာစရာဖြစ်နေတာမို့ ရဲဘက်က စုံစမ်းစစ်ဆေးနေတယ် ဆိုတာထက် ဘာမှ တိတိပပ မသိရသေးဘူး"

သူ့ထံသို့ ဖုန်းဆက် အကြောင်းကြားသော ရဲအရာရှိ ကိုယ်၌ပင်လျှင် ထိုထက်ပို၍ အခြေအနေ အသေးစိတ်ကို ပြောပြနိုင်စွမ်း ရှိမည် မဟုတ်ပေ။ မည်သို့ဆိုစေ အာယနဲအဖို့မူ ၎င်းမှာ သူ့အား တစ်ညတာလုံး ဒုက္ခပေးနေမည့် အိပ်မက်ဆိုးတစ်ခုသာ ဖြစ်သည်။ လေယာဉ်စီးနေစဉ် ကာလအတွင်း သူ မည်မျှ ခံစားနေရမည်ကို တွေးကြည့်ရုံမျှဖြင့် ကုစာနာဂိ၏ ရင်တွင် မွန်းကျပ် ဆို့နင့်နေသည်။

"ခင်ဗျားရဲ့ အမျိုးသားက အိမ်ထဲမှာပဲ ဆုံးရှာတာပါ။ ကိုယ်ပေါ်မှာ ပြင်ပဒဏ်ရာ ဘာတစ်ခုမှ မရှိဘူး။ အခုချိန်ထိတော့ သေရတဲ့ အကြောင်းရင်းကို အတိအကျ မပြောနိုင်သေးဘူး။ သူ ဧည့်ခန်းထဲမှာ လဲနေတာကို ပထမဆုံး မြင်ခဲ့တဲ့သူက ဝါကာယာမာ ဟိရောမိပါ"

"သူလား ..."

အာယနဲက ပင့်သက်ကို ရှိုက်လိုက်သည်။

ကုစာနာဂိသည် ကားမောင်းနေသော ဥက္ကာမိကို လှမ်းကြည့်လိုက်သည်။ အနိုက်သင့်ပင် သူတို့နှစ်ဦး မျက်လုံးချင်း ဆုံမိကြသည်။ မျက်လုံးများက စကားပြောနေကြသည့်နှယ်။ 'သူလဲ ငါ့လိုပဲ တွေးနေတာ နေမယ်' ကုစာနာဂိ က တွေးသည်။ ဝါကာယာမာ ဟိရောမိနှင့် မာရှိဘ ယိုရှိတာကာတို့၏ ထူးခြား

mgyoe.com

mgyoe.com SAMPLE BOOK

သော ဆက်ဆံရေးအကြောင်းကို သူတို့နှစ်ယောက် ဆွေးနွေးခဲ့သည်မှာ ၁၂ နာရီပင် မကြာသေးပေ။

ဝါကာယာမာ ဟိရောမိသည် အာယနဲ၏ အချစ်ဆုံးတပည့် ဖြစ်သည်။ သူတို့၏ မိသားစု ညစာစားပွဲတွင် တက်ရောက်ခွင့် ပြုခဲ့သည်ကို ကြည့်ခြင်းအားဖြင့် အာယနဲသည် သူ့ကို မိသားစုဝင်တစ်ဦးအဖြစ် သဘောထားကြောင်း သိနိုင်သည်။ ထိုသို့သော မိန်းကလေးတစ်ယောက်က မိုမိခင်ပွန်း၏ ခုတင်ပေါ်သို့ တက်ခဲ့သည် ဆိုလျှင် သားရေပေါ် အိပ်၍ သားရေနား စားသည်ဟု ဆိုရပေတော့မည်။

ပို၍ စိတ်ဝင်စားစရာ ကောင်းသော မေးခွန်းမှာ အာယနဲသည် ခင်ပွန်းနှင့် တပည့်အကြားရှိ ထူးခြားသော ဆက်ဆံရေးကို ရိပ်စားမိခြင်း ရှိ၊ မရှိ ဟူသော မေးခွန်း ဖြစ်သည်။ သူတို့ ဆရာ၊ တပည့် နှစ်ဦးသည် အနေနီး၍ အတွင်းသိ အစဉ်းသိ ဆိုရုံမျှဖြင့် ဤမေးခွန်းကို လွယ်လွယ်နှင့် အဖြေထုတ်နိုင်လိမ့်မည် မဟုတ်ပေ။ ကုစာနာဂိ၏ အတွေ့အကြုံအရ အနေနီးသော်လည်း အနီးမှုန် မှုန်နေကြသော လူအများအစုကို တွေ့မြင်ထားခဲ့ဖူးသည် မဟုတ်လား။

"ခင်ဗျားရဲ့ ခင်ပွန်းမှာ ရောဂါအခံ ရှိလား"

ကုစာနာဂိက မေးသည်။

အာယနဲက ခေါင်းခါလိုက်သည်။

"မရှိနိုင်ပါဘူး၊ သူက ရောဂါစစ်ဆေးမှုကို ကာလအပိုင်းအခြားနဲ့ ပုံမှန်လုပ်နေတတ်တဲ့ လူတစ်ယောက်ပဲ။ ရောဂါ ရှိတယ်လို့ တစ်ခါမှ မကြားဖူးဘူး။ နောက်ပြီး သူက အရက်ကို မူးအောင် သောက်တတ်တဲ့ သူမျိုးလဲ မဟုတ်ဘူး"

"ဒါဆို သူ အရင်တုန်းက ရုတ်တရက် မူးမေ့သွားတာမျိုးလဲ တစ်ခါမှ မရှိခဲ့ဖူးဘူးပေါ့"

"မရှိခဲ့ဖူးလောက်ဘူး ထင်တာပဲ။ ကျွန်မလဲ သေချာ မသိဘူး။ ပြောရရင် သူ အဲဒီလို ဖြစ်လာလိမ့်မယ်လို့ ကျွန်မဖြင့် အခုထိ မယုံနိုင်သေးဘူး"

အာယနဲသည် ခေါင်းကိုက် ပြေလျော့စေရန် အလို့ငှာ လက်ချောင်းများဖြင့် သူ့ကိုယ်သူ နှိပ်နယ်နေလေသည်။

အဆိပ်ကြောင့် သေဆုံးခဲ့ရသည် ဟူသော အယူအဆကို ထုတ်ဖော်ပြောဆိုရန် စောလွန်းနေသေးသည်ဟု ကုစာနာဂိက ဆုံးဖြတ်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အမှန်အားဖြင့်လည်း ရင်ခွဲရုံမှ အဖြေ မထွက်မချင်း ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသည်၊ သို့တည်းမဟုတ် အသတ်ခံရသည်ဟု ယတိပြတ် ဆုံးဖြတ်ချက် မချခြင်းသာ အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

"လတ်တလော သိထားရသလောက် အချက်အလက်တွေ အရတော့ ပုံမှန်မဟုတ်တဲ့ သေမှုသေခင်းမျိုး ဖြစ်နေတာကြောင့် အခင်းဖြစ်ခဲ့တဲ့ ပတ်ဝန်းကျင် အခြေအနေတွေ အားလုံးကို ကျွန်တော်တို့ ရဲဘက်က တတ်နိုင်သမျှ စုံစုံလင်လင် သိရအောင် မှတ်တမ်းယူနေကြတဲ့ သဘောပါ။ အလောင်းကို တွေ့တဲ့ အချိန်တုန်းက ခင်ဗျားကို ဘယ်လိုမှ ဆက်သွယ်လို့ မရခဲ့လို့ ကျွန်တော်တို့က မစ္စဝါကာယာမာကို မျက်မြင်သက်သေအဖြစ် ထားပြီး လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေကို ပြုလုပ်ခဲ့ကြတယ်"

"အဲဒီကိစ္စတွေကို မနေ့ညက ဖုန်းထဲမှာ ကျွန်မ ကြားပြီးပါပြီ"

"ခင်ဗျားက ဆပ်ပိုရိုကို မကြာမကြာ ပြန်လေ့ရှိတာလား"

အာယနဲက ခေါင်းခါသည်။

"မင်္ဂလာဆောင်ပြီး နောက်မှာတော့ အခုတစ်ကြိမ်က ပထမဆုံးအကြိမ်ပဲ"

"အမေ့အိမ်မှာ အကြောင်းကိစ္စတစ်ခုခု ရှိနေလို့လား"

"အဖေ နေသိပ်မကောင်းဘူး ကြားလို့ အလုပ်ပါးတုန်းလေး ပြန်ကြည့်ကြည့်တာပါ။ ဟိုရောက်တော့ သူက ကျန်းမာရေး ကောင်းနေတာနဲ့ သူငယ်ချင်းနဲ့ ချိန်းပြီး ရေပူစမ်းကို သွားလိုက်တာ"

"ဪ... ဒါဆို ခင်ဗျားက ဘာဖြစ်လို့ အိမ်သော့ကို မစ္စဝါကာယာမာဆီမှာ အပ်ခဲ့ရတာလဲ"

"ကျွန်မ မရှိတဲ့အတောအတွင်း အရေးပေါ် ကိစ္စတစ်ခုခု ပေါ်လာမှာစိုးလို့ပါ။ သူက ကျွန်မရဲ့ လုပ်ငန်းကိုင်ငန်းတွေမှာ အတော်လေး ကူဖော်လောင်ဖက် ရတယ်။ ကျွန်မက ကုန်ကြမ်းတွေနဲ့ အချောထည် အတော်များများကို အိမ်မှာ သိမ်းထားတာ ဆိုတော့ သင်တန်းအတွက် ရုတ်တရက် လိုအပ်လာရင် အလွယ်တကူ သွားယူနိုင်အောင် သူ့ကို သော့ပေးထားခဲ့တာပါ"

"မစ္စဝါကာယာမာက ပြောတယ်။ အဲဒီတုန်းက ခင်ဗျားရဲ့ ခင်ပွန်းက အကူအညီ တစ်ခုခုများ လိုအပ်လေမလား ဆိုပြီး စိတ်ပူတာနဲ့ ဖုန်းဆက်လိုက်တာ

mgyoe.com

ဖုန်းကိုင်မယ့်သူ မရှိဘူး ဖြစ်နေတယ်။ ဒါနဲ့ တစ်ခုခုတော့ လွဲနေပြီ ဆိုပြီး ခင်ဗျား တို့ အိမ်ကို သွားကြည့်တယ်တဲ့"

ကုစာနာဂိသည် လျောက်ပတ်လျော်ကန်မည့် စကားလုံးများကို ဂရု တစိုက် ရွေးချယ်နေရသည်။

"ခင်ဗျား ခရီးမထွက်ခင်တုန်းက ခင်ဗျားယောက်ျားရဲ့ ဝေယျာဝစ္စတွေ ကို ကူလုပ်ပေးဖို့ သူ့ကို အကူအညီ တောင်းခဲ့ဖူးတာများ ရှိလား"

အာယနဲသည် မျက်မှောင်ကြုတ်လျက် ခေါင်းကို ငုံ့စောင်းကာ စဉ်းစား မရသည့် ဟန်ဖြင့် ပြောလာသည်။

"ကျွန်မလဲ သေချာ မမှတ်မိတော့ဘူး။ အကူအညီတော့ တောင်းခဲ့ဖူး မယ် ထင်တာပဲ။ အဲဒီကလေးမက အတော်လေး လူရည်လည်ပါတယ်။ ကျွန်မက တကူးတကတောင် ပြောနေဖို့ လိုမယ် မထင်ဘူး။ ကျွန်မ ခင်ပွန်းဆီမှာ အကူအညီ လိုအပ်လား၊ မလိုအပ်ဘူးလား ဆိုတာကို သူ့ဘာသာသူ အကဲခတ်ပြီး ကြည့်လုပ် တတ်တယ်။ ဒါနဲ့...အဲဒီ မေးခွန်းက သိပ်အရေးကြီးလို့လား။ သူ့ဆီမှာ သော့အပ်ခဲ့တဲ့ ကိစ္စက ဘာပြဿနာများ ရှိနေလို့လဲ"

"မဟုတ်ပါဘူး၊ ကျွန်တော် အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး။ အဲဒီ အကြောင်းကို မနေ့က မစ္စဝါကာယာမာဆီကနေ ကြားခဲ့ရလို့ ခင်ဗျားဆီမှာ အတည် ပြုကြည့်တဲ့ သဘောပါ"

အာယနဲသည် လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်ထားလိုက်သည်။

"တကယ့်ကို မယုံနိုင်စရာပဲ။ သူက ကျန်းမာရေး အတော်ကောင်းတဲ့ လူတစ်ယောက်ပါ။ သောကြာနေ့ညကတောင် သူငယ်ချင်းတချို့ ဖိတ်ပြီး အိမ်မှာ မိတ်ဆုံစားပွဲ လုပ်ခဲ့သေးတယ်။ အဲဒီတုန်းကဆို သူ အရမ်း ပျော်နေခဲ့တာ..."

သူ၏ အသံသည် အနည်းငယ် တုန်ယင်နေသည်။

"တရားနဲ့ ဖြေပါဗျာ၊ ကျေးဇူးပြုပြီး အဲဒီတုန်းက ညစာစားပွဲကို ဘယ်သူ တွေ တက်ခဲ့ကြသလဲ ဆိုတာ ပြောပြပေးနိုင်မလား"

"ကျွန်မခင်ပွန်းရဲ့ တက္ကသိုလ်တုန်းက သူငယ်ချင်းနဲ့ သူ့ဇနီးပါ"

အာယနဲသည် အီကာအိ တတ်ဆုဟီကိုနှင့် အီကာအိ ယူကီကိုတို့၏ နာမည်များကို ပြောပြလိုက်သည်။ ထို့နောက် မျက်နှာတွင် အုပ်ထားသော လက်အစုံကို ဖယ်လိုက်ပြီး နာကျင်ကြေကွဲနေသော မျက်နှာဖြင့် စကားဆိုလာ သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်မ တစ်ခု တောင်းဆိုလို့ရမလား"

"ဘာများ တောင်းဆိုချင်လို့လဲ"

"ကျွန်မ ရဲစခန်းကို အခုချက်ချင်း သွားမှ ဖြစ်မှာလား"

"ဘာဖြစ်လို့လဲ"

"တကယ်လို့ ဖြစ်နိုင်မယ် ဆိုရင် ကျွန်မ အိမ်ကို အရင် သွားကြည့်ချင်တယ်။ သူ အဲဒီတုန်းက ဘယ်လို လဲကျသွားခဲ့သလဲ ဆိုတာကို ကျွန်မ သိချင်တယ်၊ ရမလား"

ကုစာနာဂိသည် ဥကျူမိကို နောက်တစ်ကြိမ် လှမ်းကြည့်လိုက်ပြန်သည်။ သို့သော် ယခုတစ်ကြိမ်တွင် သူတို့၏ အကြည့်များ ဆုံစည်းခြင်း မရှိပေ။ အငယ်တန်းရဲမေ၏ မျက်နှာသည် ရှေ့တည့်တည့်ကိုသာ မျက်နှာမူထားသည်။ ကားကိုသာ အာရုံစိုက်၍ မောင်းနှင်နေသည့်နှယ်။

"နားလည်ပါပြီ၊ ဒါပေမဲ့ ကျွန်တော့် အထက်အရာရှိနဲ့ တိုင်ပင်ကြည့်လိုက်ပါဦးမယ်"

ကုစာနာဂိသည် လက်ကိုင်ဖုန်းကို ဆွဲထုတ်လိုက်သည်။

ဖုန်းထဲမှ မာမီယာ၏ ပွစိပွစိ ရေရွတ်သံများကို တစ်ခဏမျှ နားထောင်ပြီးနောက်တွင် အာယနဲ၏ တောင်းဆိုချက်ကို သဘောတူလိုက်သည်။

"ဒီမှာလဲ အပြောင်းအလဲတချို့ ရှိနေတယ်။ မင်း သူ့ကို အခင်းဖြစ်တဲ့ နေရာ ခေါ်သွားပြီး မေးစရာရှိတာတွေကို မေးတာ ပိုကောင်းလိမ့်မယ်။ သူ့အိမ်ကိုသာ ခေါ်သွားလိုက်တော့"

"အပြောင်းအလဲ ရှိတယ် ဆိုတာ ဘာကို ပြောတာလဲ ဆရာ"

"နောက်မှ ပြောပြမယ်ကွာ"

"ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ"

ကုစာနာဂိက ဖုန်းချပြီး အာယနဲကို လှမ်းပြောလိုက်သည်။

"ကျွန်တော်တို့ ခင်ဗျားအိမ်ကိုပဲ တန်းသွားကြတာပေါ့"

"ကျေးဇူးပဲ"

သူက တိုးလျစွာ ပြောသည်။

ကုစာနာဂိသည် ရှေ့ဘက်သို့ ပြန်လှည့်လိုက်ပြီး ဦးတည်ရာ လမ်းမ

mgyoe.com

ပေါ်သို့ အကြည့်ရောက်သွားစဉ်မှာပင် အာယနဲ၏ ဖုန်းခေါ်သံကို ကြားလိုက်ရသည်။

"ဟယ်လို၊ ဟိရောမိလား... ငါ အာယနဲပါ"

သူ၏ စကားသံကို ကြားလိုက်ရသည့်အခါတွင် ကုစာနာဂိ၏ ရင်ထဲ လှပ်ခနဲ ဖြစ်သွားသည်။ အာယနဲသည် ယခုလို အချိန်မျိုးတွင် ဟိရောမိထံသို့ ဖုန်းဆက်လိမ့်မည်ဟု သူ လုံးဝ မျှော်လင့်မထားခဲ့။ သို့သော် တားဆီးရန် သူ့တွင် အကြောင်းပြချက်လည်း မရှိပေ။

"... ... အင်း၊ ငါ သိတယ်။ အခု ငါ ရဲတွေနဲ့ အိမ်ကို သွားမလို့၊ ဟိရောမိ၊ နင်လဲ အတော်လေး ပင်ပန်းသွားရောပေါ့"

ကုစာနာဂိသည် တစ်ယောက်တည်း နေမထိ ထိုင်မသာ ဖြစ်နေလေသည်။ ဟိရောမိသည် အာယနဲကို မည်သို့မည်ပုံ တုံ့ပြန်ပါအံ့နည်း။ ချစ်ရသော သူကို ဆုံးရှုံးလိုက်ရသည့်အတွက် အလွန်အမင်း ကြေကွဲဝမ်းနည်းကာ ယခင့် ယခင်က တစ်လျှောက်လုံး မျိုသိပ်ဖုံးကွယ်ထားခဲ့ရသော စိတ်ခံစားချက်များကို တစ်ခုမကျန် ဖွင့်အန်လှစ်ပြလိုက်မည် ဆိုလျှင် အာယနဲသည် မည်သည့်နည်းနှင့်မျှ ယခုကဲ့သို့ တည်ငြိမ် အေးဆေးနိုင်တော့မည် မဟုတ်ပေ။

"... သူတို့လဲ ငါ့ကို ပြောပြထားတယ်။ နင်ကော အိုကေရဲ့လား။ ကျန်းမာရေး ဂရုစိုက်နော်။ ဟုတ်လား။ ကောင်းတယ်၊ ကောင်းတယ်။ ဟိရောမိ၊ နင်ကော ငါ့အိမ်ကို လာခဲ့လို့ ရမလား။ အတင်းအကျပ် တောင်းဆိုတာ မဟုတ်ပါဘူး။ ဖြစ်ခဲ့သမျှကို နင့်ဆီကနေ ငါ တိုက်ရိုက် ကြားချင်လို့ပါ"

ကြည့်ရသည်မှာ ဟိရောမိ၏ စကားသံသည် အတော်အတန် တည်ငြိမ်သည်ဟု ဆိုရပေမည်။ သို့ပါသော်လည်း အာယနဲသည် သူ့ကိုပါ အိမ်သို့ တစ်ပါတည်း ခေါ်ယူလိမ့်မည်ဟု ကုစာနာဂိက လုံးဝ မျှော်လင့်မထားခဲ့ပေ။

"နင် အဆင်ပြေတယ် မဟုတ်လား၊ ဒါဆို ခဏနေမှ တွေ့မယ်နော်... အင်း... ကျေးဇူးပဲ၊ နင်လဲ ဂရုစိုက်ဦး"

ဖုန်းချပြီး ဖြစ်ဟန်တူသည်။ အာယနဲ၏ နှာရှုပ်သံကို ကုစာနာဂိ ကြားနေရသည်။

"မစ္စဝါကာယာမာက လာမယ်တဲ့လား"

ကုစာနာဂိက သူ့ကို မေးလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"အင်း… အဲ … ခေါ်လို့ မရဘူးလား"

"ဟင့်အင်း… ကိစ္စမရှိပါဘူး။ သူက အလောင်းကို တွေ့ခဲ့တဲ့သူ ဆိုတော့ ခင်ဗျား သူ့ကို တိုက်ရိုက်မေးရင် ပိုကောင်းတာပေါ့"

ကုစာနာဂိသည် နှုတ်မှ ဤသို့ ပြောဆိုလိုက်သော်လည်း သူ၏ စိတ်မှာ လှုပ်ရှားတုန်ခါနေသည်။ သေဆုံးသူအား မည်သို့မည်ပုံ တွေ့ရှိခဲ့ကြောင်းကို သေဆုံးသူ၏ တိတ်တိတ်ပုန်း ရည်းစားသည် သေဆုံးသူ၏ တရားဝင် ဇနီးအား မည်ကဲ့သို့သော ခံစားချက်မျိုးဖြင့် ရှင်းလင်းပြောဆိုပါအံ့နည်း။ ထိုအချက်ကို သိချင်ဇောဖြင့် ကုစာနာဂိက ထူးထူးကဲကဲ စိတ်လှုပ်ရှားနေမိသည်။ တစ်ချိန်တည်းမှာပင် မစ္စဝါကာယာမာ၏ ရှင်းလင်းပြောဆိုချက်ကို အာယနဲသည် မည်သို့သော မျက်နှာအမူအရာဖြင့် နားထောင်နေမည်နည်း ဆိုသည့်အချက်ကို သူသည် ဘေးမှနေ၍ သတိထား လေ့လာလိုသည်။ သို့မှသာ အာယနဲသည် သူ့ခင်ပွန်းနှင့် သူ့တပည့် အကြားရှိ မရိုးသားသော ဆက်ဆံရေးကို ရိပ်စားမိခြင်း ရှိ၊ မရှိ ဟူသည့် အချက်ကို ခန့်မှန်းတွက်ဆနိုင်မည် ဖြစ်သည်။

ဥကျူမိသည် ကားကို အမြန်လမ်းပေါ်မှ ဆင်းပြီး မာရှိဘအိမ်သို့ တန်းတန်းမတ်မတ် မောင်းနှင်လာခဲ့သည်။ ယမန်နေ့က သူသည် ဤကားဖြင့်ပင် အခင်းဖြစ်ရာ နေရာသို့ ကိုယ်တိုင် မောင်းနှင်လာခဲ့ခြင်း ဖြစ်သောကြောင့် ယနေ့တွင်လည်း စိုးစဉ်းမျှ တုံ့ဆိုင်းတွေဝေနေခြင်း မရှိပေ။

မာရှိဘအိမ်သို့ ရောက်သည့်အခါတွင် အိမ်ပေါက်ဝ၌ ရပ်စောင့်နေကြသော မာမီယာနှင့် ကိရှိတာနိတို့ကို တွေ့လိုက်ရသည်။

ကုစာနာဂိသည် အာယနဲကို မာမီယာနှင့် မိတ်ဆက်ပေးသည်။

"ဖြစ်ပျက်ခဲ့တဲ့ ကိစ္စအဝဝအတွက် ကျွန်တော်တို့လဲ စိတ်မကောင်းပါဘူး"

မာမီယာသည် အာယနဲကို ဦးညွှတ်ပြီးနောက် ကုစာနာဂိဘက်သို့ လှည့်လိုက်သည်။

"ဖြစ်စဉ်ကို ပြောပြပြီးပြီ မဟုတ်လား"

"အကြမ်းဖျင်းတော့ ပြောထားပြီးပါပြီ"

မာမီယာက ခေါင်းညိတ်ပြီး အာယနဲဘက်သို့ လှည့်လိုက်ပြန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"အိမ်ပြန် ရောက်ရောက်ချင်းမှာပဲ ဒုက္ခပေးသလို ဖြစ်နေလို့ အားတော့နာပါရဲ့ဗျာ။ ဒါပေမဲ့ ခင်ဗျားဆီကနေ သိချင်တာတွေ ရှိနေသေးတော့ ..."

"ရပါတယ်၊ အားမနာပါနဲ့"

"အိမ်ထဲကို အရင်ဝင်ကြရအောင်။ ကိရှိတာနီ... အိမ်သော့ကော"

ကိရှိတာနီသည် အိတ်ကပ်ထဲမှ အိမ်သော့ကို ဆွဲထုတ်ပြီး အာယနဲထံသို့ ကမ်းပေးလိုက်ရာ အာယနဲက သော့ကို မဝံ့မရဲ လှမ်းယူသည်။

သော့ဖွင့်ကာ သူ အိမ်ထဲသို့ ဝင်သွားသည်နှင့် မာမီယာတို့ လူတစ်စုသည်လည်း အနောက်မှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့ကြသည်။ ကုစာနာဂိသည် အာယနဲ၏ ခရီးဆောင်အိတ်ကို ဆွဲလျက် အနောက်မှ ပြေးလိုက်လာသည်။

"ကျွန်မရဲ့ ခင်ပွန်းက ဘယ်နေရာမှာ အသက်ပျောက်သွားခဲ့တာလဲ"

အာယနဲသည် အိမ်ထဲသို့ ရောက်လျှင်ရောက်ချင်း မေးခွန်းထုတ်လေတော့သည်။

မာမီယာသည် အရှေ့သို့ တစ်လှမ်းတိုးလာကာ နေရာကို လက်ညှိုးထိုးပြလိုက်သည်။ ဧည့်ခန်း၏ ပါကေးကြမ်းပြင်ပေါ်တွင် တိပ်များ ကပ်ထားလျက် ရှိနေဆဲပင်။ အာယနဲသည် ကြမ်းပြင်ပေါ်မှ လူပုံသဏ္ဍာန် တိပ်များကို တွေ့မြင်သွားသည့် အခါတွင် ပါးစပ်ကို လက်ဖြင့် အုပ်လျက် ကြောင်ကြည့်နေလေတော့သည်။

"မစ္စဝါကာယာမာရဲ့ ပြောစကားအရ ခင်ဗျားရဲ့ ခင်ပွန်းက ဒီနေရာမှာ လဲနေခဲ့တာ"

မာမီယာက ရှင်းပြသည်။

ဝမ်းနည်းကြေကွဲမှုနှင့် ပရိဒေဝမီးသည် အာယနဲ၏ ရုပ်ခန္ဓာကို နောက်တစ်ဖန် အဟုန်ဖြင့် တိုက်ခိုက်လိုက်ဟန် တူသည်။ သူ၏ ဒူးများ ပျော့ခွေကာ ကြမ်းပြင်ပေါ် ဒူးထောက်လျက်သား ပုံကျသွားတော့သည်။ သူ၏ ပခုံးများ တဆတ်ဆတ် တုန်ခါနေပြီး ချည့်နဲ့ဖျော့တော့သော ငိုရှိုက်သံများသည် ကုစာနာဂိ၏ နားထဲသို့ တိုးဝင်လာလေသည်။

"ဘယ်အချိန်လောက်က ဖြစ်သွားခဲ့တာလဲ"

သူက တိုးညင်းစွာ မေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မစ္စဝါကာယာမာ ပြောတာတော့ ရှစ်နာဂီထိုးခါနီးလောက်တဲ့"

မာမီယာက ပြန်ဖြေသည်။

"ရှစ်နာရီ ... အဲဒီအချိန်တုန်းက သူ ဘာလုပ်နေတာလဲ"

"ကော်ဖီသောက်နေတာ ဖြစ်လိမ့်မယ်။ အဲဒီတုန်းက ကြမ်းပြင်ပေါ်မှာ ကော်ဖီခွက်တစ်ခွက် မှောက်နေတာ တွေ့တယ်။ ကော်ဖီတွေလဲ ကြမ်းပြင်ပေါ် ပြန့်ကျဲလို့။ ဒါပေမဲ့ ကျွန်တော်တို့ သန့်ရှင်းရေး လုပ်ပြီးသွားပြီ"

"ကော်ဖီ ... သူ့ဘာသာ ဖျော်သောက်တာလား"

"ဗျာ... ဘာကို ဆိုလိုတာလဲ"

ကုစာနာဂိက အလျင်အမြန် မေးခွန်းထုတ်လိုက်သည်။

"ကျွန်မယောကျ်ားက သူ့ဟာသူဆို ဘာမှ လုပ်တတ်တာ မဟုတ်ဘူး။ သူ့ဘာသာသူ ကော်ဖီဖျော်သောက်တာမျိုးလဲ ကျွန်မတော့ တစ်ခါမှ မမြင်ဖူးဘူး"

မာမီယာ၏ မျက်ခုံးများ ဆတ်ခနဲ လှုပ်ခါသွားကြောင်းကို ကုစာနာဂိက သတိထားလိုက်မိသည်။

"ခင်ဗျားရဲ့ သဘောက... ကော်ဖီကို သူ့ဟာသူ ဖျော်တာ မဖြစ်နိုင်ဘူးလို့ ဆိုလိုချင်တာလား"

မာမီယာက သတိကြီးကြီးဖြင့် မေးလိုက်သည်။

"ကျွန်မတို့ မင်္ဂလာမဆောင်ခင်တုန်းကတော့ သူ့ဘာသာ ဖျော်သောက်ခဲ့ဖူးမယ် ထင်ပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက သူ့မှာ ကော်ဖီဖျော်စက်တစ်လုံး ရှိတယ်"

"အဲဒီစက်က အခုကော ရှိသေးတာလား"

"မရှိတော့ဘူး၊ ထားဖို့ မလိုအပ်တော့တာနဲ့ ကျွန်မ ရှင်းပစ်လိုက်ပြီ။ ကျွန်မက ကော်ဖီစစ်ခွက်ကိုပဲ သုံးတယ်"

မာမီယာ၏ မျက်လုံးများ ပို၍ ပြူးကျယ်လာသည်။ သူက မျက်နှာထားတည်တည်ဖြင့် စကားဆိုသည်။

"လက်ရှိအချိန်ထိ ဓာတ်ခွဲခန်းအဖြေက ထွက်မလာသေးဘူး ဆိုတော့ ကျွန်တော်တို့လဲ ဘာကိုမှ ယတိပြတ် ပြောလို့ မဖြစ်နိုင်သေးဘူး။ ဒါပေမဲ့ ခင်ဗျားရဲ့ ခင်ပွန်းက အဆိပ်မိလို့ သေတာ ဖြစ်ဖို့ များတယ်"

အာယနဲ၏ မျက်နှာသည် တဒင်္ဂမျှ သွေးဆုတ်သွားကာ ပြူးကျယ်သော မျက်ဝန်းတစ်စုံဖြင့် မေးခွန်းထုတ်လေတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK


"အဆိပ်သင့်တာ... ဘာအဆိပ် သင့်တာလဲ"

"အဲဒီအချက်ကိုတော့ ကျွန်တော်တို့ စစ်ဆေးနေတုန်းပဲ ရှိသေးတယ်။ အခင်းဖြစ်တဲ့ နေရာမှာ ဖြန့်ကျဲနေတဲ့ ကော်ဖီတွေထဲကနေ လူကို သေစေနိုင်လောက်တဲ့ ခါတ်သတ္တုတချို့ကို ကျွန်တော်တို့ ဓာတ်ခွဲ တွေ့ရှိထားတယ်။ တစ်နည်းပြောပြရင်တော့ ခင်ဗျားရဲ့ ခင်ပွန်းက အနာရောဂါကြောင့်၊ ဒါမှမဟုတ် မတော်တဆ ဖြစ်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရတာ မဟုတ်ဘူး"

အာယနဲသည် ပါးစပ်ကို လက်ဖြင့် အုပ်လျက် မျက်တောင်ကို အဆက်မပြတ် ခတ်နေသည်။ မျက်လုံးအိမ်များက သွေးရောင်လွှမ်းလာသည်။

"သူ ဘာဖြစ်လို့ ... ဘာဖြစ်လို့ အဲဒီလို အဖြစ်မျိုးနဲ့ ကြုံခဲ့ရတာလဲ"

"အခုထိ အဲဒါ ပဟေဠိတစ်ခု ဖြစ်နေဆဲပဲ။ ဒါကြောင့် အခုဖြစ်သွားခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဘာများ ပြောပြနိုင်တာ ရှိမလဲလို့ ကျွန်တော်တို့ ခင်ဗျားဆီကနေ သိချင်နေတာ"

အပြောင်းအလဲ ရှိသည်ဟု ဖုန်းထဲတွင် ပြောခဲ့သော မာမီယာ၏ စကားကို ယခုမှ ကုစာနာဂိ သဘောပေါက် နားလည်လာခဲ့သည်။ မာမီယာကိုယ်တိုင် လာရောက်တွေ့ဆုံသည့် ကိစ္စအပေါ်၌လည်း နားဝေတိမ်တောင် ဖြစ်နေစရာ မလိုအပ်တော့ပေ။

အာယနဲသည် လက်ကို နဖူးပေါ်သို့ ပြောင်းရွှေ့ကာ နံဘေးရှိ ဆိုဖာခုံပေါ်သို့ ထိုင်ချလိုက်သည်။

"ကျွန်မ ဘယ်လိုလုပ် သိနိုင်ပါ့မလဲ"

"ခင်ဗျားနဲ့ ခင်ဗျားခင်ပွန်း နောက်ဆုံးအကြိမ် စကားပြောဖြစ်ခဲ့ကြတာ ဘယ်အချိန်လောက်က ဖြစ်မလဲ"

မာမီယာက မေးသည်။

"စနေနေ့မနက် ကျွန်မ အိမ်က ထွက်တော့ သူလဲ ကျွန်မနဲ့အတူ အိမ်က ထွက်လာခဲ့တယ်"

"အဲဒီတုန်းက ခင်ဗျားခင်ပွန်းရဲ့ ပုံပန်းသဏ္ဍာန်က အရင်ကနဲ့ ဘာများ ထူးခြားတာ ရှိသလဲ၊ ဘယ်လောက် သေးနုပ်တဲ့ကိစ္စ ဖြစ်ပါစေ ကိစ္စမရှိပါဘူး"

အာယနဲက တစ်ခဏမျှ စဉ်းစားပြီးနောက် ခေါင်းခါလိုက်သည်။

"မရှိဘူး၊ အဲဒီတုန်းက ဘာများ ထူးခြားနေသလဲ ဆိုတာကို ကျွန်မ ဘယ်လိုမှ စဉ်းစားလို့ မရဘူး"

mgyoe.com

mgyoe.com SAMPLE BOOK


ဟုတ်မှာပါပဲလေ။ ကုစာနာဂိက သူ့ကို ကိုယ်ချင်းစာနာမိသည်။

ခင်ပွန်းသည် ရုတ်တရက် ကွယ်လွန်သွားခြင်းကြောင့် ဖြစ်ပေါ်လာသော ပူဆွေးသောကများ၏ ပြင်းထန်သော ရိုက်ချက်များကို ရင်စည်းခံနေရဆဲမှာပင် 'သံသယဖြစ်ဖွယ် သေဆုံးမှု'၊ 'အဆိပ်မိ၍ သေဆုံးခြင်း' စသည့် သတင်းများကို မဖြစ်မနေ နားထောင်ခဲ့ရပြန်သည်။ သူ၏ စိတ်သည် ယခုအခါတွင် ယောက်ယက်ခတ်နေလိမ့်မည်ဟု ကုစာနာဂိက တွေးဆကြည့်နေမိသည်။

"ဆရာ၊ သူ့ကို တစ်ခဏလောက်ဖြစ်ဖြစ် အနားယူခွင့် ပေးလိုက်ရင် ကောင်းမယ် ထင်တယ်။ အခုလေးတင်မှ လေယာဉ်နဲ့ ဆပ်ပိုရိုကနေ ပြန်ရောက်တာ ဆိုတော့ အတော်လေး ပင်ပန်းနေလောက်ပြီ"

ကုစာနာဂိက ပြောသည်။

"အင်း... ဟုတ်တာပေါ့"

"ဟင့်အင်း... ရပါတယ်"

အာယနဲက ခါးကို မတ်မတ် ဆန့်ထားလိုက်သည်။

"ဒါပေမဲ့ ကျွန်မကို အင်္ကျီလဲခွင့်တော့ ပြုပါဦး။ မနေ့ညကတည်းက ဒီအင်္ကျီ တစ်စုံကိုပဲ ဝတ်ထားခဲ့ရတာ ဆိုတော့"

သူ၏ ကိုယ်ပေါ်တွင် အနက်ရောင် အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားသည်။

"မနေ့ညကတည်းက ... "

ကုစာနာဂိက မေးသည်။

"ဟုတ်တယ်၊ ကျွန်မ တိုကျိုကို အမြန်ဆုံး ပြန်လာနိုင်ဖို့ တစ်ချိန်လုံး အကြဲထုတ်နေခဲ့တာ။ အချိန်မရွေး ထထွက်လာနိုင်အောင် အစောကြီးကတည်းက အသင့်ပြင်ပြီး စောင့်နေခဲ့တာပါ"

"အဲဒီလိုဆိုတော့ ခင်ဗျား မနေ့ညက တစ်ညလုံး တစ်ရေးမှ မအိပ်ရသေးဘူးပေါ့"

"ဟုတ်တယ်၊ အိပ်လဲ အိပ်ပျော်နိုင်မှာမှ မဟုတ်ပဲ"

"ဒါတော့ ဘယ်ဖြစ်မလဲဗျ"

မာမီယာက ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK


"ခင်ဗျား တစ်ခဏဖြစ်ဖြစ် အနားယူလိုက်တာ ပိုကောင်းလိမ့်မယ်"

"ဟင့်အင်း... ရပါတယ်၊ ကျွန်မ အဝတ်အစား လဲပြီးတာနဲ့ ပြန်လာခဲ့ပါမယ်"

ပြောပြီးနောက် သူ မတ်တတ်ထရပ်လိုက်သည်။

သူ အခန်းထဲမှ ထွက်သွားသည့်အခါတွင် ကုစာနာဂိက မာမီယာကို မေးလိုက်သည်။

"အဆိပ်ရဲ့ အမျိုးအစားကို စုံစမ်းလို့ ရပြီလား ဆရာ"

မာမီယာက ခေါင်းညိတ်ပြသည်။

"လက်ကျန် ကော်ဖီရည်ထဲမှာ အာဆန်နစ်အက်ဆစ်တွေ တွေ့တယ် တဲ့"

ကုစာနာဂိ၏ မျက်လုံးများ ပြူးကျယ်သွားသည်။

"စိန်ကို ပြောတာလား။ ရှေ့တစ်ခေါက်က ကာလီဟင်းကို အဆိပ်ခတ်တဲ့ အမှုမှာ သုံးခဲ့တဲ့ဟာလေ"

"ထ.ရ.ဖက လူတွေရဲ့ စကားအရတော့ အခုအမှုမှာ ဆိုဒီယမ်အာဆန်နိုက်ကို သုံးထားတယ် တဲ့။ ကော်ဖီထဲမှာ ပျော်ဝင်နေတဲ့ အဆိပ်ရဲ့ သိပ်သည်းဆအရ တွက်ဆကြည့်ရင် မစ္စတာမာရှိဘာ သောက်ခဲ့တဲ့ ပမာဏက သေစေနိုင်လောက်တဲ့ ပမာဏထက် အပုံကြီး ပိုများနေတာ တွေ့ရတယ်။ ခွဲစိတ်ခန်းအဖြေ အသေးစိတ်က ဒီညနေလောက် ထွက်လာလိမ့်မယ် ထင်တယ်။ ဒါပေမဲ့ အလောင်းရဲ့ မျက်မြင် အနေအထားအရတော့ အာဆန်နစ်.အဆိပ်သင့် ပုံနဲ့ တစ်ထေရာတည်းပဲ"

ကုစာနာဂိက သက်ပြင်းချကာ ခေါင်းညိတ်လိုက်သည်။ ကြည့်ရသည်မှာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခြင်း၊ သို့တည်းမဟုတ် အနာရောဂါကြောင့် သေဆုံးခြင်း တည်းဟူသော ဖြစ်နိုင်ခြေ နှစ်ခုကို စာရင်းထဲမှ ပယ်ဖျက်ပစ်ရန် သေချာသလောက် ရှိနေချေပြီ။

"မစ္စစ်မာရှိဘာရဲ့ စကားအရ သူ့ယောကျ်ားက ကော်ဖီကို သူ့ဘာသာသူ ဖျော်မသောက်တတ်ဘူး ဆိုတော့ကော အဲဒီကော်ဖီကို ဘယ်သူက ဖျော်ပေးခဲ့တာလဲ"

မာမီယာက တစ်ယောက်တည်း ရေရွတ်နေသည့်ဟန်ဖြင့် ပြောနေသည်။ သို့သော် သူ၏ လက်အောက်ငယ်သားများ ကြားနိုင်လောက်အောင် ပြောဆိုနေခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


"ကျွန်မအထင်တော့ သူ့ဘာသာသူ ကော်ဖီ ဖျော်ဖူးလိမ့်မယ်လို့ ယူဆတယ်"

ဥက္ကာမိထံမှ ရုတ်တရက် စကားသံ ထွက်ပေါ်လာသည်။

"ဘာကြောင့် အဲဒီလို ပြောနိုင်ရတာလဲ"

မာမီယာက မေးသည်။

"လူသက်သေ ရှိနေတာပဲ"

ဥက္ကာမိသည် ကုစာနာဂိကို လှမ်းကြည့်ပြီး ဆက်ပြောသည်။

"မစ္စဝါကာယာမာလေ"

"သူက ဘာပြောဖူးလို့လဲ"

ကုစာနာဂိသည် သူ၏ မှတ်ဉာဏ်ထဲမှ အပိုင်းအစများကို လှန်လှောရှာဖွေကြည့်နေသည်။

"မနေ့ညက ကျွန်မ သူ့ကို ခွက်ခံပန်းကန်ပြားအကြောင်း မေးလိုက်တာ ဆရာ မှတ်မိသေးလား။ မစ္စတာမာရှိဘာက ကော်ဖီသောက်ရင် ခွက်ခံပန်းကန်ပြား မသုံးဘူးလားလို့ အဲဒီတုန်းက ကျွန်မ သူ့ကို မေးလိုက်တယ်။ မစ္စဝါကာယာမာရဲ့ အဖြေက 'သူတစ်ယောက်တည်း သောက်ရင်တော့ မသုံးလောက်ဘူး' တဲ့"

သူတို့နှစ်ယောက်၏ ပြောစကားများကို ကုစာနာဂိ ပြန်လည် ကြားယောင်လာသည်။

"ဟုတ်တယ်၊ ငါလဲ ကြားမိတယ်"

မာမီယာက ခေါင်းညိတ်လိုက်သည်။

"တစ်ခု မေးစရာရှိတာက ဒီကိစ္စကို သူ့ဇနီးကတောင် မသိတဲ့ဥစ္စာ၊ သူ့ဇနီးရဲ့ တပည့်မက ဘာဖြစ်လို့ သိနေရတာလဲ"

"အဲဒီအချက်နဲ့ ပတ်သက်ပြီး ဆရာ့ကို ပြောပြစရာတွေ ရှိနေသေးတယ်"

ကုစာနာဂိသည် မာမီယာ၏ နားနားသို့ ကပ်ပြီး မာရှိဘာ ယိုရှိတာကာနှင့် ဝါကာယာမာ ဟိရောမိတို့၏ ဆက်ဆံရေးနှင့် ပတ်သက်သော သူနှင့် ဥက္ကာမိတို့၏ ထင်မြင်ချက်ကို ပြောပြလိုက်လေသည်။

မာမီယာသည် ကုစာနာဂိနှင့် ဥက္ကာမိတို့၏ မျက်နှာများကို တစ်လှည့်စီ ကြည့်ပြီး ပြုံးလျက် ပြောသည်။

mgyoe.com

m g y o e . c o m
 SAMPLE BOOK 

"နင်တို့ကလဲ အဲဒီလိုပဲ ထင်တာလား"

"ဆရာကကော အဲဒီလို ..."

ကုစာနာဂိက သူ့ဆရာ၏မျက်နှာကို တအံ့တသြ ငေးကြည့်နေသည်။

"အတွေ့အကြုံက စကားပြောတယ်လေကွာ။ ဒီဦးနှောက်က အလကား ထားထားတာမှ မဟုတ်ဘဲ။ မနေ့တုန်းကတည်းက အဲဒီကိစ္စကို ငါ ရိပ်စားမိတယ်"

မာမီယာသည် သူ၏ ဦးခေါင်းကို လက်ညှိုးနှင့် ထောက်ကာ ပြောနေသည်။

"အဲ... ဘာတွေ ဖြစ်နေတာလဲ ဆိုတာ ကျွန်တော့်ကို ရှင်းပြကြပါဦးလား"

ကိရှိတာနိက မေးသည်။

"ခဏနေမှ မင်းကို ရှင်းပြမယ်"

ပြောပြီး မာမီယာသည် ကုစာနာဂိတို့ကို လှမ်းကြည့်လိုက်ပြန်သည်။

"မစ္စစ်မာရှိဘရဲ့ အရှေ့မှာ အဲဒီကိစ္စကို လုံးဝ မပြောမိစေနဲ့၊ သဘောပေါက်တယ်မလား"

ကုစာနာဂိက "ဟုတ်" ဟု ပြန်ဖြေလိုက်စဉ် နံဘေးမှ ဥကျူမိကလည်း ခေါင်းညိတ်ပြလိုက်သည်။

"လက်ကျန် ကော်ဖီရည်ထဲကနေပဲ အဆိပ်ကို တွေ့ခဲ့တာလား"

ကုစာနာဂိက မေးသည်။

"မဟုတ်ဘူး၊ နောက်တစ်နေရာမှာလဲ တွေ့သေးတယ်"

"ဘယ်နေရာလဲ"

"ကော်ဖီစစ်ခွက်ထဲက စက္ကူရေစစ်ပေါ်မှာ။ အတိအကျ ပြောရမယ် ဆိုရင် စစ်ခွက်ထဲက စက္ကူရေစစ်ပေါ်မှာ တင်ကျန်နေခဲ့တဲ့ ကော်ဖီမှုန့်တွေထဲမှာ"

"ကော်ဖီဖျော်နေတုန်းမှာ အဆိပ်ကို ကော်ဖီမှုန့်ထဲ ရောထည့်ခဲ့တယ်လို့ ယူဆရမယ် ထင်တယ်"

ကိရှိတာနိက ပြောသည်။

"အဲဒါက ဖြစ်နိုင်ခြေတစ်ခုပေါ့၊ နောက်ထပ် ဖြစ်နိုင်ခြေတစ်ခုလဲ ရှိနေသေးတယ်"

မာမီယာက လက်ညှိုးတစ်ချောင်း ထောင်ကာ ပြောလိုက်သည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"ကော်ဖီမှုန့်ထဲကို ကြိုထည့်ထားတာမျိုးလဲ ဖြစ်နိုင်သေးတယ်"

ဥက္ကာမိက ပြောသည်။

မာမီယာက ကျေနပ်သဘောကျသော အကြည့်ဖြင့် ဥက္ကာမိကို လှမ်းကြည့်လိုက်သည်။

"ဟုတ်တယ်၊ မူလက ကော်ဖီမှုန့်ကို ရေခဲသေတ္တာထဲမှာ ထည့်ထားတာ။ ထ.ရ.ဖ က ကော်ဖီမှုန့်ထုပ်ထဲကနေ အဆိပ်ကို ရှာမတွေ့ခဲ့ဘူးလို့ ပြောနေပေမယ့် တကယ် မရှိခဲ့ပါဘူးလို့တော့ ယတိပြတ် ပြောလို့ မရဘူး။ အခင်းမဖြစ်ခင်တုန်းက အဆိပ်ကို ကော်ဖီမှုန့်ထုပ်ရဲ့ အပေါ်ယံကြောမှာပဲ တင်ထားခဲ့မယ်ဆိုရင် ကော်ဖီမှုန့်ကို ခပ်ယူလိုက်တာနဲ့ အဆိပ်တွေ အားလုံးက ချိန်ခွင်ထဲ အကုန်လုံး ပါသွားနိုင်တယ်"

"အဲဒီလိုဆိုရင် အဆိပ်ကို ဘယ်အချိန်တုန်းက အိတ်ထဲ ထည့်ခဲ့တာလဲ"

ကုစာနာဂိက မေးသည်။

"အခုထိတော့ သေချာ မသိသေးဘူး။ ထ.ရ.ဖ က အမှိုက်အိတ်ထဲကနေ သုံးပြီးသား ရေစစ်စက္ကူ သုံး၊ လေးချပ်ကို ရှာတွေ့ခဲ့တယ်။ အဲဒါတွေအပေါ်မှာလဲ အဆိပ်ကို ရှာမတွေ့ခဲ့ဘူး။ ဒါလဲ သဘာဝကျတယ်လေ။ တကယ်လို့သာ အဆိပ်တွေ့ခဲ့ရင် အခု သေဆုံးသူရဲ့ အရင့်အရင်မှာ တခြားသူတွေလဲ ဒီအဆိပ် ပါတဲ့ ကော်ဖီကို သောက်ခဲ့ဖူးကြတယ်လို့ ယူဆရမလို ဖြစ်နေတယ်"

"လက်ဆေးကန်ထဲမှာ မဆေးရသေးတဲ့ ကော်ဖီခွက်တွေ ရှိတယ်"

ဥက္ကာမိက ပြောသည်။

"အဲဒီခွက်တွေကို ဘယ်အချိန်တုန်းက သုံးခဲ့သလဲဆိုတာ သိဖို့ အတော်လေး အရေးကြီးတယ်။ နောက်ပြီး ဘယ်သူ သုံးခဲ့တာလဲ ဆိုတာလဲ အရေးပါတာပဲ"

မာမီယာက လျှာဖြင့် နှုတ်ခမ်းသပ်လိုက်သည်။

"အဲဒီအချက်ကတော့ သေချာသွားပြီ။ လက်ဗွေရာကို စစ်လို့ ပြီးသွားပြီ။ တစ်ခုက မစွတာမာရှိဘရဲ့ဟာ။ နောက်တစ်ခုကတော့ မင်းတို့စိတ်ထဲမှာ သံသယ ရှိနေတဲ့ လူပဲ"

ကုစာနာဂိနှင့် ဥက္ကာမိတို့သည် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ သူတို့နှစ်ဦး၏ ထင်မြင်ချက်သည် သက်သေ ခိုင်လုံသွားပြီဟု ဆိုနိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


"ဆရာ၊ မစ္စဝါကာယာမာလဲ မကြာခင် ဒီကို ရောက်လာလိမ့်မယ်"

ကုစာနာဂိသည် ကားပေါ်တွင် အာယနဲ ဖုန်းဆက်ခဲ့သည့် အကြောင်းကို မာမီယာအား ပြောပြလိုက်သည်။

မာမီယာက မျက်မှောင်ကြုတ်ကာ ခေါင်းညိတ်လိုက်သည်။

"လာတာ အတော်ပဲပေါ့၊ မစ္စဝါကာယာမာတို့ ကော်ဖီသောက်ခဲ့တဲ့ အချိန်ကို မင်းတို့ ရအောင် စုံစမ်းခဲ့။ ပိုင်ပါစေနော်။ မလိမ့်တစ်ပတ် လုပ်မသွားစေနဲ့ဦး"

ကုစာနာဂိက ပြန်ဖြေသည်။

"ဟုတ်၊ မဖြစ်စေရပါဘူး ဆရာ"

ထိုအခိုက်မှာပင် အောက်ထပ်သို့ ဆင်းလာသော ခြေသံများကို ကြားလာရသည်။ သူတို့အားလုံး စကားကို မြန်မြန် လက်စသတ်လိုက်ကြသည်။

"စောင့်ရတာ ကြာသွားပြီ ထင်တယ်"

အာယနဲသည် သူတို့၏ အရှေ့သို့ ရောက်လာသည်။ သူသည် အနက်ရောင် ဘောင်းဘီရှည်၏ အထက်တွင် အပြာနုရောင် ရှပ်အင်္ကျီကို ဝတ်ဆင်ထားသည်။ မိတ်ကပ်ကို ပြန်ပြင်လိမ်းခဲ့သောကြောင့် ဖြစ်မည်။ မျက်နှာတွင် သွေးရောင်များ ပြန်လွှမ်းလာသည်။

"ခင်ဗျားကို မေးခွန်းတွေ မေးလို့ ရမလား"

မာမီယာက မေးသည်။

"ဟုတ်၊ မေးနိုင်ပါတယ်"

"ခင်ဗျားလဲ ခရီးပန်း၊ လူပန်း ဖြစ်နေလောက်ပြီ။ ကျွန်တော်တို့ ထိုင်ရင်း စကားပြောကြတာပေါ့"

ခွဲမှူးက ဆိုဖာခုံကို လက်ညှိုးထိုးပြသည်။

အာယနဲသည် ဆိုဖာခုံပေါ်တွင် ထိုင်လျက် မျက်စိအစုံသည် မှန်တံခါးမှတစ်ဆင့် အပြင်ဘက် ဥယျာဉ်ထဲသို့ ကြည့်ကာ စကားဆိုလေသည်။

"အတော် သနားစရာ ကောင်းတာပဲ။ အကုန်လုံး ညှိုးကုန်ပြီ။ ခရီးမထွက်ခင်က ကျွန်မယောကျ်ားကို ရေလောင်းဖို့ မမေ့နဲ့နော် ဆိုပြီး အတန်တန်မှာခဲ့ဖြစ်သေးတယ်။ သူက သစ်ပင်ပန်းမန်တွေကို နည်းနည်းလေးမှ စိတ်ဝင်စားတာ မဟုတ်ဘူးရယ်"

mgyoe.com

mgyoe.com

ကုစာနာဂီသည် ဥယျာဉ်ဘက်သို့ ခေါင်းလှည့်ကြည့်သည်။ ပန်းအိုးများထဲတွင် ပန်းရောင်စုံတို့ ဖူးပွင့် ဝေဆာနေသည်ကို တွေ့မြင်ရသည်။

"ဆောရီးပါပဲရှင်၊ ဖြစ်နိုင်မယ်ဆိုရင် ကျွန်မ ပန်းပင်တွေကို အရင်ဦးဆုံး ရေလောင်းပေးလိုက်ချင်တယ်။ သူတို့တွေ အဲဒီလို ဖြစ်ပျက်နေတာ မြင်ရတော့ စိတ်ထဲ ဘယ်လိုမှ နေလို့ မကောင်းဘူး"

မာမိယာ၏ မျက်နှာပေါ်တွင် စိတ်ပျက်အံ့သြသော အမူအရာများ တဒင်္ဂမျှ လွှမ်းမိုးသွားပြီးနောက် အပြုံးတချို့ ပြန်လည်ထွက်ပေါ်လာပြီး ခေါင်းညိတ်ကာ စကားဆိုလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ စောင့်နိုင်ပါတယ်"

"အားတော့ နာပါတယ်ရှင်"

အာယနဲသည် ပြောပြီး မတ်တတ်ရပ်ကာ မီးဖိုဆောင်ထဲသို့ လျှောက်ဝင်သွားသည်။ အဘယ်ကြောင့် မီးဖိုဆောင်ထဲသို့ ဝင်သွားရသနည်း ဟူသည့်အချက်ကို စိတ်ဝင်စားသောကြောင့် ကုစာနာဂီလည်း အနောက်မှ လိုက်ပါသွားလေသည်။ ရေပိုက်ခေါင်းကို ဖွင့်၍ ရေပုံးကြီးကြီး တစ်လုံးထဲသို့ ရေဖြည့်နေသည်ကို တွေ့ရသည်။

"ပန်းခြံထဲမှာ ရေဘုံပိုင် မရှိဘူးလား"

ကုစာနာဂီက သူ့အနောက်မှ လှမ်းမေးလိုက်သည်။

သူက နောက်ပြန်လှည့်ကာ ပြုံးပြသည်။

"ဒီရေတွေက အပေါ်ထပ် လသာဆောင်အတွက်ပါ။ အပေါ်ထပ်မှာ ရေပိုက်ခေါင်း သီးသန့်မရှိဘူး"

"သြော်... အဲဒီလိုလား"

ယမန်နေ့ည ဤအိမ်သို့ ရောက်ခါစအချိန်က လသာဆောင်ပေါ်မှ ပန်းပင်များကို ငေးမောကြည့်နေသည့် ဥက္ကျူမိ၏ ပုံပန်းသဏ္ဌာန်ကို ကုစာနာဂီ ပြန်လည် မြင်ယောင်လာမိသည်။

ရေအပြည့် ဖြည့်ထားသော ရေပုံးသည် အတော်ပင် လေးလံပေလိမ့်မည်။ ကုစာနာဂီသည် ၎င်းကို အပေါ်ထပ်သို့ သယ်ဆောင်ပေးပါရစေဟု တောင်းဆိုလိုက်သည်။

"ရပါတယ်၊ ကျွန်မ သယ်နိုင်တယ်"

mgyoe.com

"အားမနာပါနဲ့ဗျာ၊ အပေါ်ထပ်ကို ကျွန်တော် သယ်ပေးပါ့မယ်"

အာယနဲ၏ အသံမှာ တစ်ဖက်လူ မကြားနိုင်လောက်အောင် တိုးလျှလွန်းလှသည်။

"ကျေးဇူးပါပဲ"

သူတို့ လင်မယားနှစ်ယောက်၏ အိပ်ခန်းသည် အနည်းဆုံး မြက်ဖျာအချပ် ၂၀ စာ ရှိသော အနောက်တိုင်းပုံစံ အိပ်ခန်းတစ်ခန်း ဖြစ်သည်။ ခုတင်ထက်ရှိ နံရံပေါ်တွင် ကြီးမားသော ပန်းထိုးပန်းချီကား တစ်ချပ်ကို ချိတ်ဆွဲထားသည်။ စပ်ထည်ပေါ်ရှိ တောက်ပစူးရှသော အရောင်အသွေးများက ကုစာနာဂိ၏ မျက်ဝန်းတစ်စုံကို အပြည့်အဝ ဆွဲဆောင်ထားကြသည်။

"အဲဒါ ခင်ဗျားကိုယ်တိုင် လုပ်ထားတာလား"

"ဟုတ်တယ်၊ ပြီးထားတာ သိပ်မကြာသေးဘူး"

"တော်တော်လှတာပဲဗျ၊ ပြောရမှာတော့ ခပ်ရှက်ရှက်ပဲ။ ကျွန်တော်အရင်က ပန်းထိုးပန်းချီကို ဇာထိုးပန်းထိုးနဲ့ အတူတူပဲလို့ ထင်ထားတာ။ ဒီလောက် အနုပညာလက်ရာမြောက်အောင် လုပ်လို့ရမှန်း အခုမှပဲ သိရတော့တယ်"

"ဒါတွေက သိပ်ပြီး လက်ရာမြောက်တယ်လို့ မဆိုနိုင်ပါဘူးရှင်၊ စပ်ထည်ရဲ့ သဘောကိုက လက်တွေ့အသုံးချဖို့ အဓိက ရည်ရွယ်ထားတာ ဆိုတော့ သုံးလို့ရရင် ပြီးနေတာပဲ ဥစ္စာ။ ဒါပေမဲ့ မျက်စိပသာဒလဲ ဖြစ်တယ် ဆိုရင်တော့ ပိုပြီးပြီးပြည့်စုံသွားတာပေါ့ရှင်"

"သေချာတာပေါ့ဗျာ၊ ခင်ဗျားက အဲဒီလို မျက်စိပသာဒ ဖြစ်တဲ့ လက်ရာမျိုးကို ဖန်တီးနိုင်တယ် ဆိုတော့ တကယ့်ကို ချီးကျူးစရာပဲပေါ့။ ဒါပေမဲ့ အတော်လေးလဲ လက်ဝင်လိမ့်မယ် ထင်တယ်"

"အချိန်တွေ အများကြီး ပေးရတာပေါ့။ ဒါကြောင့် တော်ရုံခွဲမျိုးနဲ့တော့ မရဘူး။ ဒါပေမဲ့ ဝါသနာအရ လုပ်တာ ဆိုတော့ အချိန်လဲ ကုန်လို့ ကုန်မှန်းမသိတော့ပါဘူးရှင်။ တကယ်လို့သာ အဲဒီလို ဝါသနာမျိုး မရှိခဲ့ဘူး ဆိုရင်တော့ အခုလို လက်ရာမျိုးကိုလဲ ဘယ်လိုနည်းနဲ့မှ ရအောင် လုပ်နိုင်မှာ မဟုတ်ဘူး"

ကုစာနာဂိက ခေါင်းညိတ်ကာ အကြည့်ကို ပန်းထိုးပန်းချီကားပေါ်သို့ ပြန်လှည့်လိုက်သည်။ ရုတ်တရက် ကြည့်လိုက်လျှင် ပန်းထိုးပန်းချီကားပေါ်မှ

m.gyoe.com

mgyoe.com SAMPLE BOOK

အရောင်များကို ဖြစ်သလို ရွေးချယ် ပေါင်းစပ်ထားသည်ဟု မှတ်ထင်ရသော်လည်း ၎င်းကို အာယနဲသည် နဖူးကချွေး ခြေမ ကျအောင် အပ်တစ်ချောင်းဖြင့် တကုပ်ကုပ် ချုပ်လုပ်ခဲ့ရသည်ဟု ကြားသိရပြီးသည့် နောက်တွင် ကုစာနာဂိသည် ၎င်းပန်းချီကားကို ကြည့်ရင်း ကြည့်ရင်းနှင့် ကြည်နူး နှစ်ခြိုက်လာမိသည်။

လသာဆောင်သည် အိပ်ခန်းကဲ့သို့ပင် အတော်အတန် ကြီးမား ကျယ်ပြန့်သည်။ သို့သော် ပန်းအိုးများကို နေရာအနှံ့ ချထားသောကြောင့် လူတစ်ယောက်သာ ဖြတ်သွားဖြတ်လာ လုပ်နိုင်သည်ဟု ထင်ရလောက်အောင် ကျဉ်းမြောင်းနေလေသည်။

အာယနဲသည် ထောင့်တစ်နေရာတွင် ချထားသော သံဘူးခွံအလွတ် တစ်လုံးကို လှမ်းယူပြီး ကုစာနာဂိကို ပြလိုက်သည်။

"မိုက်တယ် မဟုတ်လား"

သံဘူးခွံ၏ အောက်ခြေတွင် အပေါက်များစွာ ဖောက်ထားသည်။ အာယနဲသည် သံဘူးခွံကို ရေပုံးထဲသို့ နှစ်၍ ရေဖြည့်ပြီး သံဘူးခွံ၏ အောက်ခြေ အပေါက်များမှ ထွက်သော ရေဖြင့် ပန်းပင်ကို ရေလောင်းလေသည်။

"ဗိုး... အိမ်တွင်းဖြစ် ရေပန်းကရားပါလား"

"ဟုတ်တယ်၊ ပုံမှန် ရေပန်းကရားနဲ့ဆိုရင် ရေပုံးထဲကနေ ရေယူဖို့ ခက်တယ်လေ။ ဒါကြောင့် ကျွန်မက ဒီသံဘူးခွံရဲ့ အောက်ခြေကို သံချောင်းနဲ့ အပေါက်တွေ ဖောက်ပြီး ရေပန်းကရားလို ဖြစ်အောင် လုပ်ယူထားတာ"

"ပိုင်လိုက်တဲ့ အကြံဗျာ"

"ဟုတ်တယ်၊ ဒါပေမဲ့ အခုလို သစ်ပင်ပန်းမန်တွေအပေါ် စိတ်လိုလက်ရ လုပ်နေကိုင်နေတာကို ကျွန်မရဲ့ ယောက်ျားက နည်းနည်းလေးမှ နားလည်မပေးနိုင်ဘူး"

ပြောပြီးနောက် အာယနဲ၏ မျက်နှာတွင် ကြွက်သားများ တောင့်တင်းသွားကာ ကြမ်းပြင်ပေါ်သို့ ငုတ်တုတ် ထိုင်ချလိုက်သည်။ သံဘူးခွံထဲမှ ရေများသည် သူ၏ ဖိနပ်များပေါ်သို့ တတောက်တောက် စီးကျနေလေသည်။

"မစွစ်မာရှိဘ"

ကုစာနာဂိက သူ့ကို ခေါ်လိုက်သည်။

"ဆောရီးပဲ၊ ကျွန်မယောက်ျား ဒီလောကမှာ မရှိတော့ဘူး ဆိုတဲ့ အမှန်တရားကို ကျွန်မ ဘယ်လိုမှ လက်ခံလို့ မရသေးဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

"အဖြစ်အပျက်တွေက မြန်ဆန်လွန်းနေတော့ အချိန်တိုအတွင်းမှာ ဘယ်လိုမှ လက်ခံနိုင်မှာ မဟုတ်သေးဘူး"

"ရှင်တို့လဲ သိပြီးလောက်ပြီ ထင်ပါတယ်။ ကျွန်မတို့ အိမ်ထောင်ပြုခဲ့ကြတာ တစ်နှစ်တောင် မပြည့်သေးဘူး။ ကျွန်မအနေနဲ့ အခုလို ဘဝအသစ်မှာ နေသားတကျဖြစ်အောင် မနည်း ကြိုးစားထားရတာလေ။ သူ့ရဲ့ စရိုက်ဝါသနာနဲ့ ကြိုက်တတ်၊ မကြိုက်တတ်တဲ့ အရာတွေကို နားလည်အောင် မနည်း လေ့လာထားရတာ။ ကျွန်မတို့အတွက် သာယာ ပျော်ရွှင်ဖွယ်ကောင်းတဲ့ ဘဝခရီးလမ်းက အရှည်ကြီး ကျန်သေးတယ်လို့ ကျွန်မ ယုံကြည်ထားခဲ့တာ"

သူ၏ ရှေ့တွင် မျက်နှာကို လက်ဖြင့်အုပ်လျက် ဆို့နင့်ကြေကွဲနေသော အမျိုးသမီးတစ်ယောက်ကို ကုစာနာဂိသည် မည်သို့သော စကားလုံးများဖြင့် ဖျောင်းဖျ နှစ်သိမ့်ရမည်မှန်း ဝေခွဲမရနိုင်အောင် ဖြစ်နေမိသည်။ သူ၏ နံဘေးတွင် ဝန်းရံနေကြသည့် တောက်ပရွှန်းစိုနေသော ရောင်စုံပန်းပွင့်များသည် မျက်မှောက်အခြေအနေနှင့် မည်သို့မျှ အံဝင်ခွင်ကျ မဖြစ်တော့ပေ။

"ဆောရီးပဲရှင်၊ ဒီပုံစံနဲ့ဆိုရင် ရှင်တို့ကို အကူအညီ ပေးနိုင်ပါ့မလားတောင် မပြောတတ်တော့ဘူး။ ကျွန်မအနေနဲ့ စိတ်ကို ခိုင်ခိုင်ထားသင့်မှန်း ကျွန်မ သိပါတယ်။ ဒါပေမဲ့..."

အာယနဲက တိုးလျသော လေသံဖြင့် ပြောနေသည်။

"ဒါဆိုရင် နောက်နေ့မှ ခင်ဗျားဆီကနေ သတင်းယူတာပေါ့"

ကုစာနာဂိ၏ နှုတ်မှ လွတ်ခနဲ ထွက်ကျသွားသည်။ ရုတ်တရက် ဆိုသကဲ့သို့ သူ့ အတွေးအာရုံထဲတွင် ရှုံ့မဲ့နေသော မာမီယာ၏ မျက်နှာကို မြင်ယောင်လာသည်။

"မလုပ်ပါနဲ့၊ ကျွန်မလဲ အဖြစ်မှန်ကို အမြန်ဆုံး သိချင်တာပါပဲ။ ဒါပေမဲ့ ကျွန်မ ဘယ်လိုမှ နားမလည်နိုင်တဲ့ အချက်က... ဘယ်လိုလူမျိုးက သူ့ကို အသေသတ်ချင်နေရတာလဲ"

စကားသံ ဆုံးဆုံးချင်းမှာပင် အိမ်တံခါးဝရှိ အင်တာကွန်းစက်မှ အသံထွက်ပေါ်လာသည်။ ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် အာယနဲသည် ထိတ်ခနဲ လန့်ဖျပ်သွားပြီး တစ်ခဏကြာမှ မတ်တတ်ရပ်ကာ ဝရန်တာမှ အောက်ဘက်သို့ ငုံ့ကြည့်လေသည်။

mgyoe.com

mgyoe.com

"ဟိရောမိ"

သူသည် လက်မြှောက်ကာ အိမ်အောက်ဘက်သို့ လှမ်းအော်လိုက်သည်။

"မစ္စဝါကာယာမာ ရောက်လာတာလား"

အာယနဲသည် ခေါင်းညိတ်ပြီး အိမ်ထဲသို့ လှည့်ဝင်သွားသည်။

ကုစာနာဂိသည် အာယနဲနှင့်အတူ အောက်ထပ်သို့ ဆင်းလာစဉ် စင်္ကြံလမ်းပေါ်တွင် ရပ်နေသော ဥက္ကျူမိကို တွေ့လိုက်ရသည်။ သူလည်း တံခါးခေါင်းလောင်းသံကို ကြားပေလိမ့်မည်။ ဝါကာယာမာ ဟိရောမိ ရောက်နေခြင်းဖြစ်ကြောင်း ကုစာနာဂိက ဥက္ကျူမိကို ခပ်တိုးတိုး ပြောပြလိုက်သည်။

အာယနဲက အိမ်တံခါးမကြီးကို ဆွဲဖွင့်လိုက်သည့် အခါတွင် ဝါကာယာမာ ဟိရောမိသည် အိမ်အပြင်ဘက်တွင် ရပ်နေလေသည်။

"ဟိရောမိ၊ အထဲဝင်ခဲ့လေ"

အာယနဲ၏ စကားသံထဲတွင် ငိုသံပါနေသည်။

"ဆရာမ၊ နေကောင်းတယ် မဟုတ်လား"

"နေကောင်းပါတယ်၊ ငါ့ကို လာတွေ့တဲ့အတွက် ကျေးဇူးပါပဲ"

စကားဆုံးသည်နှင့် တစ်ပြိုင်နက် အာယနဲသည် သူ၏ ညှော်သည်ကို ပွေ့ဖက်ကာ ကလေးငယ်တစ်ယောက်ကဲ့သို့ တရှုပ်ရှုပ် ငိုကြွေးနေလေတော့သည်။

●

mgyoe.com

m.g y o e . c o m SAMPLE BOOK

(၅)

မာရှိဘ အာယနဲသည် ဝါကာယာမာ ဟိရောမိကို ရင်ခွင်ထဲမှ ဖယ်ခွာလိုက်ပြီး မျက်လုံးထောင့်စွန်းရှိ မျက်ရည်စများကို လက်ညှိုးဖြင့် သုတ်ကာ "ဆောရီးပဲ" ဟု ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"သူများတွေ အရှေ့မှာ မငိုမိဖို့ စိတ်တင်းထားနိုင်လိမ့်မယ် ထင်တာ။ ဟိရောမိကို မြင်တော့ ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘူး ဖြစ်သွားတယ်။ အခု တော့ အဆင်ပြေသွားပါပြီ၊ တောင်းပန်ပါတယ်"

မပြုံးချင့် ပြုံးချင်ဖြင့် ပြုံးပြနေသော အာယနဲကို ကြည့်ပြီး ကုစာနာဂိ ၏ ရင်ထဲ၌ ဆို့နင့်ဝမ်းနည်းနေမိသည်။ သူသည် တစ်ကိုယ်တည်း စိတ်အေး လက်အေးနေရန် အမှန်ပင် လိုအပ်နေသည်။

"ဆရာမ၊ ကျွန်မ ဘာများ ကူညီပေးရမလဲ"

ဟိရောမိသည် အာယနဲကို မော့ကြည့်လျက် မေးလိုက်သည်။

အာယနဲက ခေါင်းခါယမ်းလိုက်သည်။

"ငါ့ကို အဖော်လာလုပ်ပေးတာနဲ့တင် လုံလောက်နေပါပြီ။ နောက်ပြီး အခုချိန်မှာ ငါ့ခေါင်းထဲလဲ ဟာလာဟင်းလင်း ဖြစ်နေတယ်။ အထဲကို အရင် ဝင်ကြရအောင်၊ ငါ နင့်ကို မေးစရာ ရှိတယ်"

"မစ္စစ်မာရှိဘ၊ ခဏလေး နေပါဦး"

m g y o e . c o m

mgyoe.com

SAMPLE BOOK


ကုစာနာဂိက သူတို့နှစ်ယောက်ကိုအလျင်အမြန် လှမ်းပြောလိုက်သည်။

"ကျွန်တော်တို့ မစ္စဝါကာယာမာကို မေးစရာ မေးခွန်းတချို့ ရှိနေတယ်။ မနေ့ညက အခြေအနေအားလုံး ရှုပ်ယှက်ခတ်နေတာနဲ့ သူနဲ့ စကားတောင် ကောင်းကောင်း မပြောလိုက်ရဘူး"

ဟိရောမိသည် သိသိသာသာ မျက်နှာပျက်လျက် ရှိသည်။ အကြည့်များနှင့် မဆုံမိစေရန် တမင်တကာ မျက်နှာလွှဲနေသည်။ အလောင်း တွေ့မြင်စဉ်က အခြေအနေ အရပ်ရပ်ကို မခြွင်းမချန် ပြောပြပြီး ဖြစ်သောကြောင့် သူ့တွင် တခြား ဘာမျှ ပြောစရာ မကျန်တော့ ဟူ၍ သူ တွေးကောင်း တွေးနေပေလိမ့်မည်။

"ကိစ္စမရှိပါဘူး၊ ရှင်တို့လဲ ကျွန်မတို့နဲ့ အတူတူ မေးစရာရှိတာ မေးလို့ရတာပဲ"

အာယနဲသည် ကုစာနာဂိ၏ အကြံအစည်ကို စိုးစဉ်းမျှ ရိပ်စားမိဟန် မတူ။

"အဲ... ကျွန်တော်တို့ မစ္စဝါကာယာမာနဲ့ နှစ်ကိုယ်တည်း အရင် စကားပြောကြည့်ချင်တယ်"

ကုစာနာဂိ၏ စကားကို ကြားရသောအခါတွင် အာယနဲသည် နားမလည်သည့်ဟန်ဖြင့် မျက်လုံးကို ပေကလတ်ပေကလတ် လုပ်နေလေသည်။

"ဘာဖြစ်လို့လဲ၊ ဟိရောမိရဲ့ ပြောစကားကို ကျွန်မလဲ နားထောင်ချင်တယ်လေ။ ဒါကြောင့်မို့ပဲ သူ့ကို ဒီခေါ်လိုက်တာပေါ့"

"မစ္စစ်၊ မစ္စစ်မာရှိဘ"

မာမီယာသည် မည်သည့်အချိန်က အာယနဲ၏ နံဘေးသို့ ရောက်နေသည် မသိ။

"ဆောရီးပါဗျာ၊ ကျွန်တော်တို့ ရဲဘက်ကလဲ လုပ်စရာ တာဝန်လေးတွေ ရှိနေသေးလို့ပါ။ ကျေးဇူးပြုပြီး ကုစာနာဂိကို မစ္စဝါကာယာမာနဲ့ အရင်ဦးဆုံး စကားပြောခွင့် ပြုစေချင်ပါတယ်။ ကျွန်တော်တို့ကို လူမှုရေး နားမလည်ဘူးလို့ ခင်ဗျား ယူဆကောင်း ယူဆမိမှာပါပဲ။ ဒါပေမဲ့ လုပ်ထုံးလုပ်နည်းအတိုင်းသာ လုပ်မသွားခဲ့ဘူး ဆိုရင် နောက်ပိုင်းကျတော့ မလိုအပ်တဲ့ ပြဿနာတွေ တက်လာနိုင်လို့ပါ"

mgyoe.com

m gyoe.com SAMPLE BOOK


မာမီယာ၏ ပွင့်လင်းမြင်သာလွန်းသည့် စကားကို ကြားလိုက်ရသည့် အခါတွင် အာယနဲ၏ မျက်နှာပေါ်၌ အလိုမကျသော စိတ်ခံစားချက်များ အထင်းသား ပေါ်လွင်လာသည်။ သို့သော်လည်း သူ ခေါင်းညိတ်ကာ သဘောတူလိုက်လေသည်။

"ကျွန်မ သဘောပေါက်ပါပြီ၊ ဒါဆို ကျွန်မက ဘယ်နေရာကို သွားပြီး ရှောင်ပေးနေရမလဲ"

"ခင်ဗျားက ဒီနေရာမှာ နေခဲ့ရင် ရပါတယ်။ ကျွန်တော်တို့ ခင်ဗျားကို မေးခွန်းတချို့ မေးစရာ ရှိသေးတယ်"

ပြောပြီး မာမီယာသည် ကုစာနာဂိနှင့် ဥကျူမိတို့ကို လှမ်းကြည့်လိုက်သည်။

"မင်းတို့ မစ္စဝါကာယာမာကို အေးအေးဆေးဆေး စကားပြောလို့ ရမယ့် နေရာတစ်နေရာကို ခေါ်သွားလိုက်ကြ"

"ဟုတ်"

ကုစာနာဂိက ပြန်ဖြေသည်။

"ကျွန်မ ကားသွားယူလိုက်ဦးမယ်"

ဥကျူမိသည် အိမ်တံခါးမကြီးကို ဖွင့်ပြီး အပြင်သို့ ထွက်သွားသည်။

+

မိနစ်နှစ်ဆယ်ခန့် ကြာပြီးနောက်တွင် ကုစာနာဂိတို့ သုံးယောက်သည် မိသားစု စားသောက်ဆိုင် တစ်ဆိုင်၏ ထောင့်စွန်းတစ်နေရာရှိ စားပွဲပတ်ပတ်လည်တွင် ထိုင်မိကြသည်။ ဥကျူမိသည် ကုစာနာဂိ၏ နံဘေးတွင် ထိုင်ပြီး မျက်နှာချင်း ဆိုင်ရှိ ဟိရောမိသည် မျက်နှာသေဖြင့် ခေါင်းကို အောက်သို့ ငုံ့ထားသည်။

ကုစာနာဂိက ကော်ဖီတစ်ငုံ သောက်ပြီး...

"မနေ့ညက အိပ်လို့ အဆင်ပြေတယ် မဟုတ်လား"

"ကောင်းကောင်း အိပ်မပျော်ပါဘူး"

"ဟုတ်မှာပါပဲ၊ လူသေအလောင်းကို မျက်စိနဲ့ တပ်အပ် မြင်ထားရတာ ဆိုတော့ ခင်ဗျားလဲ မထိတ်မလန့်ဘဲ နေမှာမဟုတ်ဘူး"

mgyoe.com

mgyoe.com  SAMPLE BOOK 

'အထူးသဖြင့် သေဆုံးတဲ့သူက ခင်ဗျားရဲ့ ချစ်သူရည်းစား ဖြစ်နေတယ်လေ' ဟု ကုစာနာဂိက စိတ်ထဲမှ ရေရွတ်နေမိသည်။ ဥကျူမိ၏ စကားသာမှန်မည် ဆိုလျှင် သူသည် ယမန်နေ့ညက အိမ်သို့ ပြန်ရောက်လျှင် ရောက်ချင်း အသည်းအသန် ငိုကြွေးနေခဲ့သေးသည်။

ဟိရောမိသည် မည်သို့မျှ မတုံ့ပြန်ဘဲ နှုတ်ခမ်းကို ကိုက်လျက် ခေါင်းကို ငုံ့မြဲ ငုံ့ထားသည်။

"မနေ့ညက အချိန်မရလိုက်လို့ မေးဖို့ မေးခွန်းတချို့ ကျန်သွားတယ်။ အခု မေးလို့ ရမလား"

ဟိရောမိသည် ပင့်သက်ကို ရှိုက်သွင်းလိုက်သည်။

"ကျွန်မ ဘာမှ မသိဘူး၊ ... ... ရှင်တို့ မေးလဲ အပိုပဲ။ ကျွန်မ ဘာကိုမှ ဖြေပေးနိုင်မယ် မထင်ဘူး"

"စိတ်မပူပါနဲ့၊ ကျွန်တော်တို့ရဲ့ မေးခွန်းက ဒီလောက်လဲ မခက်ခဲပါဘူး၊ ခင်ဗျားသာ အမှန်အတိုင်း ပြောပြဖို့ ဆန္ဒရှိမယ် ဆိုရင်ပေါ့"

ဟိရောမိသည် ကုစာနာဂိကို မျက်လုံးပြူးကြည့်လိုက်သည်။

"ကျွန်မ ဘယ်တုန်းက ညာခဲ့ဖူးလို့လဲ"

"အဲဒီလိုဆိုရင်တော့ အကောင်းဆုံးပေါ့ဗျာ။ ကျွန်တော် ခင်ဗျားကို မေးပါရစေ။ မနေ့ည ရှစ်နာရီပတ်ဝန်းကျင်က မစ္စတာမာရှိဘာရဲ့ ရုပ်အလောင်းကို တွေ့ခဲ့တယ်လို့ ခင်ဗျား ထွက်ဆိုခဲ့တယ်။ အဲဒီမတိုင်ခင် သူ့ကို နောက်ဆုံးတစ်ကြိမ် တွေ့ခဲ့ကြတာကလဲ သောကြာနေ့ညက မာရှိဘာအိမ်မှာ လုပ်တဲ့ ညစာစားပွဲမှာလို့ ခင်ဗျား ပြောခဲ့တယ်။ ခင်ဗျား တစ်ခုခုများ အမှတ်မှားနေခဲ့သလား"

"မမှားပါဘူး"

"တကယ့်ကို အမှတ်မမှားဘူးလား။ လူအများစုက စိတ်လှုပ်ရှားစရာနဲ့ တွေ့ရင် မှတ်ဉာဏ်တွေပါ ကမောက်ကမ ဖြစ်သွားတတ်ကြတယ်။ ခင်ဗျားလဲ စိတ်ငြိမ်ငြိမ်ထားပြီး သေချာပြန် စဉ်းစားကြည့်ပါဦးလား။ သောကြာနေ့ည ထွက်ခွာသွားပြီးတဲ့ အချိန်ကနေ စပြီး မနေ့ညက ပြန်ရောက်တဲ့ အချိန်အထိ အဲဒီကြားထဲမှာ ခင်ဗျား တကယ်ပဲ မာရှိဘာအိမ်ကို တစ်ခေါက်မှ ပြန်မရောက်ဖြစ်တော့ဘူးလား"

ကုစာနာဂိသည် ဟိရောမိ၏ ရည်လျားဖြောင့်စင်းသော မျက်တောင်မွေး

mgyoe.com

m gyee.com SAMPLE BOOK


များကို စိုက်ကြည့်၍ မေးခွန်းထုတ်လိုက်သည်။ သူသည် "တကယ်" ဟူသော စကားလုံးနှစ်လုံး အရောက်တွင် လေသံကို အနည်းငယ် မြှင့်တင်ပစ်လိုက်သည်။

ဟိရောမိသည် တစ်ခဏမျှ တုံ့ဆိုင်းနေပြီးမှ စကားဆိုသည်။

"ဘာဖြစ်လို့ အဲဒီလို မေးရတာလဲ၊ အမှတ်မမှားပါဘူးလို့ ကျွန်မ ပြောပြီးနေမှပဲ။ ရှင်တို့က ဘာအကြောင်းပြချက်နဲ့ ဒီလောက်တောင် ပေကတ်ကတ် လုပ်နေရတာလဲ"

ကုစာနာဂိက ပြုံးလိုက်သည်။

"မေးခွန်း မေးနေတဲ့သူက ကျွန်တော်ပါဗျာ"

"ဒါပေမဲ့..."

"ကျွန်တော့်ရဲ့ စကားကို သာမန် အတည်ပြုချက် ရယူနေတယ်လို့ပဲ သဘောထားပေးပါဗျာ။ ဒါပေမဲ့ ခင်ဗျား စောစောတုန်းက ပြောခဲ့သလိုပေါ့။ ကျွန်တော်တို့ ခင်ဗျားကို ပေကတ်ကတ် လုပ်နေရတဲ့ အကြောင်းအရင်းက အဲဒီမေးခွန်းကို လေးလေးနက်နက် သဘောထားပြီး ဖြေစေချင်လို့ပဲ။ တကယ်လို့သာ ခင်ဗျားရဲ့ ထွက်ဆိုချက်ထဲမှာ တမင်သက်သက် ဖုံးကွယ်ထားတာ၊ ဒါမှမဟုတ် လိမ်ညာထားတာ ပါနေခဲ့မယ်ဆိုရင် ခင်ဗျားရော ကျွန်တော်တို့အတွက်ပါ မကောင်းတဲ့ အကျိုးရလဒ်တွေ ဖြစ်လာနိုင်တယ်"

ဟိရောမိသည် နောက်တစ်ကြိမ် တုဏှိဘော လုပ်နေပြန်သည်။ နောင်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် ကောင်းကျိုးဆိုးပြစ်များကို သူ၏ ဦးနှောက်ထဲ၌ ချိန်ဆနေမည် ဖြစ်ကြောင်း ကုစာနာဂိက ခံစားနေရသည်။ မိမိ၏ မုသားစကားကို ရဲဘက်မှ လှစ်ဟဖော်ထုတ်နိုင်မည့် ဖြစ်နိုင်ခြေက မည်သို့ ရှိမည်နည်း။ အမှန်အတိုင်း ဖွင့်ဟဝန်ခံခြင်းကသာ မိမိအတွက် ပို၍ အကျိုးများမည်လော။ စသည့် အချက်များကို သူ ချိန်ဆ တွက်ချက်နေပေလိမ့်မည်။

သို့သော် သူ၏ ဦးနှောက်ထဲမှ ချိန်ခွင်လျှာသည် အတော်အတန် ကြာသည်အထိ ဟိုယိမ်းဒီယိုင် ဖြစ်နေသောကြောင့် သူ၏ နှုတ်ဆိတ်နေမှုသည်လည်း အတော်ပင် ကြာညောင်းသွားခဲ့သည်။

ကုစာနာဂိက စိတ်မရှည်နိုင်တော့။

"ကျွန်တော် မနေ့ညက အခင်းဖြစ်တဲ့ နေရာကို ရောက်တော့ လက်ဆေးကန်ထဲမှာ ကော်ဖီခွက် တစ်ခွက်နဲ့ ခံပန်းကန်ပြား နှစ်ချပ်ကို တွေ့ခဲ့တယ်။

mgyee.com

mgyoe.com  SAMPLE BOOK 

အဲဒီတုန်းကလည်း ကျွန်တော်တို့ ခင်ဗျားကို အဲဒီပစ္စည်းအကြောင်း မေးမြန်းခဲ့သေးတယ်။ ခင်ဗျားက ဘာမှ မသိကြောင်း ဖြေခဲ့တယ်။ ဒါပေမဲ့ နောက်ကျတော့ ကျွန်တော်တို့ရဲ့ ဓာတ်ခွဲလေ့လာချက်အရ ခင်ဗျားရဲ့ လက်ဗွေရာကို တွေ့ခဲ့ရတယ်။ အဲဒီခွက်နဲ့ ပန်းကန်ပြားကို ခင်ဗျား ဘယ်အချိန်တုန်းက ထိတို့ခဲ့တာလဲ"

ဟိရောမိ၏ ပခုံးနှစ်ဖက်သည် လှိုက်ဖိုနေသော အသက်ရှူသံနှင့်အတူ နိမ့်ချည်မြင့်ချည် ဖြစ်နေလေသည်။

"စနေနဲ့ တနင်္ဂနွေ နှစ်ရက်အတွင်းမှာ ခင်ဗျား မစ္စတာမာရှီဘကို တွေ့ခဲ့သေးတယ် မဟုတ်လား။ အဲ... အသက်ရှင်လျက် ရှိနေသေးတဲ့ မစ္စတာမာရှီဘပေါ့"

ဟိရောမိသည် တံတောင်ဖြင့် စားပွဲပေါ်ထောက်လျက် လက်နှစ်ဖက်က ခေါင်းကို ဆုပ်ကိုင်ထားသည်။ အကျပ်အတည်းကို ရှောင်ကွင်းနိုင်ရန်အတွက် သူ အကြံထုတ်နေခြင်း ဖြစ်ကောင်း ဖြစ်ပေမည်။ သို့သော် သူ၏ လုပ်ကြံလီဆယ်မှုကို အလွယ်တကူ လှစ်ဟနိုင်လိမ့်မည်ဟု ကုစာနာဂိက အပြည့်အဝ ယုံကြည်ထားသည်။

သူ၏ ခေါင်းပေါ်မှ လက်နှစ်ဖက်ကို ဖယ်ရှားလိုက်ပြီး မျက်လုံးအစုံက ကြမ်းပြင်ပေါ်သို့ စိုက်ကြည့်နေသည်။ ထို့နောက် ခေါင်းညိတ်ကာ...

"ရှင်ပြောတာ အမှန်ပါပဲ၊ လိမ်ပြောမိခဲ့တဲ့အတွက် ကျွန်မ တောင်းပန်ပါတယ်"

"ခင်ဗျား မစ္စတာမာရှီဘနဲ့ တွေ့ဆုံခဲ့သေးတယ်ပေါ့... ဟုတ်လား"

ခေတ္တမျှ တိတ်ဆိတ်သွားပြီး သူက "ဟုတ်ပါတယ်" ဟု ပြန်ဖြေလေသည်။

"ဘယ်အချိန်ကလဲ"

ဤမေးခွန်းကိုလည်း သူက ချက်ချင်း ပြန်မဖြေဘဲ နှုတ်ဆိတ်နေပြန်သည်။ ကုစာနာဂိသည် မရိုးမရွ ဖြစ်ကာ စိတ်ထဲမှ ကျိတ်ပြီး သူ့ကို ကျိန်ဆဲနေမိသည်။

"အဲဒီမေးခွန်းကို မဖြေလို့ မရဘူးလား"

ဟိရောမိသည် ခေါင်းမော့ကာ ကုစာနာဂိနှင့် ဥကျူမိတို့ကို စိုက်ကြည့်နေသည်။

mgyoe.com

"အဲဒါက အမှုနဲ့ ဘယ်လိုမှ ပတ်သက်နိုင်စရာ မရှိပါဘူးရှင်။ ရှင်တို့က အခုလို လျှောက်မေးနေတော့ သူတစ်ဖက်သားရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကို စွက်ဖက်ရာ ရောက်မနေဘူးလား"

သူ့ကို ကြည့်ရသည်မှာ ယခုပင် ငိုချတော့မည့် ဟန်မျိုး။ သူ၏ မျက်ဝန်း ထဲတွင် ဒေါသ၏ အငွေ့အသက်များနှင့် လေသံကလည်း စူးရှခက်ထန်နေသည်။

ကုစာနာဂိသည် ဝါရင့်စုံထောက်တစ်ဦး၏ စကားကို ပြန်လည် ကြားယောင်လာမိသည်။ မိန်းမတစ်ယောက်သည် အပြင်ပန်းအရ မည်မျှပင် နူးညံ့ပျော့ပျောင်းနေစေကာမူ အိမ်ထောင်ရှိသော ယောကျ်ားတစ်ယောက်နှင့် ငြိစွန်းမိသွားခဲ့ပြီ ဆိုလျှင် ထိုမိန်းမမျိုးကို လွန်စွာ ကိုင်တွယ်ရခက်သည်။

ဤသို့ အချိန်ဆွဲနေ၍ မဖြစ်သေး။ ကုစာနာဂိသည် လက်ထဲမှ ဒုတိယ ဖဲချပ်ကို ထုတ်ပြရန် ဆုံးဖြတ်လိုက်သည်။

"မစ္စတာမာရှီဘ သေရတဲ့ အကြောင်းအရင်းကို စုံစမ်းလို့ရသွားပါပြီ။ အဆိပ်သောက်မိလို့ သေခဲ့တာပါ"

ဟိရောမိ၏ အမူအရာမှာ အနည်းငယ် ထိတ်လန့် တုန်လှုပ်သွားသည်။

"အဆိပ်မိတယ် ..."

"အခင်းဖြစ်တဲ့ နေရာမှာ ဖိတ်စဉ်နေတဲ့ ကော်ဖီတွေကို စစ်ဆေးကြည့် တဲ့အခါ အဲဒီအထဲမှာ အဆိပ်တွေ ပါနေတာ တွေ့ရတယ်"

သူ၏ မျက်လုံးများ ပြူးကျယ်လာသည်။

"မဖြစ်နိုင်တာပဲ"

ကုစာနာဂိသည် ကိုယ်ကို အရှေ့သို့ အနည်းငယ် ကိုင်းညွတ်ပြီး သူ၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။

"ခင်ဗျားက ဘာဖြစ်လို့ မဖြစ်နိုင်ဘူးလို့ ပြောရတာလဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ ..."

"အဲဒီအရင် ခင်ဗျား သောက်ခဲ့တုန်းက ဘာမှ မဖြစ်ခဲ့လို့ မဟုတ်လား"

သူသည် မျက်တောင်ခတ်လျက် တဒင်္ဂမျှ တုံ့ဆိုင်းနေပြီးကာမှ ခေါင်းကို အသာအယာ ညိတ်ပြလိုက်သည်။

"ပြဿနာက အဲဒီမှာ တက်နေတာပဲ မစ္စဝါကာယာမာ။ တကယ်လို့ သာ မစ္စတာမာရှီဘက သူ သောက်မယ့် ကော်ဖီခွက်ထဲကို သူ့ဟာသူ အဆိပ်

mgyoe.com

mgyoe.com

ခတ်ခဲ့တာ ဆိုရင် ဒီအမှုကို ကျွန်တော်တို့က ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှု၊ ဒါမှမဟုတ် မတော်တဆ ဖြစ်မှုဆိုပြီး အမှုပိတ်လိုက်ရုံပဲ။ ကျွန်တော်တို့လဲ ဒီလောက် ဒုက္ခခံနေစရာ အကြောင်းမရှိတော့ဘူး။ ဒါပေမဲ့ ခက်တာက လက်ရှိအခြေအနေအရ အဲဒီလို ဖြစ်နိုင်ခြေက မရှိသလောက် နည်းနေတယ်။ လူတစ်ဦးတစ်ယောက်က ရည်ရွယ်ချက်ရှိရှိနဲ့ မစ္စတာမာရှီဘရဲ့ ကော်ဖီခွက်ထဲကို အဆိပ်ခတ်ခဲ့တယ်လို့ပဲ ကျွန်တော်တို့ ယူဆရမလို ဖြစ်နေတယ်။ နောက်ပြီး သုံးပြီးသား ရေစစ်စက္ကူပေါ်မှာလဲ ပါဝင်ပစ္စည်း တူညီတဲ့ အဆိပ်တွေကို တွေ့ထားသေးတယ်။ လက်ရှိအချိန်ထိ ဖြစ်နိုင်ခြေအရှိဆုံး ယူဆချက်က ဘာလဲဆိုတော့ လူတစ်ယောက်ယောက်က ကော်ဖီမှုန့်ထဲမှာ အဆိပ်ခတ်ထားခဲ့တယ် ဆိုတဲ့ အချက်ပဲ”

ဟိရောမိသည် မျက်စိမျက်နှာပျက်လျက် ခေါင်းကို တွင်တွင် ခါယမ်းနေသည်။

“ကျွန်မ အဲဒါတွေ ဘာမှ မသိဘူး”

“အဲဒီလိုဆိုရင်လဲ ခင်ဗျားအနေနဲ့ ကျွန်တော်တို့ရဲ့ မေးခွန်းကို အနည်းဆုံးတော့ အမှန်အတိုင်း အဖြေပေးသင့်တယ်။ အခင်းမဖြစ်ခင် ခင်ဗျားက မာရှီဘအိမ်မှာ ကော်ဖီသောက်ခဲ့ဖူးတယ်။ အဲဒီအချက်က တော်တော်ကို အရေးပါတဲ့ သဲလွန်စ တစ်ခုပဲ။ တရားခံက... မဟုတ်သေးဘူး၊ အခုချိန်မှာ ‘တရားခံ’ ဆိုတဲ့ အသုံးအနှုန်းက သင့်လျော်၏၊ မသင့်လျော်၏ ဆိုတာကို လတ်တလောအချိန်မှာ ဆုံးဖြတ်လို့ မရနိုင်သေးဘူး။ ဒါပေမဲ့ အဲဒီလူက ကော်ဖီမှုန့်ထဲကို ဘယ်အချိန်တုန်းက အဆိပ်ခတ်ခဲ့တာလဲ ဆိုတာကို တွက်ဆနိုင်ဖို့အတွက် ခင်ဗျားရဲ့ ထွက်ဆိုချက်က သိပ်ကို အရေးပါလွန်းနေတယ်”

နောက်ဆုံးတွင် ကုစာနာဂိသည် “ခင်ဗျား ဘယ်လို သဘောရသလဲ” ဟူသော စကားဖြင့် အဆုံးသတ်ကာ ခါးကို မတ်မတ်ဆန့်လျက် သူ့ကို စိုက်ကြည့်နေလိုက်သည်။ သူ စကားမဟမချင်း ဘာမျှ ထပ်မပြောတော့ ဟုလည်း ကုစာနာဂိက ဆုံးဖြတ်ထားလေသည်။

ဟိရောမိသည် ပါးစပ်ကို လက်ဖြင့် အုပ်ကာ အကြည့်များက စားပွဲမျက်နှာပြင်ထက်၌ ရွေ့လျားနေကြသည်။ နောက်ဆုံး သူ၏ စကားသံ ထွက်ပေါ်လာသည်။

mgyoe.com

"ကျွန်မ မဟုတ်ဘူး"

"ဗျာ"

"ကျွန်မ လုပ်တာ မဟုတ်ဘူး"

သူ၏ အသံက တောင်းပန် တိုးလျှိုးနေသည့်နှယ်။ ခေါင်းကို ခါယမ်းလျက်....

"အဆိပ်ခတ်တဲ့သူက ကျွန်မ မဟုတ်ဘူး၊ ကျွန်မ မညာပါဘူး၊ ကျေးဇူးပြုပြီး ကျွန်မကို ယုံကြည်ပေးကြပါ"

ကုစာနာဂိသည် ဥက္ကျူမိကို လှမ်းကြည့်လိုက်သည်။

မှန်၏။ ဝါကာယာမာ ဟိရောမိသည် သံသယရှိထိုက်သူများထဲမှ တစ်ဦးဖြစ်သည်။ မသင်္ကာစရာ အကောင်းဆုံးသူ ဟူ၍ပင် မှတ်ယူနိုင်သည်၊ အဘယ်ကြောင့်ဆိုသော် သူ့တွင် အဆိပ်ခတ်နိုင်သည့် အချိန်နှင့် အခွင့်အရေးများကို လက်ဝယ် ပိုင်ဆိုင်ထားသည်။ ထို့အပြင် အကယ်၍သာ သူနှင့် မာရှိဘ ယိုရှိတာကာတို့တွင် ပုံမှန်မဟုတ်သော အချစ်ဇာတ်လမ်းတစ်ပုဒ် အမှန် ရှိနေခဲ့ပါလျှင် အချစ်ကြီး၍ အမျက်ကြီးကာ တစ်ဖက်လူကို အသက်သေဆုံးသည်အထိ ဒုက္ခပေးနိုင်သည်။ သို့ဖြင့် အဆိပ်ခတ် သတ်ဖြတ်ပြီးနောက်တွင် အလောင်းကို ပထမဆုံး တွေ့မြင်သူအဖြစ် ဟန်ဆောင်နေသော ဖြစ်နိုင်ခြေသည် လုံးဝ မရှိသည် မဟုတ်။

သို့ပါသော်လည်း ပထမဦးဆုံးအနေဖြင့် ကုစာနာဂိသည် မိမိ၏ တင်ကြိုမှန်းဆချက်ကို တတ်နိုင်သမျှ ဘေးဖယ်ထားပြီး ဟိရောမိထံမှ သတင်းအချက်အလက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ကောက်ယူစုဆောင်းရန် ဆုံးဖြတ်ထားသည်။ ကုစာနာဂိသည် ဟိရောမိအပေါ် သံသယဝင်နေသည့် အချက်ကို သူ၏ ပြောစကားနှင့် ဟန်အမူအရာတို့တွင် မပေါ်လွင်အောင် ဖုံးဖိထားနိုင်သည်ဟု သူ့ကိုယ်သူ မှတ်ယူထားသည်။ သို့ဖြင့် ဟိရောမိနှင့် မာရှိဘ ယိုရှိတာကာတို့ အတူတကွ ကော်ဖီသောက်ခဲ့ကြသည့် အချိန်ကိုသာ မေးမြန်းစုံစမ်းနေခြင်းဖြစ်ပါလျက် သူသည် အဘယ်ကြောင့် ဤသို့သော စကားမျိုးကို ပြောဆိုခဲ့ရသနည်း။ တစ်နည်းတစ်ဖုံ နားလည်၍ ရနိုင်သည်မှာ သူသည် လူသတ်တရားခံဖြစ်သောကြောင့်သာလျှင် မှုခင်းရဲ၏ စကားကို အထအနကောက်၍ သူ့တွင် အပြစ်မရှိကြောင်း သူ့ကိုယ်သူ ဆင်ခြင်လဲရန် ကြိုးစားနေခြင်းပေလော။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်တော်တို့က ခင်ဗျားကို သံသယဝင်နေတာ မဟုတ်ပါဘူး"

ကုစာနာဂိက ဟိရောမိကို ပြုံးပြလိုက်သည်။

"ကျွန်တော် စောစောက ပြောခဲ့သလိုပါပဲ။ ကျွန်တော်တို့က တရားခံ ဘယ်အချိန်က အဆိပ်ခတ်ခဲ့သလဲ ဆိုတာကို ဖော်ထုတ်နိုင်ဖို့ ကြိုးစားနေတာပါ။ အခု ခင်ဗျားက မစ္စတာမာရှိဘာနဲ့ တွေ့ဆုံပြီး သူနဲ့အတူတူ ကော်ဖီသောက်ခဲ့ပါတယ်လို့ ဝန်ခံထားပြီးပြီ ဆိုတော့ ကျွန်တော်တို့ကို အသေးစိတ် ပြောပြနိုင်မလား။ ဘယ်အချိန်က သောက်ခဲ့တာလဲ၊ အဲဒီကော်ဖီကို ဘယ်သူက ဖျော်ခဲ့တာလဲ၊ နောက်ပြီး ဘယ်လို ဖျော်ခဲ့တာလဲ"

ဖြူဖွေးနေသော ဟိရောမိ၏ မျက်နှာပေါ်တွင် သောကရိပ်များ ယှက်သန်းသွားသည်။ သူသည် သူတို့၏ နှစ်ကိုယ်ကြားဇာတ်လမ်းကို အမှန်အတိုင်း ထုတ်ဖော်ပြောပြရန် သင့်၊ မသင့် ဝေခွဲမရနိုင်အောင် ဖြစ်နေခြင်း သက်သက်ပေလော။ ကုစာနာဂိလည်း ဆုံးဖြတ်ရခက်နေသည်။

"မစ္စဝါကာယာမာ"

ဥကျူမိ၏ အသံ ရုတ်တရက် ထွက်ပေါ်လာသည်။

ဟိရောမိသည် အထိတ်တလန့်ဖြစ်ကာ သူ့ကို ခေါင်းမော့ကြည့်လေသည်။

"ရှင်နဲ့ မစ္စတာမာရှိဘတို့ အကြားမှာရှိတဲ့ ဆက်နွယ်ပတ်သက်မှုကို ကျွန်မတို့ မှန်းဆထားပြီးပါပြီ"

ဥကျူမိက ဆက်ပြောသည်။

"အခုချိန်မှာ ရှင်က ဘူးခံပြီး ငြင်းနေမယ် ဆိုရင်တောင် ကျွန်မတို့က အဲဒီကိစ္စကို အတည်ပြုချက် ရတဲ့အထိ ဆက်ပြီး စုံစမ်းသွားနေဦးမှာပဲ။ စုံစမ်းနေတဲ့ ကာလအတွင်းမှာ အဲဒီအကြောင်းကိစ္စနဲ့ ပတ်သက်ပြီး လူတွေ အများကြီးကို ကျွန်မတို့ မေးရမြန်းရလိမ့်မယ်။ ဒီလောက်ဆို ရှင် သဘောပေါက်လောက်ပါပြီ။ တကယ်လို့သာ အခုချိန်မှာ ကျွန်မတို့ကို အမှန်အတိုင်း ပြောပြမယ်ဆိုရင် ကျွန်မတို့အနေနဲ့လဲ အမှုစုံစမ်း စစ်ဆေးတဲ့ နေရာမှာ တတ်နိုင်သမျှ သတိကြီးကြီးထားပြီး လုပ်ဆောင်ပေးသွားဖို့ ဆန္ဒရှိပါတယ်။ ဥပမာပြောရရင် တကယ်လို့သာ ရှင်က အဲဒီကိစ္စကို အပြင်လူဆီ မပေါက်ကြားစေချင်ဘူး ဆိုရင် ကျွန်မတို့ကလဲ ရှင့်ဆန္ဒအတိုင်း ကူညီပေးဖို့ အသင့်ပါပဲ"

mgyoe.com

မည်သို့မည်ပုံ ဖောင်ဖြည့်ရမည်ကို ရုံးဝန်ထမ်းတစ်ယောက်က ရှင်းပြနေသည့်နှယ် အထက်ပါ စကားများကို ပြောဆိုပြီးသည့်နောက်တွင် ဥက္ကာမိသည် ကုစာနာဂိကို တစ်ချက်လှမ်းကြည့်ပြီး ခေါင်းကို အောက်သို့ အနည်းငယ်ငိုက်ထားလိုက်သည်။ စောစောက ဘောင်ကျော်၍ လုပ်မိခဲ့သည့် လုပ်ရပ်အပေါ် ကုစာနာဂိအား တိုးလျှိုး တောင်းပန်နေသယောင်။

သို့သော် သူ၏ အကြံပြုချက်သည် ဟိရောမိ၏ နှလုံးသားကို ရိုက်ဖွင့်ပေးလိုက်ဟန် တူသည်။ သို့တည်းမဟုတ် မိန်းမသားအချင်းချင်း ပြောသည့် စကားက ပို၍ နားဝင်လွယ်သောကြောင့်လား မသိ။ ဟိရောမိသည် ခေါင်းမော့ကာ မျက်တောင်ခတ်ပြီး သက်ပြင်းချလိုက်သည်။

"ရှင်တို့ တကယ်ပဲ လျှို့ဝှက်ထားပေးနိုင်မလား"

"တကယ်လို့သာ အမှုနဲ့ လုံးဝ ပတ်သက်မနေဘူး ဆိုရင် ကျွန်တော်တို့က တခြားလူကို လျှောက်ပြောနေမှာ မဟုတ်ဘူး။ ကျွန်တော်တို့ကို ယုံကြည်နိုင်ပါတယ်"

ကုစာနာဂိက အာမခံလိုက်သည်။

ဟိရောမိက ခေါင်းညိတ်လိုက်သည်။

"ရှင်တို့နှစ်ယောက် ပြောခဲ့သလိုပါပဲ၊ ကျွန်မနဲ့ မစ္စတာမာရှိဘက တကယ်ပဲ မရှင်းမရှင်း ဖြစ်ခဲ့ကြတယ်။ မနေ့ညတင် မကဘူး၊ စနေနေ့ကလဲ ကျွန်မ သူ့အိမ်ကို သွားခဲ့သေးတယ်"

"ပထမတစ်ခေါက်က ဘယ်အချိန်လောက် ရောက်သွားခဲ့တာလဲ"

"စနေနေ့ညပါ၊ ခန့်မှန်းခြေ ကိုးနာရီကျော်ကျော်လောက် ဖြစ်မယ်"

ထိုသို့ဆိုလျှင် အာယနဲ အိမ်မှ ထွက်သွားသည်နှင့် တစ်ပြိုင်နက် သူတို့နှစ်ဦးသည် ထိုအိမ်၌ လွတ်လွတ်လပ်လပ် ကဲနေကြလေပြီ။

"ခင်ဗျားတို့က အစောကြီးကတည်းက ချိန်းထားကြတာလား"

"မဟုတ်ပါဘူး၊ အဲဒီနေ့က ကျွန်မ သင်တန်းကျောင်းက အလုပ်တွေပြီးတော့ မစ္စတာမာရှိဘက ကျွန်မဆီ ဖုန်းဆက်လာပြီး ည သူ့ဆီလာဖို့ ပြောခဲ့တာပါ"

"နောက်တော့ ခင်ဗျား သူ့အိမ်ကို သွားလိုက်တယ် ဆိုပါတော့၊ နောက် ဘာဆက်ဖြစ်သေးလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

ဟိရောမိသည် တစ်ခဏမျှ တွေဝေနေပြီး တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့် ကုစာနာဂိကို ငေးကြည့်နေသည်။

"အဲဒီညက ကျွန်မ မာရှိဘအိမ်မှာပဲ အိပ်ခဲ့တယ်။ နောက်တစ်နေ့မနက်ရောက်မှ ကျွန်မ ပြန်လာခဲ့တာ"

နံဘေးရှိ ဥကျူမိက မှတ်တမ်းယူနေသည်။ ကုစာနာဂိသည် သူ့ကို ဘေးတစ်စောင်း မြင်နေရသောကြောင့် သူ၏ မျက်နှာရိပ် မျက်နှာခြေကို အကဲခတ်၍ မရပေ။ သို့သော် သူလည်း သူ့အမြင်နှင့် သူ ရှိပေလိမ့်မည်။ စုံစမ်းမေးမြန်းမှု ပြီးဆုံးသည့်အခါမှ သူ၏ အမြင်ကို မေးကြည့်ရဦးမည်ဟု ကုစာနာဂိက တေးမှတ်ထားလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက်က ဘယ်အချိန်မှာ ကော်ဖီသောက်ခဲ့ကြတာလဲ"

"မနေ့မနက်က... ကျွန်မ ဖျော်တာ။ အဲ... ကျွန်မတို့ ရှေ့တစ်ရက်ကလဲ သောက်ခဲ့ကြသေးတယ်"

"စနေနေ့ညကို ပြောတာလား၊ အဲဒီလိုဆိုတော့ ခင်ဗျားတို့က နှစ်ကြိမ်တောင် သောက်ခဲ့ကြတာပေါ့... ဟုတ်တယ်မလား"

"ဟုတ်"

"စနေနေ့ညကကော ခင်ဗျားပဲ ဖျော်တာလား"

"မဟုတ်ဘူး၊ စနေနေ့ညက ကျွန်မ ရောက်တဲ့အချိန်မှာ မစ္စတာမာရှိဘက ကော်ဖီကို ဖျော်ထားနှင့်ပြီ။ ကျွန်မအတွက်လဲ တစ်ခွက် ပိုဖျော်ထားပေးတယ်"

ဟိရောမိက ခေါင်းငုံ့လျက် ဆက်ပြောသည်။

"သူ ကော်ဖီဖျော်တာကို ကျွန်မ ပထမဆုံးအကြိမ် တွေ့ဖူးခြင်းပဲ။ အဲဒီတုန်းက သူကိုယ်တိုင်ကလဲ ပြောသေးတယ်။ သူ့ဟာသူ ကော်ဖီဖျော်မသောက်ဖြစ်တာ အတော်ကြာပြီ တဲ့"

"အဲဒီတုန်းက သူ ခံပန်းကန်ပြားကို မသုံးခဲ့ဘူး မဟုတ်လား"

ဥကျူမိသည် မှတ်စုစာအုပ်ပေါ်မှ မျက်နှာခွာပြီး ခေါင်းမော့ကာ မေးခွန်းထုတ်လိုက်သည်။

"ဟုတ်တယ်"

"ဒါဆို ... မနေ့မနက်က သောက်တဲ့ ကော်ဖီကို ခင်ဗျား ဖျော်တာပေါ့"

mgyoe.com

ကုစာနာဂိက နောက်တစ်ကြိမ် အတည်ပြုချက် ရယူလိုက်သည်။

"ရှေ့တစ်ညတုန်းက မစ္စတာမာရှိဘ ဖျော်တဲ့ ကော်ဖီက တော်တော်လေး ခါးနေတာကြောင့် သူက ကျွန်မကို ဖျော်ခိုင်းခဲ့တာ။ မနေ့မနက်က ကျွန်မ ကော်ဖီဖျော်နေတဲ့ တစ်ချိန်လုံး မစ္စတာမာရှိဘလဲ အနားမှာ ရှိနေခဲ့တယ်"

သူက ဥက္ကျူမိကို လှမ်းကြည့်လိုက်သည်။

"အဲဒီတုန်းက ကျွန်မ ခံပန်းကန်ပြားတွေကို အသုံးပြုခဲ့တယ်။ လက်ဆေးကန်ထဲမှာ ရှိနေတဲ့ နှစ်ချပ်ပဲ"

ကုစာနာဂိက ခေါင်းညိတ်လိုက်သည်။ ယခုအချိန်ထိ သူ၏ ပြောစကားများသည် အရှေ့နှင့်အနောက် ကြောင်းကျိုး ညီညွတ်နေဆဲပင်။

"ကျွန်တော် ထပ်ပြီး မေးပါရစေဦး။ စနေနေ့ညနဲ့ တနင်္ဂနွေနေ့ မနက်ခင်ဗျားတို့ သောက်တဲ့ ကော်ဖီတွေက မာရှိဘအိမ်မှာ ရှိတဲ့ သုံးနေကျ ကော်ဖီမှုန့်တွေ ဆိုတာ သေချာရဲ့လား"

"သေချာပါတယ်၊ ကျွန်မ ရေခဲသေတ္တာထဲမှာ ထည့်ထားတဲ့ ကော်ဖီမှုန့်ကိုပဲ ယူသုံးခဲ့တာပါ။ ဒါပေမဲ့ စနေနေ့ညမှာ မစ္စတာမာရှိဘ သုံးတဲ့ ကော်ဖီမှုန့်က ဘယ်ကနေ ရသလဲ ဆိုတာကိုတော့ ကျွန်မလဲ မပြောတတ်ဘူး။ ဒါပေမဲ့ အတူတူ ဖြစ်မှာပါပဲ"

"ခင်ဗျား ဟိုအရင်တုန်းကကော မာရှိဘအိမ်မှာ ကော်ဖီ ဖျော်ပေးခဲ့ဖူးလား"

"ဆရာမက တစ်ခါတလေကျရင် ကျွန်မကို ဖျော်ခိုင်းတတ်တယ်။ ဖျော်နည်းကိုလဲ သူပဲ သင်ပေးခဲ့တာ။ မနေ့မနက်က သူ သင်ပေးတဲ့ နည်းအတိုင်းပဲ ကျွန်မ ဖျော်ခဲ့တာ"

"ခင်ဗျား ကော်ဖီဖျော်နေတဲ့ အချိန်မှာ ဘာများ ထူးခြားတာရှိလဲ၊ သတိထားမိလား။ ဥပမာပြောရရင် ကော်ဖီထုပ်က မူလ ရှိသင့်တဲ့ နေရာမှာ မရှိဘဲ နေရာရွှေ့နေတာတို့၊ ကော်ဖီမှုန့်တံဆိပ်က ခါတိုင်း သုံးနေကျတံဆိပ် မဟုတ်တာတို့ပေါ့"

ဟိရောမိက မျက်လုံးအစုံကို အသာအယာ မှိတ်ပြီး ခေါင်းကို ခါယမ်းလိုက်သည်။

"သတိမထားမိဘူး၊ ရှိသမျှ ပစ္စည်းအားလုံးက အရင်ကအတိုင်းပဲ ရှိနေတယ်လို့ ထင်တာပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

ပြောပြီး သူ မျက်လုံးဖွင့်ကြည့်သည်။ ထို့နောက် ခေါင်းကို ငဲ့စောင်းလျက် စဉ်းစားရကျပ်နေသည့် မျက်နှာပေးမျိုးဖြင့် မေးလေသည်။

"အမှုနဲ့ ကျွန်မ ကော်ဖီဖျော်ခဲ့တဲ့ ကိစ္စနဲ့က ဘယ်လိုမှ မဆက်စပ်နိုင်ဘူး ထင်တယ်"

"ခင်ဗျား ဆိုလိုတာက ..."

"ဘာဖြစ်လို့လဲ ဆိုတော့..."

သူ၏ ခေါင်းကို အနည်းငယ် ငုံ့လျက် ကုစာနာဂိကို မျက်လုံးအစုံဖြင့် လှန်ကြည့်လိုက်သည်။

"ကျွန်မတို့ သောက်တုန်းက ကော်ဖီထဲမှာ အဆိပ်မှ မရှိသေးတာ။ လူတစ်ယောက်ယောက်က အဆိပ်ခတ်ခဲ့တယ်ပဲ ဆိုဦးတော့၊ ဒါဆိုလဲ အဲဒီနောက်ပိုင်းမှပဲ ဖြစ်ရတော့မှာပေါ့"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ တရားခံက အကွက်ဆင်ထားတဲ့ ဖြစ်နိုင်ခြေကို ဖယ်ရှားပစ်လို့ မရနိုင်သေးဘူး"

"အကွက်ဆင်တယ် ..."

သူသည် နားမလည်နိုင်သော မျက်နှာဖြင့် ရေရွတ်နေသည်။

"ကျွန်မတော့ ဘာထူးခြားချက်မှ သတိမထားမိဘူး"

"ကော်ဖီသောက်ပြီးတဲ့ နောက်မှာကော ခင်ဗျားတို့ ဘာလုပ်ကြသေးလဲ"

"ကျွန်မ ချက်ချင်း အိမ်ပြန်လာခဲ့တယ်။ တနင်္ဂနွေနေ့ဆိုရင် အိကဲဘုကူရိက အနုပညာသင်ကျောင်းမှာ ကျွန်မ စာသင်ပေးရသေးတယ်"

"သင်တန်းချိန်က ဘယ်နှနာရီကနေ ဘယ်နှနာရီ အထိလဲ"

"မနက် ၉ နာရီကနေ ၁၂ နာရီအထိ၊ ညနေ ၃ နာရီကနေ ၆ နာရီအထိ"

"နေ့ခင်း သင်တန်းနားတဲ့ အချိန်ကျတော့ကော"

"စာသင်ခန်းကို သန့်ရှင်းရေး လုပ်ပြီး နေ့လယ်စာ ထွက်စားတယ်။ ပြီးတာနဲ့ ညနေ စာသင်ချိန်အတွက် ပြင်ဆင်စရာ ရှိတာ ပြင်ဆင်ရတယ်"

"နေ့လယ်စာကို အပြင်မှာ ထွက်စားတာလား"

"ဟုတ်တယ်၊ ကုန်တိုက်ကြီးရဲ့ မုန့်ဆိုင်တန်းမှာ ရှိတဲ့ ခေါက်ဆွဲဆိုင်တစ်ဆိုင်မှာ စားတယ်"

သူက မျက်မှောင်ကြုတ်လျက် စကားကို ဆက်သည်။

mgyoe.com

“အဲဒီနေ့တုန်းက ကျွန်မ တစ်နာရီလောက်ပဲ အပြင်ထွက်ခဲ့တယ်လို့ မှတ်မိနေတယ်။ သင်တန်းကျောင်းကနေ မာရှိဘ အိမ်ကို အဲဒီအချိန်လောက်နဲ့ ဘယ်လိုမှ အသွားအပြန် သွားလို့ မဖြစ်နိုင်ဘူး”

ကုစာနာဂိက သွားဖြဲလျက် လက်ကို ခါယမ်းပြလေသည်။

“ကျွန်တော်တို့က ခင်ဗျားရဲ့ အလီဘိုင်ကို စုံစမ်းနေတာ မဟုတ်ပါဘူး ဗျာ။ စိတ်ချပါ။ ခင်ဗျား မနေ့က ပြောခဲ့တယ်လေ။ အတန်းချိန်တွေ ပြီးတော့ ခင်ဗျား မစ္စတာမာရှိဘဆီကို ဖုန်းဆက်ခဲ့တယ်တဲ့။ အဲဒီအချက်နဲ့ ပတ်သက်ပြီး ခင်ဗျားအနေနဲ့ ပြင်ဆင်ချင်တာများ ရှိနေသေးလား”

ဟိရောမိသည် စိတ်မသက်မသာ ဖြစ်ကာ အကြည့်ကို ကုစာနာဂိ ထံမှ ဖယ်ရှားလိုက်သည်။

“ကျွန်မ တကယ်ပဲ သူ့ဆီကို ဖုန်းဆက်ခဲ့တယ်။ ဒါပေမဲ့ ဖုန်းဆက်ရတဲ့ အကြောင်းအရင်းက ရှင်တို့ကို မနေ့က ပြောခဲ့တာနဲ့တော့ ကွာခြားမှု ရှိတာပေါ့”

“မနေ့က ခင်ဗျားပြောခဲ့တဲ့ စကားကို ကျွန်တော် မှတ်မိနေသေးတယ်။ သူ့ဇနီး အိမ်မှာ မရှိတာကြောင့် အကူအညီ တစ်ခုခုများ လိုအပ်နေမလားလို့ စိတ်ပူတာနဲ့ ခင်ဗျား သူ့ဆီကို ဖုန်းဆက်ခဲ့တယ်... အဲဒီလို မဟုတ်လား”

“တကယ်တော့ အဲဒီမနက် သူ့အိမ်ကနေ ထွက်ခွာခါနီးမှာ မစ္စတာ မာရှိဘက ကျွန်မကို သင်တန်းပြီးရင် သူ့ဆီ ဖုန်းဆက်ဖို့ ပြောခဲ့တာ”

ကုစာနာဂိသည် ခေါင်းငိုက်စိုက်ကျနေသော ဟိရောမိကို ကြည့် လျက် ခေါင်းညိတ်လိုက်သည်။

“အဲဒီတုန်းက ခင်ဗျားနဲ့အတူ ညစာထွက်စားဖို့ စီစဉ်ထားတာ မဟုတ်လား”

“ဟုတ်လောက်တယ်”

“ဒါဆိုရင် ကျွန်တော်တို့ လိပ်ပတ်လည်သွားပါပြီ။ အစကတည်းက ကျွန်တော်တို့ အဲဒီကိစ္စကို သံသယ ရှိနေခဲ့ကြတာ။ သူက ခင်ဗျား အင်မတန် လေးစားရတဲ့ ဆရာမရဲ့ ခင်ပွန်း ဖြစ်နေတယ် ဆိုရင်တောင် ခင်ဗျားအနေနဲ့ သူ့ကို ဒီလောက်အထိ အလေးထားနေဖို့ မထိုက်တန်လှဘူး။ နောက်ပြီး သူ ဖုန်းမကိုင်ဘူး ဆိုရင်တောင် သူ့အိမ်ကို တကူးတက သွားကြည့်နေဖို့ လိုအပ် မယ် မထင်ဘူး”

mgyoe.com

mgyoe.com SAMPLE BOOK

ဟိရောမိက ပခုံးကို တွန့်ကာ မျက်နှာကို ရှုံ့မဲ့လျက်...

"ကျွန်မကိုယ်တိုင်လဲ ကိုယ့်စကားကိုယ် ယုတ္တိမရှိဘူးလို့ ခံစားမိလိုက်တယ်။ ဒါပေမဲ့ ရုတ်တရက်ဆိုတော့လဲ တခြား အကြောင်းပြချက်ကို ဘယ်လိုမှ စဉ်းစားလို့ မရခဲ့ဘူး"

"အဲဒီတုန်းက မစ္စတာမာရှိဘက ဖုန်းမကိုင်လို့ စိတ်ပူတာကြောင့် ခင်ဗျား သူ့အိမ်ကို သွားကြည့်ခဲ့တယ်။ ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး ခင်ဗျား ပြင်ဆင် ဖြည့်စွက်ချင်တာ ဘာများ ရှိသေးလဲ"

"ဟင့်အင်း... မရှိပါဘူး။ အဲဒီနောက်မှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကတော့ ကျွန်မ မနေ့က ထွက်ဆိုခဲ့တဲ့ ထွက်ချက်တွေ အတိုင်းပဲ။ အရင်က ရှင်တို့ကို လိမ်ပြောခဲ့မိတဲ့အတွက် ကျွန်မ တောင်းပန်ပါတယ်"

သူက ညှိုးငယ်သော မျက်နှာထားဖြင့် ပြောသည်။

ဥက္ကျူမိသည် ကုစာနာဂိ၏ နံဘေးတွင် ထိုင်လျက် မှတ်စုစာအုပ်ထဲ အဆက်မပြတ် ရေးမှတ်နေသည်။ ကုစာနာဂိက သူ့ကို တစ်ချက်လှမ်းကြည့်ပြီး အကြည့်ကို ဟိရောမိထံသို့ ပြောင်းရွှေ့လိုက်ပြန်သည်။

မဆွက သူ ပြောခဲ့သော စကားများထဲတွင် မသင်္ကာစရာ ဘာတစ်ခုမျှ ရှာမတွေ့ပေ။ အတိအကျ ပြောရလျှင် ယမန်နေ့က ဖြစ်ပေါ်ခဲ့သော သံသယများသည် ယခုအခါ အားလုံး ကျေပျက်သွားပြီဟု ဆိုနိုင်သည်။ သို့သော် ထိုသို့သော အကြောင်းကြောင့် သူ့ကို အပြည့်အဝ ယုံကြည်ရန် စောလွန်းနေသေးသည်။

"အရင်က ကျွန်တော်တို့ ခင်ဗျားကို ပြောပြခဲ့ဖူးပါတယ်။ ဒီအမှုက လူသတ်မှုဖြစ်နိုင်တဲ့ ဖြစ်နိုင်ခြေက တော်တော်လေး များတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး ခင်ဗျား ဘာသိထားတာ ရှိသလဲလို့ မနေ့က ကျွန်တော်တို့ မေးတော့ ခင်ဗျားက မသိဘူးလို့ ပြန်ဖြေခဲ့တယ်။ နောက်ပြီး မစ္စတာမာရှိဘကို ဆရာမရဲ့ယောကျ်ား ဖြစ်နေတာက လွဲလို့ တခြား ဘာကိုမှ သိထားတာ မရှိဘူးလို့လဲ ခင်ဗျား ပြောခဲ့သေးတယ်။ အခုဆို ခင်ဗျားက မစ္စတာမာရှိဘနဲ့ ထူးခြားတဲ့ ဆက်နွယ်မှု ရှိခဲ့တဲ့ အကြောင်းကို ဝန်ခံပြီးပြီ ဆိုတော့ ကျွန်တော်တို့ကို ပြောပြနိုင်မယ့် တခြား သတင်းအချက်အလက်တွေ ရှိနေသေးလား။ အမှုနဲ့ ပတ်သက်ပြီး သုံးသပ်ကြည့်ရအောင်ပါ"

mgyoe.com

mgyoe.com SAMPLE BOOK


ဟိရောမိက မျက်မှောင်ကြုတ်လျက် ပြောသည်။

"ကျွန်မလဲ အသေအချာ မသိဘူး။ သူ့ကို တစ်ယောက်ယောက်က အဆိပ်ခတ်.သတ်လိမ့်မယ်လို့ ကျွန်မဖြင့် ဘယ်လိုမှ မယုံနိုင်အောင်ပါပဲ"

"ခင်ဗျား သေသေချာချာလေး ပြန်စဉ်းစားကြည့်ပါဦးလား။ အခု တစ်လော့ ခင်ဗျားနဲ့ မစ္စတာမာရှိဘတို့ ဘာတွေ ပြောခဲ့ကြသလဲ။ တကယ် လို့သာ လူသတ်မှုဆိုရင် ကြိုတင်ကြံစည်ပြီး လုပ်ကြံခဲ့တယ် ဆိုတာ သိပ်ကို ထင်ရှားလွန်းနေတယ်။ တစ်နည်းပြောရရင် ဒီ့မတိုင်ခင်မှာ ကြိုတင်ပြင်ဆင်မှု တွေ ရှိကို ရှိခဲ့ရမယ်။ အဲဒီလို အနေအထားမျိုးမှာ လုပ်ကြံခံရသူရဲ့ အတွင်းစိတ် ထဲမှာလဲ ထူးခြား ပြင်းထန်တဲ့ ခံစားချက်မျိုး ရှိနေခဲ့မှာပဲ။ လုပ်ကြံခံရသူက တမင်တကာ ဖုံးကွယ်ဖို့ ကြိုးစားထားခဲ့မယ် ဆိုရင်တောင်မှ မတော်တဆ နှုတ်ကျွံသွားတာမျိုးတွေ ရှိတတ်ကြတယ်"

ဟိရောမိသည် လက်နှစ်ဖက်ဖြင့် နားထင်ကို ဖိလျက် ခေါင်းကို ခါယမ်း လိုက်သည်။

"ကျွန်မ တကယ် မသိဘူး။ သူ့ရဲ့ လုပ်ငန်းကိုင်ငန်းတွေက တစ်လျှောက်လုံး အဆင်ပြေနေခဲ့တာပဲ။ ထူးထူးထွေထွေ ဦးနှောက်ခြောက်စရာမျိုးတွေ ရှိခဲ့မယ် မထင်ဘူး။ နောက်ပြီး သူ့ဆီကနေ သူများ မကောင်းကြောင်း ပြောတာမျိုးလဲ တစ်ခါမှ မကြားခဲ့ဖူးဘူး"

"ကျေးဇူးပြုပြီး စေ့စေ့စပ်စပ် စဉ်းစားကြည့်ပါဦးလား"

ထိုစကားကို ကြားရသည့်အခါတွင် ဟိရောမိသည် အားခံလိုသော ဟန်ပန်အမူအရာကို ဆောင်လျက် ဝမ်းနည်းကြေကွဲသည့် အကြည့်တစ်စုံဖြင့် ကုစာနာဂိကို စိုက်ကြည့်နေလေသည်။

"ကျွန်မ အများကြီး အများကြီးကို စဉ်းစားခဲ့ပြီးသွားပြီ။ မနေ့ညက ဆိုရင် တစ်ညလုံး ရှိုက်ရင်းငိုရင်းနဲ့ စဉ်းစားနေခဲ့တာ။ ဘာဖြစ်လို့ အခုလို အဖြစ်မျိုး ကြုံခဲ့ရတာလဲ။ သူ့ဟာသူ သတ်သေသွားတာများ ဖြစ်နိုင်မလားလို့လဲ ကျွန်မ စဉ်းစားကြည့်သေးတယ်။ သူများ သတ်လို့ သေခဲ့ရတာကော မဖြစ်နိုင် ဘူးလား။ ကျွန်မ စဉ်းစားခဲ့တာမှ စုံလို့ပဲ။ ဒါပေမဲ့ ဘယ်လို စဉ်းစားစဉ်းစား၊ ဘယ်လိုမှ အဖြေမထွက်ခဲ့ဘူး။ ဘယ်လိုမှ နားလည်လို့ မရခဲ့ဘူး။ သူနဲ့ အတူ ရှိခဲ့ဖူးတဲ့ အချိန်တွေကိုလဲ ကျွန်မ ပြန်ပြောင်း စဉ်းစားကြည့်ခဲ့သေးတယ်။ ဒါပေမဲ့

mgyoe.com

mgyoe.com


ဘာမှ ထူးမလာခဲ့ဘူး။ တကယ်တော့ သူ ဘာကြောင့် အခုလို ဖြစ်သွားခဲ့ရတာလဲ ဆိုတဲ့ အကြောင်းအရင်းကို အသိချင်ဆုံးသူက ကျွန်မပါရှင်”

ဟိရောမိ၏ မျက်လုံးအစုံတွင် သွေးရောင်လွှမ်းကာ ခြင်းခြင်းနီလာကြောင်း ကုစာနာဂိ သတိထားမိသည်။ သူ တွေးကြည့်မိသည်။ ဟိရောမိသည် တတိယလူ ဖြစ်နေသော်လည်း မစ္စတာမာရှိဘကို နက်နက်ရှိုင်းရှိုင်း ချစ်နေခဲ့သည်။ တစ်ချိန်တည်းမှာပင် ကုစာနာဂိသည် သူ့ကိုယ်သူ သတိပေးနေမိသည်။ အကယ်၍ ဟိရောမိသည် သရုပ်ဆောင်ပြနေခြင်းမျှသာ ဖြစ်လျှင် လက်ဖျားခါလောက်သည့် သရုပ်ဆောင်ကောင်းသူ တစ်ယောက်ဟု ဆိုရပေတော့မည်။

“ခင်ဗျား ဘယ်အချိန်လောက်က စပြီး မစ္စတာမာရှိဘနဲ့ တွဲခဲ့ကြတာလဲ”

သူ၏ အမေးကြောင့် ဟိရောမိ၏ နီမြန်းနေသော မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

“အဲဒီကိစ္စက အမှုနဲ့ မဆိုင်လောက်ဘူး ထင်တယ်”

“အမှုနဲ့ ဆိုင်၊ မဆိုင် ဆိုတာကို ကျွန်တော်တို့ ကိုယ့်ဘာသာ ပိုင်းဖြတ်ယူပါ့မယ်။ စောစောတုန်းက ပြောခဲ့သလိုပေါ့ဗျာ။ အခုကိစ္စကို ကျွန်တော်တို့ မဆိုင်တဲ့သူတွေဆီ မပေါက်ကြားစေရပါဘူး။ နောက်ပြီး ဒီကိစ္စက အမှုနဲ့ ဘယ်လိုမှ ပတ်သက်မှု မရှိဘူးလို့ ကျွန်တော်တို့ စစ်ဆေးတွေ့ရှိတာနဲ့ တစ်ပြိုင်နက် အဲဒီကိစ္စနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကို ကျွန်တော်တို့ နောက်ထပ် ဘယ်တော့မှ မေးမှာ မဟုတ်တော့ပါဘူး”

ဟိရောမိက နှုတ်ခမ်းကို စေ့လျက် အသက်ကို ဝဝရှူသွင်းလိုက်သည်။ ထို့နောက် အေးစက်နေလောက်ပြီ ဖြစ်သော လက်ဖက်ရည်ခွက်ကို ကောက်ကိုင်ကာ တစ်ငုံ မော့သောက်လိုက်သည်။

“လွန်ခဲ့တဲ့ သုံးလလောက်က စခဲ့တာပါ”

ကုစာနာဂိက ခေါင်းညိတ်လိုက်သည်။ သူတစ်ပါး၏ ကာမပိုင် လင်ယောကျာ်းနှင့် ဖောက်ပြားမိလောက်အောင် ဘယ်သို့သော အခြေအနေများက ဟိရောမိအား တွန်းပို့ခဲ့လေသနည်း။ ကုစာနာဂိသည် ယင်းဖြစ်စဉ် အသေးစိတ်ကို သိချင်စိတ် ပြင်းပြနေသော်လည်း နောက်ဆုံး၌ သူ့ကိုယ်သူ ချုပ်တည်းထားနိုင်ခဲ့သည်။

“ခင်ဗျားတို့နှစ်ယောက်ရဲ့ ဇာတ်လမ်းကို တခြား ဘယ်သူတွေကော သိထားသေးလဲ”

mgyoe.com

m.gyobe.com

"ဟင့်အင်း... တခြား ဘယ်သူမှ မသိလောက်ဘူး"

"ဒါပေမဲ့ ခင်ဗျားတို့နှစ်ယောက်က အပြင်မှာ အတူတူ ထမင်းစားခဲ့ကြဖူးတယ် မဟုတ်လား။ တစ်ယောက်ယောက်က မတော်တဆ တွေ့သွားနိုင်တယ်လေ"

"ကျွန်မတို့က အဲဒီအပိုင်းမှာ အတော်လေး သတိထားခဲ့ကြတယ်။ ဘယ်တော့မှ တစ်ဆိုင်တည်းကို နှစ်ခါ မသွားဖြစ်ကြဘူး။ နောက်ပြီး သူက အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး တခြားအမျိုးသမီးတွေနဲ့လဲ ထမင်းအတူ စားလေ့ရှိတာ ဆိုတော့ တစ်စုံတစ်ယောက်က ကျွန်မတို့နှစ်ယောက်ကို တွေ့သွားတယ်ဆိုရင်တောင် တောင်တောင်ဤဤ လျှောက်တွေးနေမှာ မဟုတ်ဘူး"

ကြည့်ရသည်မှာ မာရီဘ ယိုရှီတာကာသည် လွန်စွာမှ မျက်နှာများသော ဘဲတစ်ပွေသာ ဖြစ်ရပေလိမ့်မည်။ ဟိရောမိအပြင် တခြား တိတ်တိတ်ပုန်းများလည်း ရှိချင် ရှိနေနိုင်သေးသည်။ ထိုသို့သာ အမှန်ဖြစ်မည် ဆိုလျှင် မိမိမျက်စိရှေ့၌ တည်ရှိသော ဤအမျိုးသမီးတွင် မာရီဘ ယိုရှီတာကာကို သတ်ဖြတ်ရန် လုံလောက်သော အကြောင်းပြချက် ရှိနေပေပြီ။ ကုစာနာဂိက ထိုသို့ မှန်းဆကြည့်နေမိသည်။

ဥက္ကျူမိသည် စာရေးနေသော လက်ကို ရပ်တန့်ပြီး ခေါင်းမော့ကာ မေးခွန်းထုတ်လိုက်သည်။

"ရှင်တို့ ချိန်းတွေ့တဲ့ အချိန်တုန်းက ဟိုတယ်ပေါ် ရောက်ခဲ့ကြသေးလား"

ကုစာနာဂိသည် အသံလာရာဘက်သို့ တအံ့တသြ လှည့်ကြည့်လိုက်မိသည်။ ဘာကိုမျှ မငဲ့ကွက်ဘဲ မေးစရာ ရှိသည့် မေးခွန်းကို သွေးအေးအေးဖြင့် မေးမြန်းလိုက်သော ရဲမေ၏ မျက်နှာတစ်ခြမ်းကို ငေးစိုက်ကြည့်နေသည်။ ထိုသို့သော မေးခွန်းမျိုးကို မေးမြန်းရန် သူ့တွင် အစီအစဉ် ရှိထားပြီး ဖြစ်သော်ငြားလည်း ဤကဲ့သို့ တဲ့တိုးမေးရန် စိတ်ကူးမရှိပေ။

မကျေနပ်ချက်များက ဟိရောမိ၏ မျက်နှာတွင် အထင်းသား ပေါ်လွင်နေသည်။

"အဲဒီကိစ္စက စုံစမ်းစစ်ဆေးမှုအတွက် တကယ်ကော အရေးပါလို့လား"

ဥက္ကျူမိက မှင်သေသေဖြင့် ပြန်လည် ဖြေကြားသည်။

"သိပ် အရေးပါတာပေါ့။ အဖြစ်မှန်ကို စုံစမ်းနိုင်ဖို့အတွက် ကျွန်မတို့အနေနဲ့ မစ္စတာမာရီဘရဲ့ နေ့စဉ်ဘဝကို ဘက်ပေါင်းစုံကနေ အနုစိတ်နိုင်သမျှ

mgyobe.com

mgyoe.com

နားလည်ထားဖို့ လိုအပ်ပါတယ်။ သူ အသက်ရှင်နေစဉ် ကာလအတွင်း ဘယ်နေရာမှာ ဘာတွေ လုပ်ခဲ့သလဲ ဆိုတာကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်အောင် တတ်နိုင်သလောက် လေ့လာ စုံစမ်းထားရလိမ့်မယ်။ ဒီတော့ လူပေါင်းစုံဆီကနေ သတင်းအချက်အလက် ပေါင်းစုံကို ကျွန်မတို့ စုစည်းကြရတယ်။ ဒါပေမဲ့ မစ္စတာမာရှီဘရဲ့ လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး တမင်သက်သက် မစုံစမ်းဘဲ ချန်ထားခဲ့တဲ့ ကွက်လပ်တချို့လဲ ရှိပါသေးတယ်။ ရှင့်တို့ အဲဒီမှာ ဘာတွေ လုပ်ခဲ့ကြသလဲ ဆိုတာမျိုးကျတော့ ကျွန်မတို့ သိဖို့ မလိုအပ်တော့ဘူး။ ဒါပေမဲ့ ရှင်တို့ ဘယ်ဟိုတယ်တွေကို သွားခဲ့သလဲ ဆိုတာမျိုးကိုတော့ ကျွန်မတို့ သိဖို့ လိုလိမ့်မယ်"

*"အဲဒီမှာ သူတို့ ဘာတွေ လုပ်ခဲ့သလဲ ဆိုတာ လမ်းကြုံတုန်း မေးလိုက်ပါလား"* ကုစနာဂိက ဤသို့ ဝင်နောက်လိုက်ချင်သော်လည်း အောင့်အည်းထားလိုက်ရသည်။

ဟိရောမိသည် စိတ်ပျက်လက်ပျက်ဖြင့် နှုတ်ခမ်းကို မဲ့လိုက်သည်။

"ကျွန်မတို့က အပေါစား ဟိုတယ်တွေကို သွားလေ့ မရှိဘူး"

"ပုံသေ သတ်မှတ်ထားတာမျိုး ရှိလား"

"ဟိုတယ်သုံးလုံးတော့ အမြဲသွားလေ့ ရှိတယ်။ ဒါပေမဲ့ ရှင်တို့ ဘယ်လိုမှ အတည်ပြုနိုင်မယ် မထင်ဘူး။ သူက ဘယ်တော့မှ နာမည်အရင်းကို သုံးလေ့မရှိဘူး"

"ဖြစ်နိုင်မယ်ဆိုရင် အဲဒီ ဟိုတယ်သုံးလုံးရဲ့ နာမည်ကို ပြောပြပေးပါလား။ လိုအပ်လို လိုအပ်ငြားပေါ့"

ဥကျူမိက မှတ်တမ်းယူရန် အသင့်ပြင်ထားသည်။

ဟိရောမိသည် မျက်နှာညှိုးငယ်စွာဖြင့် ဟိုတယ်သုံးလုံး၏ နာမည်များကို ရွတ်ပြလိုက်သည်။ ၎င်းဟိုတယ်များ အားလုံးသည် တိုကျိုမြို့တွင်းရှိ အဆင့်တန်းမြင့်သော ဟိုတယ်များ ဖြစ်ကြသည်။ အကယ်၍သာ ယင်းဟိုတယ်များတွင် ရက်ရှည် တည်းခိုခြင်း မပြုခဲ့ပါလျှင် ဟိုတယ်ဝန်ထမ်းများသည် ဧည့်သည်၏ ပုံပန်းသဏ္ဍာန်ကို မည်သို့မျှ မှတ်သားထားနိုင်လိမ့်မည် မဟုတ်ပေ။

"ချိန်းတွေ့တဲ့ ရက်ကကော အသေ သတ်မှတ်ထားတာမျိုး ရှိလား"

ဥကျူမိက တစ်ဆင့်တက်၍ မေးလိုက်ပြန်သည်။

mgyoe.com

m g y o e . c o m

SAMPLE BOOK


"မရှိဘူး၊ များသောအားဖြင့် အပြန်အလှန် စာတိုပို့ပြီး အား၊ မအား မေးဖြစ်ကြတာပဲ"

"အကြိမ်ရေကကော"

ဟိရောမိက ခေါင်းငဲ့ကာ ပြောသည်။

"တစ်ပတ်ကို တစ်ခါလောက်ပဲ"

မေးချင်သည်တို့ကို မေးမြန်းပြီးသည့်အခါတွင် ဥကျူမိသည် ကုစာနာဂိကို ခေါင်းဆတ်ပြသည်။

"အခုလို အချိန်ပေးပြီး ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီနေ့အတွက်တော့ ကျွန်တော်တို့ မေးစရာ မရှိတော့ပါဘူး"

ကုစာနာဂိသည် စိတ်လက် မကြည်မသာ ဖြစ်နေသော ဟိရောမိကို ပြုံးပြနှုတ်ဆက်ကာ ဘောလ်စာရွက်ကို ကောက်ယူလိုက်သည်။

စားသောက်ဆိုင်မှ ယာဉ်ရပ်နားကွင်းသို့ သွားသည့် လမ်းပေါ်တွင် ဟိရောမိသည် ခြေလှမ်းကို ရုတ်တရက် တုံ့ရပ်လိုက်သည်။

"ဒီမယ် ..."

"ဗျာ ..."

"ကျွန်မ အိမ်ပြန်လို့ ရပြီလား"

ကုစာနာဂိက သူ့ကို လှည့်ကြည့်လိုက်သည်။

"ခင်ပွန်းဆရာမက ခင်ပွန်းကို ခေါ်ထားတာ မဟုတ်ဘူးလား"

"ကျွန်မ အခု အရမ်း ပင်ပန်းနေပြီ၊ နေလို့လဲ မကောင်းဘူး။ ဆရာမကို တော့ ရှင်တို့ပဲ ကြည့်ပြောပေးပါ"

"ရပါတယ်"

"ရှင့်ကို ကျွန်မတို့ အိမ်အထိ လိုက်ပို့ပေးရမလား"

ဥကျူမိက မေးသည်။

"မလိုပါဘူး၊ ကျွန်မ ကိုယ့်ဘာသာကိုယ်ပဲ တက္ကစီ ငှားပြန်လိုက်မယ်။ ကျေးဇူးပါပဲ"

ဟိရောမိသည် ကုစာနာဂိတို့ကို ကျောခိုင်းကာ အဝေးသို့ လမ်းလျှောက်သွားလေတော့သည်။ တက္ကစီ အလွတ်တစ်စီးက အခန့်သင့် ရောက်လာသောကြောင့် လက်ပြတားကာ ကားထဲသို့ လျှိုးဝင် ပျောက်ကွယ်သွားသည်။ တက္ကစီကား မောင်းထွက်သွားသည်ကို ကုစာနာဂိက အဝေးသို့ ရောက်သည်အထိ ငေးကြည့်နေမိသည်။

m g y o e . c o m

mgyoe.com


"ငါတို့က မစ္စစ်မာရှိဘကို သူတို့အကြောင်း ပြန်ပြောပြလိမ့်မယ်လို့များ သူ ထင်နေသလား မသိဘူး"

"မပြောတတ်ဘူးလေ၊ ဒါပေမဲ့ ကျွန်မအဲထင် ပြောရရင်တော့ ကျွန်မ တို့ကို အခုလေးတင်မှ သူတို့ကိစ္စ ပြောပြထားတာ ဆိုတော့ မစ္စစ်မာရှိဘရဲ့ အရှေ့မှာ ဘာမှ မဖြစ်သလို သူ ဟန်ဆောင်ပန်ဆောင် နေနေတာကို ကျွန်မတို့ မြင်သွားမှာ မလိုလားလို့ ဖြစ်မယ် ထင်တယ်"

"အဲဒီလိုလဲ ဖြစ်နိုင်တာပဲ"

"အဲဒီဘက်ကကော အခြေအနေ ဘယ်လို ရှိမလဲ မသိဘူးနော်"

"ဘယ်ဘက်လဲ"

"မစ္စစ်မာရှိဘဘက်လေ၊ သူ့ယောကျ်ား ဖောက်ပြန်နေတာကို သူ တကယ်ပဲ တစ်စက်ကလေးတောင် သတိမထားခဲ့မိဘူးလား"

"အဲဒါလား... မထားမိခဲ့ဘူး နေမှာပေါ့"

"ဆရာက ဘာဖြစ်လို့ အဲဒီလို ယူဆရတာလဲ"

"စောစောက သူ့ရဲ့ အမူအရာကို ကြည့်ရင် သိနေပြီပဲ ဥစ္စာ။ သူက ဝါကာယာမာ ဟိရောမိကို ဖက်ပြီးတော့တောင် ငိုနေခဲ့သေးတာပဲ"

"ဟုတ်လား ..."

ဥက္ကျူမိက ခေါင်းငုံ့ကာ ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ၊ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း ပြောပြမှပေါ့"

သူသည် ကုစာနာဂိကို ခေါင်းမော့ကြည့်ရင်း ပြောလိုက်သည်။

"အဲဒီမြင်ကွင်းကို မြင်လိုက်ရတဲ့ အချိန်မှာပဲ ကျွန်မ ရုတ်တရက် အတွေးပေါက်သွားတယ်။ မစ္စစ်မာရှိဘက အများရှေ့မှာ တမင်သက်သက် သူ့ကို ငိုပြတာ မဖြစ်နိုင်ဘူးလား။ လူမြင်ကွင်းမှာ ဘယ်တော့မှ ထင်ထင် ပေါ်ပေါ် ငိုကြွေးခွင့် မရနိုင်တဲ့ လူရဲ့ အရှေ့မှာ တမင် ငိုပြတာပါ ဆိုရင်ကော..."

"ဘယ်လို... ဘယ်လို"

"ဆောရီးပဲ၊ ကျွန်မ ရမ်းပြောတယ်လို့ပဲ သဘောထားလိုက်ပါတော့။ ကျွန်မ ကားသွားယူလိုက်ဦးမယ်"

ယာဉ်ရပ်နားကွင်းသို့ ဦးတည်၍ လျှောက်လှမ်းနေသော ဥက္ကျူမိ၏ ကျောပြင်ကို ကုစာနာဂိက ငေးငိုင်၍ ကြည့်နေမိလေသည်။

●

mgyoe.com

mgyoe.com SAMPLE BOOK

( ၆ )

မာရှိုဘအိမ်တွင် ပြုလုပ်နေသော အာယနဲ့အပေါ် မာမီယာတို့၏ မေးမြန်းစုံစမ်းမှုသည်လည်း ဆုံးခန်းတိုင်လေပြီ။ ဟီရောမိသည် နေထိုင်မကောင်း၍ အိမ်သို့ ပြန်သွားပြီ ဖြစ်ကြောင်း အာယနဲ့ကို ပြောပြလိုက်သည်။

"ဟုတ်လား၊ အခုကိစ္စကြောင့် သူလဲ အတော်လေး တုန်လှုပ်နေပုံရတယ်"

အာယနဲ့သည် လက်နှစ်ဖက်ဖြင့် လက်ဖက်ရည်ခွက်ကို ဆုပ်ကိုင်လျက် အဝေးသို့ ငေးကြည့်ရင်း ပြောလိုက်သည်။ စိတ်ဆင်းရဲနေသည့် သူ၏ ပုံပန်းသဏ္ဌာန်မှာ စိုးစဉ်းမျှ ပြောင်းလဲခြင်း မရှိသေး။ သို့သော် ဆိုဖာခုံပေါ်တွင် မတ်မတ်ထိုင်နေသော သူ၏ ဟန်ပန်သည် ကြံ့ခိုင်တောင့်တင်းသော သူ၏ အတွင်းစိတ်ကို လှစ်ဟဖော်ပြနေသည်။

အာယနဲ့၏ နံဘေးတွင် ချထားသော လက်ကိုင်အိတ်ထဲမှ ဖုန်းမြည်သံ ထွက်ပေါ်လာသည်။ သူသည် ဖုန်းကို ဆွဲထုတ်လိုက်ပြီး ခွင့်ပြုချက် တောင်းခံနေသည့်နှယ် မာမီယာကို စိုက်ကြည့်နေသည်။ မာမီယာက သဘောတူသည့် အနေဖြင့် ခေါင်းညိတ်ပြသည်။

"ဟယ်လို... ဟုတ်၊ အဆင်ပြေပါတယ်။ ...... အခု ရဲဌာနက လူတွေလဲ ဒီကို ရောက်နေကြတယ်။ ... ... အခုထိတော့ မသေချာသေးဘူး။ ကြားတာ

mgyoe.com

mgype.com

တော့ ညှော်ခန်းထဲမှာ လဲကျသွားတာ တဲ့။ ... ... ဟုတ်ကဲ့၊ အကျိုးအကြောင်း သိရရင် သမီး ဖုန်းဆက်လိုက်မယ်။ ... ... ဖေဖေ့ကိုလဲ ပြောလိုက်ပါဦး၊ စိတ်မပူနဲ့လို့။ ... ... ဟုတ်ကဲ့၊ သမီး ဖုန်းချလိုက်တော့မယ်"

ဖုန်းချပြီးနောက် အာယနဲက မာမီယာကို ကြည့်၍ ပြောသည်။

"ကျွန်မအမေဆီက"

"ခင်ဗျားအမေကို ဖြစ်ကြောင်းကုန်စင် ပြောပြပြီးသွားပြီလား"

ကုစာနာဂိက မေးသည်။

"ရုတ်တရက် ဆုံးသွားတယ်လို့ပဲ သူ့ကို ပြောထားတာ။ သူက အကြောင်းအကျိုး သိချင်နေတော့ ကျွန်မလဲ ဘယ်လို ပြောပြရမှန်း မသိတော့ဘူး"

အာယနဲသည် နဖူးကို လက်ဖြင့် အုပ်လိုက်သည်။

"ခင်ဗျားအမျိုးသားရဲ့ ကုမ္ပဏီကိုကော အကြောင်းကြားပြီးပြီလား"

"ဒီမနက် ဆပ်ပိုရိုကနေ ထွက်မလာခင် သူ့ရဲ့ ဥပဒေအကြံပေးကို ကျွန်မ ဖုန်းဆက်ပြီး အကြောင်းကြားထားတယ်။ ကျွန်မ အစောပိုင်းက ပြောခဲ့ဖူးတဲ့ မစ္စတာအီကာအိပဲ"

"မိသားစုညစာစားပွဲကို တက်ခဲ့တယ် ဆိုတဲ့ တစ်ယောက်လား"

"ဟုတ်တယ်၊ ကုမ္ပဏီရဲ့ ဥက္ကဋ္ဌက ရုတ်တရက် ကွယ်လွန်သွားတာဆိုတော့ ကုမ္ပဏီထဲမှာလဲ ယောက်ယက်ခတ်နေလောက်ပြီ၊ ခက်တာက ကျွန်မလဲ ဘာမှ ကူညီမပေးတတ်ဘူး ;.."

အာယနဲ၏ မျက်နှာပေါ်တွင် သောက၏ အရိပ်အငွေ့များ လွှမ်းမိုးနေသည်။ သူသည် တစ်နေရာသို့ ငေးမိငေးရာ ငေးစိုက်ကြည့်နေသည်။ အများ၏ အမြင်တွင် စိတ်ဓာတ်ခိုင်မာသော လူတစ်ဦးအဖြစ် တွေ့မြင်နိုင်စေရန်အတွက် သူ အစွမ်းကုန် ကြိုးစားနေခဲ့သော်လည်း အခြားသူများက သူ၏ ပြိုကျလုဆဲဆဲ စိတ်အခြေအနေကို ရိပ်စားမိနေကြသည်။ သူ့အား ဖေးမကူညီလိုစိတ်များက ကုစာနာဂိ၏ ရင်တွင် တဖွားဖွား ဖြစ်ပေါ်လျက် ရှိသည်။

"မစ္စဝါကာယာမာ နေမကောင်း ဖြစ်နေတဲ့ အတောအတွင်းမှာ ခင်ဗျားရဲ့ ဆွေမျိုးသားချင်း၊ ဒါမှမဟုတ် သူငယ်ချင်း တစ်ယောက်ယောက်ကို အဖော်အဖြစ် အနားမှာ ခေါ်ထားရင် ကောင်းမယ် ထင်တယ်။ အခုလို အချိန်မျိုးမှာ နေ့စဉ်လုပ်နေကျ ဝေယျာဝစ္စမျိုးကို လုပ်ရတာတောင် အတော်လေး ပင်ပန်းခက်ခဲနေတတ်တယ်"

mgype.com

mgyoe.com SAMPLE BOOK


"ကျွန်မအတွက်က ပြဿနာ မရှိပါဘူး။ နောက်ပြီး ဒီလိုအချိန်မျိုးမှာ အိမ်ထဲ တခြားလူတွေ ရှိမနေတာက ရှင်တို့အတွက် ပိုကောင်းလိမ့်မယ် ထင်တယ်၊ ဟုတ်တယ် မဟုတ်လား"

အာယနဲက မာမီယာကို မေးသည်။

မာမီယာက ကသိကအောက် ဖြစ်နေသော မျက်နှာထားဖြင့် ကုစာနာဂိကို လှမ်းကြည့်သည်။

"ဒီနေ့ညနေကျရင် ထ.ရ.ဖက ဒီကို ဒုတိယအကြိမ်မြောက် လာစစ်ကြဦးမှာ။ မစ္စစ်မာရှိဘလဲ သဘောတူထားပြီးပြီ"

အာယနဲအား တစ်ယောက်တည်း ပူဆွေးခွင့်ပင် ပေးရန် အစီအစဉ်ရှိကြဟန် မတူ။ ကုစာနာဂိသည် မျက်နှာကို အောက်ချလျက် မုဆိုးမအသစ်စက်စက်ကို တိတ်တဆိတ် တောင်းပန်နေမိသည်။

မာမီယာက မတ်တတ်ထရပ်လိုက်သည်။

"အနှောင့်အယှက် ပေးမိတာလဲ အချိန်တော်တော် ကြာသွားပြီ။ ကိရှိတာနိကဲ ဒီမှာ နေခဲ့လိုက်တော့။ မစ္စစ်မာရှိဘအနေနဲ့ အကူအညီ လိုအပ်ရင် သူ့ဆီမှာ တောင်းဆိုနိုင်ပါတယ်။ အားမနာပါနဲ့။ သူ့ကို လက်တိုလက်တောင်း ခိုင်းစရာ ရှိရင် ခိုင်းနိုင်ပါတယ်"

အာယနဲက ကျေးဇူးတင်ကြောင်း တိုးညင်းစွာ ပြန်ပြောသည်။

အိမ်အပြင်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် မာမီယာက ကုစာနာဂိနှင့် ဥက္ကျူမိတို့ကို မေးလေတော့သည်။

"အခြေအနေ ဘယ်လိုလဲ"

"ဝါကာယာမာ ဟိရောမိက သူနဲ့ မစ္စတာမာရှိဘတို့ရဲ့ အကြောင်းကို ဝန်ခံလိုက်ပါပြီ။ လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက ဇာတ်လမ်းစခဲ့ကြတာ တဲ့။ သူပြောပုံအရတော့ သူတို့နှစ်ယောက် အကြောင်းကို အပြင်လူတွေ ဘယ်သူမှ မသိကြသေးဘူး"

ကုစာနာဂိ၏ တင်ပြချက်များကို နားထောင်ပြီးသည့် အခါတွင် မာမီယာက ဟင်းချလိုက်သည်။

"အဲဒီလိုဆိုတော့ လက်ဆေးကန်ထဲက ကော်ဖီခွက်တွေက ..."

"သူတို့နှစ်ယောက် တနင်္ဂနွေနေ့ မနက်က သောက်ခဲ့ကြတာ။ အဲဒီ

mgyoe.com

mgyoe.com

အချိန်တုန်းက သောက်တဲ့ ကော်ဖီကို မစ္စဝါကာယာမာက ဖျော်ခဲ့တာ။ နောက်ပြီး ကော်ဖီမှုန့်ကလဲ ဘာမှ ထူးခြားမှု မရှိဘူးလို့ ပြောတယ်"

"ဒီလိုဆိုရင်တော့ အဲဒီနောက်ပိုင်းမှာမှ အဆိပ်ခတ်တယ် ဆိုတဲ့ သဘောပေါ့"

မာမီယာသည် မုတ်ဆိတ်မွေးများ တောထနေသည့် မေးစေ့ကို ပွတ်ရင်း စကားကို နိဂုံးချုပ်လိုက်သည်။

"မစ္စစ်မာရှိဘဆီကကော ဘာတွေ မေးလို့ရခဲ့လဲ"

ကုစာနာဂိက သူ့ကို မေးခွန်းပြန်ထုတ်လိုက်သည်။

မာမီယာက မျက်မှောင်ကြုတ်လျက် ခေါင်းကို တွင်တွင် ခါယမ်းနေသည်။

"ဘာမှ ဟုတ်တိပတ်တိ မေးမရခဲ့ဘူး။ သူ့ယောကျ်ား ခြေလှမ်းပျက်နေတာကို သူ သတိထားမိ၊ မထားမိ ဆိုတာကိုတောင် မှန်းဆလို့ မရသေးဘူး။ အဲဒီတုန်းက ငါ သူ့ကို တဲ့တိုးမေးခဲ့တာပဲ။ သူ့ယောကျ်ားက တခြားမိန်းကလေးတွေနဲ့ အပြင်မှာ ရှုပ်ရှုပ်ယှက်ယှက် လုပ်ခဲ့ဖူးတာမျိုး ရှိသလားပေါ့။ သူက တစ်ခွန်းတည်းနဲ့ အပြတ် ငြင်းလိုက်လိမ့်မယ်လို့ ထင်တောင် ထင်မထားခဲ့ဘူး။ တစ်ချက်ကလေးတောင် တွန့်ဆုတ်နေတာမျိုး မရှိခဲ့ဘူး။ ကြည့်ရတာ ဟန်ဆောင်နေတာနဲ့ နည်းနည်းလေးမှ မတူဘူး။ တကယ်လို့သာ ဟန်ဆောင်နေတယ်ဆိုရင်လဲ အတော်ကို တော်တဲ့ သရုပ်ဆောင်ပဲလို့ ပြောရတော့မှာပဲ"

ကုစာနာဂိသည် ဥက္ကျူမိ၏ မျက်နှာကို တိတ်တခိုး လှမ်းကြည့်လိုက်သည်။ အာယနဲက ဟိရောမိကို ဖက်၍ အော်ကြီးဟစ်ကျယ် ငိုယိုခဲ့ခြင်းသည် အာယနဲ၏ သရုပ်ဆောင်မှု သက်သက်သာ ဖြစ်ကြောင်း ဥက္ကျူမိ ပြောခဲ့ဖူးသည် မဟုတ်လား။ ယခု ခွဲမှူး၏ စကားကို ကြားရသည့်အခါတွင် သူ မည်သို့ တုံ့ပြန်ခံစားရမည်နည်း။ ကုစာနာဂိ သိချင်နေမိသည်။ သို့သော် ငယ်ရွယ်နုပျိုသော ရဲမေ၏ အမူအရာသည် စိုးစဉ်းမျှ ပြောင်းလဲသွားခဲ့ခြင်း မရှိပေ။ စာအုပ်နှင့် ဘောလ်ပင်ကို ကိုင်လျက် အမိန့်နာခံရန် အသင့် စောင့်မျှော်နေရုံမျှသာ။

"မစ္စတာမာရှိဘ အပြင်မှာ မိန်းမရှုပ်ခဲ့တဲ့ အကြောင်းကို သူ့မိန်းမကို ပြောပြသင့်တယ် ထင်တာပဲ"

ကုစာနာဂိ၏ စကားကို ကြားရသည့်အခါတွင် မာမီယာက ချက်ချင်း ခေါင်းခါလိုက်သည်။

mgyoe.com

m g y o e . c o m SAMPLE BOOK


"ငါတို့က သူ့ကို တကူးတက ပြောပြနေဖို့ မလိုအပ်ပါဘူး။ အဲဒီလို လုပ်လိုက်လို့ အမှုအတွက်လဲ ဘာမှ အကျိုးရှိမှာ မဟုတ်ဘူး။ နောက်ကျရင်လဲ မင်းတို့ သူနဲ့ မကြာမကြာ တွေ့နေရဦးမှာ။ စကားမကျွံမိအောင် သတိထား နေကြ"

"အဲဒီလိုဆိုတော့ သူ မသိအောင် ဖုံးကွယ်ပေးနေရမယ့် သဘောလား"

"ငါ ဆိုလိုတာက မင်း သူ့ကို သွားမပြောမိစေနဲ့လို့ ပြောတာ။ တကယ်လို့ သူ့ဟာသူ ရိပ်မိသွားတယ် ဆိုရင်တော့လဲ တစ်မျိုးပေါ့"

ပြောပြီး မာမီယာသည် အိတ်ကပ်ထဲမှ စာရွက်ပိုင်း တစ်ရွက်ကို ဆွဲထုတ်လိုက်သည်။

"မင်းတို့ အခုချက်ချင်း ဒီအိမ်ကို သွားလိုက်ကြ"

စာရွက်ပေါ်တွင် အီကာအိ တတ်ဆုဟီကို၏ နာမည်၊ ဖုန်းနံပါတ်နှင့် အိမ်လိပ်စာကို ရေးမှတ်ထားသည်။

"မစ္စတာမာရှိဘ မဆုံးခင်က ဘာတွေ လုပ်ခဲ့သလဲ ဆိုတာနဲ့ သောကြာနေ့ညက ညစာစားပွဲအကြောင်း ရအောင် စုံစမ်းခဲ့"

"အခုဆို မစ္စတာအီကာအိက ကုမ္ပဏီကိစ္စနဲ့ အလုပ်ရှုပ်နေတယ်လို့ ပြောသံကြားလိုက်တယ်"

"သူ့မိန်းမကတော့ အိမ်မှာ ရှိလောက်ပါတယ်။ မင်းတို့ သူ့အိမ်ကို ဖုန်းဆက်ပြီး အဲဒီကို အရင်သွားကြည့်ကြည့်လိုက်။ မစ္စစ်မာရှိဘ ပြောတာတော့ မီးဖွားပြီးတာမှ နှစ်လပဲ ရှိသေးတယ်တဲ့၊ သူလဲ ကလေးထိန်းတာနဲ့ ဘာနဲ့ ဆိုတော့ မြန်မြန်သာ ပြီးပြတ်အောင် လုပ်ခဲ့လိုက်"

အီကာအိတို့ ဇနီးမောင်နှံထံသို့လည်း ရဲဘက်မှ သွားရောက် စုံစမ်းမေးမြန်းဦးမည်ကို အာယနဲသည် ကြိုတင် တွက်ဆပြီး ဖြစ်ပေလိမ့်မည်။ အာယနဲသည် သူကိုယ်တိုင် ဒုက္ခပင်လယ် ဝေနေစဉ်အတွင်းမှာပင် သူ၏ သူငယ်ချင်းအပေါ်၊ စာနာထောက်ထားမှု ပြုပေးနေသေးသည်ကို တွေ့ရသည့်အခါတွင် ကုစာနာဂိသည် သူ့ကို ကျိတ်၍ ချီးကျူးနေမိသည်။

ဥကျူမိ၏ ကားသည် သူတို့နှစ်ဦးကို တင်ဆောင်လျက် အီကာအိ အိမ်သို့ ဦးတည် ရွေ့လျားနေသည်။ ကုစာနာဂိသည် ကားပေါ်မှ အီကာအိ အိမ်သို့ ဖုန်းခေါ်လိုက်သည်။ ရဲဘက်မှ ဖုန်းဆက်လာသည်ဟု သိရသည်နှင့် တစ်ပြိုင်နက် အီကာအိ ယူကီကို၏ အသံမှာ ခက်ထန် မာကျောလာသည်။ မေးခွန်းတချို့

m g y o e . c o m

mgyoe.com

မေးမြန်းရန် လာရောက်ခြင်း ဖြစ်ကြောင်း လာရင်းကိစ္စကို ကုစာနာဂိက အလျင် အမြန် ရှင်းပြလိုက်ရသည်။ ထိုအခါမှ သူက စိတ်မပါ့တပါဖြင့် သဘောတူလိုက် သည်။ သို့သော် သူတို့ကို နောက်တစ်နာရီကြာမှ လာတွေ့ရန် ပြောကြားထား သောကြောင့် သူတို့နှစ်ယောက်သည် ကော်ဖီဆိုင်တစ်ဆိုင်သို့ ဝင်၍ အချိန်ဖြုန်း နေကြရသည်။

"ခုနက စကားကို ဆက်ပြောရရင် မစ္စစ်မာရှီဘက သူ့ယောက်ျား ခြေရှုပ်နေတာကို သိထားပြီးပြီလို့ နင် တကယ် ယူဆထားတာလား"

ကုစာနာဂိက ကိုကိုး တစ်ငုံသောက်ပြီး မေးလိုက်သည်။ မဆွက ဟိရောမိနှင့် စကားပြောခဲ့ကြစဉ် ကော်ဖီတစ်ခွက် သောက်ထားပြီး ဖြစ်သော ကြောင့် ယခုတစ်ခါတွင် ကိုကိုးအပူတစ်ခွက်ကိုသာ မှာယူခဲ့သည်။

"ကျွန်မက အဲဒီလို ခံစားမိတယ်လို့ ပြောတာပါ"

"ဒါပေမဲ့ နင့်စိတ်ထဲမှာ အဲဒီလိုပဲ ယုံထားတာ မဟုတ်လား"

ဥကျူမိက ပြန်လည်ဖြေကြားခြင်း မရှိဘဲ မျက်စိရှေ့ရှိ ကော်ဖီခွက်ကို သာ စူးစိုက်ကြည့်နေသည်။

"တကယ်လို့သာ သူ သိထားပြီးပြီ ဆိုရင် သူက ဘာဖြစ်လို့ သူ့ ယောက်ျားနဲ့ မစ္စဝါကာယာမာကို ပြဿနာ မရှာရတာလဲ။ စနေညက မိတ်ဆုံ စားပွဲမှာတောင် မစ္စဝါကာယာမာကို ဖိတ်လိုက်သေးတယ် မဟုတ်လား။ ပုံမှန် ဆိုရင်တော့ ဘယ်သူမှ အဲဒီလို လုပ်မယ် မထင်ဘူး"

"ဟုတ်မှာပါ။ တကယ်လို့သာ သာမန်မိန်းမ တစ်ယောက်ဆိုရင် ကိုယ့် ယောက်ျားက အပြင်မှာ အငယ်အနှောင်း ရှိနေတာကို သိလိုက်တာနဲ့ တစ်ပြိုင် နက် မိုးမီးလောင်တဲ့အထိ ဝုန်းဒိုင်းကြဲနေရော့မှာ"

"နင့်သဘောက မစ္စစ်မာရှီဘက သာမန်မိန်းမ မဟုတ်ဘူးလို့ ပြော ချင်တာလား"

"လက်ရှိအခြေအနေအရ ဘာကိုမှ ယတိပြတ် မပြောနိုင်သေးပေမယ့် ကျွန်မ အထင်အရတော့ သူက အင်မတန်မှ ဖြတ်ထိုးဉာဏ် ကောင်းတယ်။ ဉာဏ် ကောင်းရုံတင် မကဘူး၊ လက်ဖျားခါလောက်အောင် သည်းခံနိုင်စွမ်း ရှိတယ်"

"သူက အဲဒီလို သည်းခံနိုင်လွန်းလို့ပဲ သူ့ယောက်ျား နောက်မီး လင်းတာ ကိုလဲ သည်းညည်းခံနေတယ်လို့ ပြောချင်တာလား"

mgyoe.com

m g y o e . c o m  SAMPLE BOOK 

"ဝှန်းဒိုင်းကြပြီး ပြဿနာ ရှာခဲ့ရင်တောင် သူ့အတွက် အကျိုးအမြတ် ရမလာနိုင်ဘူးလို့ သူ ကောင်းကောင်း သိထားတယ်။ အဲဒီအပြင် တန်ဖိုးရှိတဲ့ အရာနှစ်ခုကိုလဲသူ လက်လွှတ် ဆုံးရှုံးသွားနိုင်သေးတယ်။ တည်ငြိမ်တဲ့ အိမ်ထောင်သည်ဘဝရယ်၊ နောက်ပြီး ထူးချွန်ထက်မြက်တဲ့ တပည့်ရယ်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုယ့်ယောကျ်ားရဲ့ ချစ်သူ၊ လင်လုဖက် တစ်ယောက်ကို ကိုယ့်အနားမှာ နေခွင့်ပေးထားတာ မြွေပွေး ခါးပိုက်ပိုက်သလို ဖြစ်မနေဘူးလား။ နောက်ပြီး အခုလို အတုအယောင် အိမ်ထောင်သည်ဘဝ ကကော ဘာများ တန်ဖိုးထားစရာ ရှိနေသေးလို့လဲ"

"တန်ဖိုးထားမှုနဲ့ ပတ်သက်ပြီး လူတွေရဲ့ အမြင်တွေက ပုံစံအမျိုးမျိုး ရှိနိုင်ကြတာပဲ။ တကယ်လို့သာ အိမ်တွင်းပဋိပက္ခတွေ ရှိနေခဲ့မယ် ဆိုရင်တော့ တစ်မျိုးပေါ့လေ။ ဒါပေမဲ့ ဒီလင်မယားကို ကြည့်ရတာ နှစ်ကိုယ်ကြား ဘာ ပြဿနာမှ ကြီးကြီးမားမား ရှိနေတာ မတွေ့ရဘူး။ နောက်ပြီး သူငယ်ချင်းတွေနဲ့ ပါတီပွဲတွေတောင် လုပ်လိုက်သေးတယ်။ အနည်းဆုံး အပြင်ပန်းအရတော့ အဲဒီလို မြင်ရတာပေါ့။ အဲဒါအပြင် ငွေရေးကြေးရေးအတွက် ပြေးရလွှားရတာမျိုးလဲ မရှိဘူး။ ဒီတော့ သူ ဝါသနာပါတဲ့ ပန်းထိုးပန်းချီကားကို စိတ်ရော ကိုယ်ပါ နှစ်ပြီး လုပ်နေနိုင်တာပေါ့။ ကျွန်မအထင်တော့ သူက ဒီလိုဘဝမျိုးကို ကြေမွပျက်စီးသွား အောင် စိတ်လိုက်မာန်ပါ လုပ်တတ်တဲ့ ငတုံးအမျိုး မဟုတ်ဘူး။ ဒါမှမဟုတ် သူ့ယောကျ်ားနဲ့ သူ့တပည့်အကြားမှာ ရှိတဲ့ အချစ်ဇာတ်လမ်းကို သူ့အလိုလို မီးအရှိန်သေသွားအောင် စောင့်နေတာလဲ ဖြစ်နိုင်တာပဲ။ အဲဒီလိုဆိုရင်လဲ သူ့ အနေနဲ့ ဘာတစ်ခုမှ ဆုံးရှုံးသွားမှာ မဟုတ်ဘူး"

ဥက္ကာမြိုသည် စကားများကို မကြုံစဖူး ထူးကဲစွာ ကရားရေလွှတ် တတွတ်တွတ် ပြောနေလေသည်။ သူ၏ ယူဆချက်များက ရဲတင်းပြတ်သား လွန်းလှသည်။ ထို့ကြောင့် သူကိုယ်၌ပင် မလုံမလဲ ဖြစ်သွားသောကြောင့်လား မဆိုနိုင်၊ စကားဆုံးသွားသည့်အခါတွင် နောက်တစ်ခွန်း ထပ်ဖြည့်လိုက်သည်။

"အဲဒါတွေက ကျွန်မရဲ့ ထင်မြင်ချက်ပါ၊ မှန်ချင်မှလဲ မှန်မှာပေါ့လေ"

ကုစာနာဂိုက ကိုကိုးကို တစ်ငုံ မော့သောက်လိုက်သည်၊ သူ မျှော်လင့် ထားသည်ထက် အချိုကဲနေသည်ကို မထင်မှတ်ဘဲ ကြုံတွေ့လိုက်ရသည့် အခါတွင်

m g y o e . c o m

သူ မျက်မှောင်ကို ကြုတ်လိုက်မိသည်။ ထို့နောက် ခံတွင်းရှင်းသည့် အနေဖြင့် သောက်ရေတစ်ခွက်ကို အလျင်အမြန် မော့သောက်လိုက်ပြန်သည်။

“မစ္စစ်မာရှိဘာကို ကြည့်ရတာ အကြံကြီးမယ့် မိန်းမမျိုးတော့ မဟုတ်ဘူး ထင်ရတာပဲ”

“ဒါက အကြံကြီးတာ မဟုတ်ဘူး၊ ဖြတ်ထိုးဉာဏ် ကောင်းတဲ့ မိန်းမတွေမှာမှ ရှိတတ်တဲ့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်တဲ့ စွမ်းရည်တစ်မျိုးပါ”

“ဥက္ကျူမိ... နင့်မှာကော အဲဒီလို စွမ်းရည်မျိုး ရှိတယ် မဟုတ်လား”

သူက တခစ်ခစ်ရယ်ပြီး ခေါင်းခါပြသည်။

“ဘယ်ကလာ ရှိရမှာလဲ။ ကျွန်မရဲ့ ယောကျ်ားကသာ အဲဒီလို အချိုးမျိုး လာချိုးရင် မိုးမီးလောင်ပြီသာ မှတ်ပေတော့”

“အဲဒီကောင်ကိုတော့င် ကြိုပြီး သနားသွားမိပြီ။ ထားပါတော့လေ။ ကိုယ်ရဲ့ အိမ်ထောင်ဖက်က ဖောက်ပြန်နေတာကို သိနေပါလျက်နဲ့ ဟန်ဆောင်ပြီး ဘာမှ မဖြစ်သလို ဆက်နေနေနိုင်တာကို ငါတော့ ဘယ်လိုမှ နားလည်ပေးလို့ မရဘူး”

ကုစာနာဂိက နာရီကို ငုံ့ကြည့်လိုက်သည်။ အီကာအိ ယူကီကိုထံသို့ ဖုန်းခေါ်ခဲ့သည်မှာ နာရီဝက်ခန့် ကြာညောင်းခဲ့ချေပြီ။

+

အီကာအိဇနီးမောင်နှံတို့၏ အိမ်သည်လည်း အထက်တန်းစား အိမ်ကောင်းတစ်လုံး ဖြစ်သည်။ မာရှိဘာအိမ်ထက် တစ်ချက်ကလေးမျှ အဆင့်မနိမ့်ပေ။ အရောင်အသွေး စုံလင်တောက်ပသော ကြွေအုတ်ချပ်များနှင့် အလှဆင်ထားသည့် အိမ်ဝင်ပေါက် တံခါးမကြီး၏ နံဘေးတွင် ဧည့်သည်များအတွက် ကားထားရာ ကားဂိုဒေါင်တစ်လုံးလည်း ပြင်ဆင်ပေးထားသည်။ ထို့ကြောင့်ပင် ဥက္ကျူမိအတွက် အခပေး ယာဉ်ရပ်နားကွင်းကို လိုက်ရှာရမည့် ဒုက္ခမှ ကင်းဝေးသွားစေသည်။

အိမ်ထဲတွင် အီကာအိ ယူကီကို တစ်ယောက်တည်းတင် မကဘဲ ခင်ပွန်းဖြစ်သူ တတ်ဆုပဟီကိုလည်း ရှိနေသည်။ ရဲအရာရှိများ လာရောက်မည်ဟု

mgyoe.com

ဇနီးထံမှ ဖုန်းရသောကြောင့် အပြေးအလွှား ပြန်လာခဲ့ခြင်း ဖြစ်သည်ဟု သိခဲ့ရသည်။

"ကုမ္ပဏီဘက်မှာ အဆင်ပြေတယ် မဟုတ်လား"

ကုစာနာဂိက မေးသည်။

"ကုမ္ပဏီမှာက အရည်အချင်း ရှိတဲ့သူ များတော့ ပူစရာ မရှိပါဘူး။ ဒါပေမဲ့ နောက်ပိုင်းကျရင် ဖောက်သည်တွေကို အချိန်ပေးပြီး ရှင်းပြစရာ ရှိတာ ရှင်းပြရဦးမှာပေါ့။ ဒါကြောင့် ကျွန်တော်တို့လဲ အမှုမှန် မြန်မြန် ပေါ်ပေါက်ပါစေလို့ ဆုတောင်းနေကြတာ"

အီကွာအိက ပြောရင်း မှုခင်းရဲနှစ်ဦး၏ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်နေသည်။

"ဘယ်လို ဖြစ်သွားခဲ့တာလဲ ဆိုတာကို ပြောပြပေးလို့ ရမလား"

"မစ္စတာမာရှိဘက သူ့အိမ်ထဲမှာ ကွယ်လွန်သွားခဲ့တယ်"

"အဲဒါ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ဒီကိစ္စက မှုခင်းဌာနက လူတွေကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေခဲ့တာ ဆိုတော့ ကြည့်ရတာ မတော်တဆမှု၊ ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှုတော့ မဟုတ်တန်ရာဘူး"

ကုစာနာဂိက သက်ပြင်းကို တိတ်တဆိတ် မှုတ်ထုတ်လိုက်သည်။ သူနှင့် စကားပြောနေသူမှာ ရှေ့နေတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် သာမန်ကာလျှံကာ ရှင်းပြရုံမျှဖြင့် ထိုသူကို လိမ့်ရန် လွယ်ကူနိုင်လိမ့်မည် မဟုတ်ပေ။ ထို့အပြင် သူသာ ဆန္ဒရှိမည်ဆိုလျှင် တခြားနည်းလမ်းကို အသုံးပြု၍ ဖြစ်စဉ်အသေးစိတ်ကို စုံစမ်းသိရှိနိုင်သည်။

ကုစာနာဂိသည် သတင်းမပေါက်ကြားစေရန် သူ့ထံမှ ကတိတောင်းပြီးနောက်တွင် အာဆန်နစ်အဆိပ်သင့်သည့် ကိစ္စနှင့် ကော်ဖီထဲတွင် အဆိပ်များ ခတ်ခဲ့တွေ့ရှိကြောင်းတို့ကို သူ့အား ပြောပြလိုက်သည်။

သားရေဆိုဖာပေါ်တွင် ထိုင်နေသော အီကာအိ၏ နံဘေးရှိ ယူကီကိုသည် ဖောင်းအိနေသော သူ၏ ပါးနှစ်ဖက်ကို လက်များဖြင့် အုပ်ကိုင်ထားသည်။ ပြူးကျယ်နေသော သူ၏ မျက်ဝန်းတစ်စုံတွင်လည်း သွေးရောင်များ လွှမ်းနေသည်။ ကုစာနာဂိသည် သူ့ကို ယခင်က မမြင်ဖူးခဲ့။ သူ၏ ဖောင်းကားနေသော ကိုယ်ခန္ဓာသည် ကလေးမွေးပြီးခါစ ဖြစ်သောကြောင့်ပေလော။ ကုစာနာဂိက တွေးကြည့်နေမိသည်။

mgyoe.com

mgyoe.com

အီကာအိသည် ကောက်ထားသည်ဟု ယူဆရသော ဆံပင်များကို အနောက်ဘက်သို့ သပ်တင်လိုက်သည်။

"ထင်တော့ ထင်သားပဲ။ တကယ်လို့သာ ဇွဗ ပါးရောဂါနဲ့ သေခဲ့မယ် ဆိုရင် မှုခင်းရဲတွေ အိမ်ရောက်လာပြီး အလောင်းကို ရင်ခွဲရုံ ပို့ရတဲ့ ကိစ္စကို ရှင်းပြဖို့ တော်တော် ခက်သွားလိမ့်မယ်။ နောက်ပြီး အဲဒီကောင်က ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် သတ်သေမယ့်ကောင်မျိုး မဟုတ်ဘူး"

"ခင်ဗျား ဆိုလိုချင်တာက သူများသတ်လို့ သေရတာ ဖြစ်နိုင်တယ်ပေါ့"

"ဘယ်သူ့လက်ချက်လဲ၊ ဘာရည်ရွယ်ချက်နဲ့ သတ်တာလဲ ဆိုတာတော့ ကျွန်တော်လဲ မသိဘူး။ ပိုထူးဆန်းတာက အဆိပ်ခတ် သတ်တာ ဆိုတော့..."

အီကာအိသည် မျက်မှောင်ကြုတ်လျက် ခေါင်းကို ခါယမ်းနေသည်။

"ဒါဆို မစ္စတာမာရှီဘာအပေါ် အငြိုးအတေး ထားနေတဲ့သူများ ရှိမလား"

"တကယ်လို့ခင်ဗျားရဲ့ မေးခွန်းက လုပ်ငန်းကိုင်ငန်းဘက်မှာ တစ်ယောက်ယောက်နဲ့များ ပဋိပက္ခ ဖြစ်ခဲ့ဖူးတာ ရှိသလားလို့ မေးတာ ဆိုရင်တော့ လုံးဝ မရှိခဲ့ပါဘူးလို့တော့ ဖြေဖို့ မဖြစ်နိုင်ဘူး။ စီးပွားရေးလုပ်ငန်း ဆိုတာမျိုးက တစ်ယောက်ကို တစ်ယောက် အနိုင်မခံ အရှုံးမပေး လုပ်ကြရတာလေဗျာ။ ဒီတော့ တစ်ဖက်လူကလဲ သူ့တစ်ယောက်တည်းကိုပဲ ပစ်မှတ်ထားပြီး မုန်းတီးနေတာမျိုးတော့ ဘယ်ဟုတ်ပါ့မလဲ။ နောက်ပြီး တကယ့်တကယ် အရှုပ်အရှင်း ဖြစ်လာကြပြီ ဆိုရင်လဲ ခေါင်းခံပြီး ဖြေရှင်းပေးရတဲ့သူက သူ မဟုတ်ဘူး။ ကျွန်တော်ဗျ"

အီကာအိက သူ့ရင်ဘတ်ကို ပုတ်ပြသည်။

"ဒါဆို လုပ်ငန်းပြင်ပမှာကော... မစ္စတာမာရှီဘာက တခြားလူနဲ့ ပြဿနာ တက်ဖူးတာ ရှိလား"

ကုစာနာဂိ၏ အမေးစကားကို ကြားရသည့်အခါတွင် အီကာအိသည် ဆိုဖာခုံတွင် ကျောမှီချကာ ခြေထောက်တစ်ဖက်ကို ချိတ်တင်လိုက်သည်။

"ဒါတော့ ကျွန်တော်လဲ မပြောတတ်ဘူး။ ကျွန်တော်နဲ့ မာရှီဘာက အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက်တွေ ဆိုပေမယ့် လုပ်ငန်းပြင်ပက ကိစ္စတွေကို အပြန်အလှန် စွက်ဖက်လေ့ မရှိကြဘူး။ ကျွန်တော်တို့ အဲဒီလို ကိုယ့်စည်းနဲ့ ကိုယ် နေခဲ့ကြတာ"

mgyoe.com

"ဒါပေမဲ့ သူက ခင်ဗျားတို့လင်မယားကို မိသားစု ညစာစားပွဲကိုတောင် ဖိတ်ခဲ့သေးတာ မဟုတ်လား"

လူ့သဘောမနောကို နားမလည်ရန်ကော ဟူသည့် သဘောမျိုးဖြင့် ကုစာနာဂါကို တအံ့တသြ ငေးစိုက်ကြည့်ရင်း အီကာအိက ခေါင်းကို ခါယမ်းနေသည်။

"ပုံမှန်နေ့ရက်တွေမှာ ကျွန်တော်တို့က တစ်ယောက်အပေါ် တစ်ယောက် ဘာသိဘာသာ နေခဲ့ကြလို့လဲပဲ အခုလို မကြာမကြာ တွေ့ဆုံပွဲမျိုး လုပ်ပေးရတာပေါ့ဗျာ။ ကျွန်တော်တို့ နှစ်ယောက်လို တစ်နေကုန် တစ်နေခန်း အလုပ်နဲ့ပဲ နပန်းလုံးနေကြတဲ့ လူတွေအတွက် တစ်ခါတလေတော့လဲ အပန်းဖြေဖို့ လိုအပ်သေးတာပဲ မဟုတ်လား"

တစ်နည်းပြောရမည် ဆိုလျှင် ဘော်ဒါကဏ္ဍအတွက် အချိန် များများစားစား မပေးနိုင် ဟူလို။

"ညစာ အတူစားခဲ့ကြတုန်းက ဘာတွေများ ထူးထူးခြားခြား သတိထားမိခဲ့တာ ရှိသလဲ"

"သူ ဒုက္ခရောက်တော့မယ့် အဖြစ်ကို အဲဒီတုန်းက ကြိုတင်ပြီး သတိထားမိခဲ့သလားလို့ ခင်ဗျားက အဲဒီလို မေးချင်တာ ဆိုရင်တော့ ကျွန်တော့်အနေနဲ့ နီး လို့ပဲ အဖြေပေးရလိမ့်မယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ တအား ပျော်ရွှင်ခဲ့ကြတယ်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ပါ"

ပြောပြီး သူ မျက်မှောင်ကြုတ်လိုက်သည်။

"ဒါပေမဲ့ နောက်သုံးရက်အတွင်းမှာပဲ သူ အဲဒီလိုအဖြစ်မျိုးနဲ့ ကြုံလာရမယ်လို့ ကျွန်တော် လုံးဝ ထင်မထားခဲ့ဘူး"

"အဲဒီတုန်းက မစ္စတာမာရှိဘာက လာမယ့် စနေနဲ့ တနင်္ဂနွေမှာ ဘယ်သူတွေနဲ့ တွေ့စရာရှိတယ်လို့ ခင်ဗျားကို ပြောပြခဲ့သေးလား"

"အဲဒါတော့ မကြားမိဘူး"

အီကာအိက သူ့ဇနီးကို လှမ်းကြည့်လိုက်သည်။

"ကျွန်မလဲ မကြားမိဘူး၊ အာယနဲက သူ့အမေ့အိမ်ကို ပြန်မယ် ဆိုတာပဲ သိတယ်"

ကုစာနာဂါက ခေါင်းညိတ်ပြီး ဘောလ်ပင်၏ ဖင်ပိုင်းဖြင့် နားထင်ကို ကုတ်

mgyoe.com

mgyoe.com

လိုက်သည်။ ထိုသူနှစ်ဦးထံမှ အသုံးတည့်မည့် သတင်းအချက်အလက်များကို မည်သို့မျှ ရနိုင်တော့မည် မဟုတ်ဟု တဖြည်းဖြည်း နားလည်လာသည်။

ထိုစဉ် ဥက္ကာမြင့်၏ စကားသံ ထွက်ပေါ်လာသည်။

"မိတ်ဆုံစားပွဲက မကြာမကြာ လုပ်တတ်တာလား"

"နှစ်လ၊ သုံးလကို တစ်ကြိမ်လောက် လုပ်တတ်တယ်"

"အမြဲတမ်း မာရီဘအိမ်မှာပဲ လုပ်တာလား"

"သူတို့ မင်္ဂလာဆောင်ပြီးလို့ သိပ်မကြာသေးခင်မှာပဲ ကျွန်တော်တို့ အိမ်မှာ တစ်ခါ ဧည့်ခံခဲ့ဖူးတယ်။ အဲဒီနောက်ပိုင်းတော့ သူတို့အိမ်မှာချည်းပဲ လုပ်ခဲ့တာ။ ကျွန်တော့်အမျိုးသမီးမှာ ကိုယ်ဝန်ရှိလာလို့ပါ"

"မစ္စစ်မာရီဘာကိုမင်္ဂလာမဆောင်ခင်ကတည်းက ရင်းနှီးနေခဲ့တာလား"

"ဟုတ်တယ်၊ မာရီဘာနဲ့ အာယနဲ့တို့စတွေ့တဲ့ အချိန်တုန်းက ကျွန်တော်လဲ အနားမှာ ရှိနေခဲ့တယ်"

"ရှင် ဆိုလိုချင်တာက..."

"အဲဒီတုန်းက ကျွန်တော်နဲ့ မာရီဘက ပါတီပွဲတစ်ပွဲကို သွားတက်ခဲ့ကြတယ်။ အဲဒီပွဲမှာ အာယနဲလဲ ရှိနေခဲ့တယ်။ အဲဒီနောက်ပိုင်းမှာ သူတို့ နှစ်ယောက် တွဲဖြစ်ခဲ့ကြတာပဲ"

"ဘယ်အချိန်လောက်ကလဲ"

"ကျွန်တော့်အထင် ..."

အီကာအိက ပြန်စဉ်းစားကြည့်ပြီး...

"တစ်နှစ်ခွဲလောက်တော့ ရှိပြီ ထင်တယ်။ အဲဒီလောက်လဲ ကြာချင်မှ ကြာဦးမှာ"

သူ၏ စကားကို ကြားရသည့်အခါတွင် ကုစာနာဂိက ဝင်ထောက် လိုက်သည်။

"သူတို့က လွန်ခဲ့တဲ့ တစ်နှစ်လောက်က မင်္ဂလာဆောင်တာ မဟုတ်ဘူးလား၊ အတော်မြန်တာပဲ"

"ဟုတ်တယ်"

"မစ္စတာမာရီဘက ကလေးလိုချင်နေတာ တစ်ပိုင်းသေလို့"

ယူကီကိုက ဝင်ပြောလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"သင့်လျော်မယ့်သူကို ရှာနေတာနဲ့တင် အချိန်တွေ မနည်း ကုန်သွားခဲ့တာ။ ဒါကြောင့် သူက အဲဒီကိစ္စမှာ သိပ်ပြီး စိတ်ရှည်တာ မဟုတ်ဘူး"

"နင်က မဆိုင်တာတွေ လျှောက်ပြောပြန်ပြီ"

အီကာအိသည် သူ့ဇနီးကို အပြစ်တင်လိုက်ပြီး မှုခင်းရဲနှစ်ယောက်ကို လှမ်းကြည့်လိုက်သည်။

"သူတို့ လင်မယားနှစ်ယောက် ဘယ်လို ဆုံစည်းကြသလဲ ဆိုတာနဲ့ သူတို့ရဲ့ အိမ်ထောင်ရေး အခြေအနေက အခုအမှုနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

"အဲဒီလို သဘောမျိုး မဟုတ်ပါဘူး"

ကုစာနာဂိက လက်ခါပြသည်။

"အခုလောလောဆယ် အချိန်ထိ ဘာသဲလွန်စမှ လက်ဆုပ်လက်ကိုင် ရှာမတွေ့သေးတော့ သူတို့ရဲ့ အိမ်ထောင်ရေးအခြေအနေကို မဟုတ်သော်ရှိ ဟုတ်သော်ရှိ နားလည်နိုင်ဖို့ ကြိုးစားကြည့်တဲ့ သဘောလောက်ပါပဲ"

"လုပ်ကြံခံရသူနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ခင်ဗျားတို့ စုံစမ်းထောက်လှမ်းချင်တဲ့ စိတ်ဆန္ဒကို ကျွန်တော် နားလည်ပေးလို့ ရနိုင်ပါတယ်။ ဒါပေမဲ့ အတိုင်းအတာတစ်ခုကို လွန်သွားရင်တော့ ပြဿနာ ရှိလာနိုင်တယ်"

အီကာအိသည် ရှေ့နေတစ်ယောက်၏ မျက်နှာထားမျိုးဖြင့် ခြိမ်းခြောက်နေသည့်နှယ် သူတို့ကို စိုက်ကြည့်နေသည်။

ကုစာနာဂိက တောင်းပန်သည့်အနေဖြင့် မျက်နှာကို အောက်ချလျက်... "အဲဒီအချက်ကို ကျွန်တော်တို့ နားလည်ပါတယ်" ဟု ပြောလိုက်သည်။

ထို့နောက် အီကာအိ၏ အကြည့်ကို ပြန်လည် ရင်ဆိုင်လိုက်ပြီး...

"ဆောရီးပါဗျာ၊ ကျွန်တော်တို့ ခင်ဗျားကို မေးစရာ ကျန်နေသေးတယ်။ အလုပ်သဘောအရ မေးရတာ ဆိုတော့ စိတ်မရှိပါနဲ့။ ပြီးခဲ့တဲ့ စနေနဲ့ တနင်္ဂနွေ နှစ်ရက်စလုံးကို ခင်ဗျားတို့ ဘယ်လို ဖြတ်သန်းခဲ့သလဲ ဆိုတာ ကျွန်တော်တို့ကို ပြောပြပေးနိုင်မလား"

အီကာအိသည် ခေါင်းကို အသာအယာ ညိတ်၍ နှုတ်ခမ်းကို မဲ့လိုက်လေသည်။

mgyoe.com